# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၅၉)


## SME ချေးငွေ

ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေနှင့် SME ချေးငွေအဖြစ် JICA ချေးငွေရယူ၍ ဆောင်ရွက်လျက်ရှိရာ ၃ နှစ်အတွင်း ကျပ်ဘီလီယံ (၆၀) ကျော် ထုတ်ချေးပေးခဲ့ပါသည်။ ဆက်လက်ပြီး ကျပ်ဘီလီယံ (၂၀၀) ခန့်ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ထုတ်ချေးရန် စီစဉ်ဆောင်ရွက်ထားပါသည်။ JICA ချေးငွေအပြင် နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်မှလည်း SME ချေးငွေအဖြစ် ကျပ်ဘီလီယံ (၂၅၀) ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပြည်သူ့ဆန္ဒအမှန်ဖြစ်ရေးဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၂၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်မှုနှင့် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်း ဖြစ်စေရေးဆိုသည့် စံ(၅) ချက်အပေါ် အခြေခံဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**


*စာမျက်နှာ ၃ ကော်လံ ၁* ✤





# တနင်္သာရီမြစ်ကိုဖြတ်၍ တနင်္သာရီတံတားသစ် တည်ဆောက်လျက်ရှိ



**တနင်္သာရီ စက်တင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီ - ဘုတ်ပြင်း- ကော့သောင်းသွားသည့် ပြည်ထောင်စုလမ်းကြီးတစ်လျှောက်ရှိ အရေးပါသောတံတားများအနက် တစ်စင်းဖြစ်သည့် မိုင်တိုင် အမှတ်(၄၉/၄ နှင့် ၄၉/၆)အကြားရှိ တနင်္သာရီမြို့အဝင် တနင်္သာရီမြစ်ကိုဖြတ်၍ တနင်္သာရီတံတားကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ စက်တင်ဘာ ၂၄ ရက်ထိ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၏ ၄၁ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း တံတားစီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

ယင်းတနင်္သာရီတံတား၏ အရှည်မှာ ၁၄၄၃ ဒသမ ၆၄ ပေ၊ ယာဉ်သွားလမ်း အကျယ်မှာ ၂၇ ဒသမ ၈၉ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် ၃ ဒသမ ၂၈ ပေ၊ ရေလမ်းကင်းလွတ်


*စာမျက်နှာ ၃ ကော်လံ ၅* ❍


**မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ပကတိအတိုင်း လေ့လာသုံးသပ်ခြင်း**


စာ » ၈၊ ၉၊ ၁၀


**ဖူဂျီကုမ္ပဏီက iPS ဆဲလ်သုံးပြီး ရောဂါသစ်များ ကာကွယ်ရန် စမ်းသပ်မှုပြုလုပ်သွားမည်ဟုဆို**


စာ » ၁၄



KBZ BANK
STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# မရိုးသားသော မာယာတို့၏ အပျက်သဘော

ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးသူတို့သည် ကမ္ဘာ့တခြားသော လူသားများကဲ့သို့ ရပ်တည်အခြေပြုရာ နေရာတစ်နေရာသာ လိုလားခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ အဆိုပါသံအမတ်ကြီး၏ စကားအဓိပ္ပာယ်သည် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့က ဤမျှရိုးစင်းသော လူ့အခြေခံအခွင့်အရေးကိုပင် မပေးလိုဟု သက်ရောက်နေပါသည်။ နိုင်ငံတော်အစိုးရက နေရပ်စွန့်ခွာသွားကြသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် စာချုပ် ချုပ်ဆိုထားပြီးဖြစ်ရာ အပြောပိုသော ဤသံအမတ်ကြီး၏ စကားတို့က မရိုးသားသော မာယာတို့ကို လှစ်ဟဖော်ပြနေပါသည်။

အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာသုံးစွဲ၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လှုံ့ဆော်စည်းရုံးနေသည့် အမည်ဆန်းတပ် တိုင်းရင်းသားအခွင့်အရေး တောင်းဆိုမှုတို့က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတို့၏ တောင်းဆိုမှုသည် အခြေချရပ်တည်ရန် နေရာဒေသ တောင်းဆိုခြင်း သက်သက်မဟုတ်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာအားဖွဲ့ထုတ်ယူရန် ကြိုးပမ်းနေသည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေအများဆုံးသော နိုင်ငံများ၏ အိမ်နီးချင်းနိုင်ငံအဖြစ် ရပ်တည်နေရသည့် မြန်မာနိုင်ငံ၏ တရားမျှတသော စိုးရိမ်ပူပန်မှုကို လျစ်လျူရှုခြင်းသည်ပင် မရိုးသားသော မာယာတို့၏သဘောကို ဖော်ပြနေပါသည်။

နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် မြန်မာနိုင်ငံအား အစဉ်အလာ လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်လျက် အရေးယူရန် ကြိုးပမ်းမှုသည်လည်း မရိုးသားသော မာယာတို့၏သဘောကို ညွှန်းဆိုနေပါသည်။ အမေရိကန်နိုင်ငံကဲ့သို့သော ကမ္ဘာ့နိုင်ငံကြီးသည်ပင် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ အခန်းကဏ္ဍကို လက်မခံ အသိအမှတ်မပြုကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုထားပြီး ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်မခံ၊ အသိအမှတ်မပြုသော စံချိန်စံညွှန်းတို့ကို အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် မြန်မာနိုင်ငံအပေါ် အတင်းအဓမ္မကျင့်သုံးရန် ကြိုးပမ်းမှုသည်လည်း အထက်၌ တင်ပြထားသကဲ့သို့ မရိုးသားသော မာယာတို့ကို ကျင့်သုံးခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကို တိုင်းပြည်၏ ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်လက်ခံ၍ နိုင်ငံသား ဖြစ်သင့် ဖြစ်ထိုက်သူများအား နိုင်ငံသားအခွင့်အရေးပေးရန် အခိုင်အမာ ကတိပြုဆောင်ရွက်ပြီး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မတူကွဲပြားသော လူ့အသိုက်အဝန်းနှစ်ရပ်၏ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးနှင့် တည်ငြိမ်ဖွံ့ဖြိုးရေး ဖော်ဆောင်ပေးရန်ကိုလည်း သန္နိဋ္ဌာန်ချ ဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့သော အခြေအနေ၌ ရခိုင်ပြည်နယ်အတွင်းရှိ လူသားအားလုံး၏ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ရမည့်အစား အနှောင့်အသွားမလွတ်သော စကားတို့ကို ဆိုခြင်းသည် မြန်မာနိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားတို့အပေါ် မရိုးသားသော မာယာတို့ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

" အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ "
INTERNATIONAL DAY OF OLDER PERSONS
ဂုဏ်ပြုအခမ်းအနား
" သက်ကြီးအခွင့်အရေးဖော်ဆောင်ဖို့ ကြိုးပမ်းသူကိုဂုဏ်ပြုစို့ "
" Celebrating Older Human Rights Champions "
နေပြည်တော်                ၂၈.၉.၂၀၁၈

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် (သတ္တုရေးရာ) ဦးမင်းမင်းဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် (လယ်/ဆည်) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးလှဌေး | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး |
| (ခ) | ဦးခင်သက် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမိုမိုရီ ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) မှ ထာဝစဉ်မမေ့ မွန်မှုဓလေ့ ဖျော်ဖြေပွဲတင်ဆက်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က ကြီးမှူးကျင်းပမည့် ထာဝစဉ်မမေ့ မွန်မှုဓလေ့ ဖျော်ဖြေတင်ဆက်မှုကို စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုတွင် မွန်ရိုးရာလက်ထပ်မင်္ဂလာပွဲအခမ်းအနား၊ ရိုးရာမိတ်ဆွေဖွဲ့ခြင်း၊ မွန်ဇာတ်သဘင်များ စုပေါင်းဖျော်ဖြေ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မွန်ရိုးရာအစားအစာဆိုင်များ၊ ရိုးရာဝတ်စုံအရောင်းဆိုင်များ ပါဝင်မည်ဖြစ်ပြီး မွန်တိုင်းရင်းသားများနှင့် ပြည်သူများ လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**အေကေလင်း**

## ပဲခူးမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခု ရင်းနှီးမြှုပ်နှံရန် လာရောက်ကမ်းလှမ်း

**ပဲခူး စက်တင်ဘာ ၂၅**



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ် ညွှန့်ခန်းမသို့ စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခု ရင်းနှီးမြှုပ်နှံရန် Zillionier Trading Co., Ltd ၏ မိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်သည့် တရုတ်နိုင်ငံအခြေစိုက်၊ မြန်မာကျဲ့ကျန်း ကုန်သည်ကြီးများအသင်း၊ ဥက္ကဋ္ဌ Mr. Tu. Guoding ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ Mr. Tu. Guoding က ပဲခူးဒေသအား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ တရုတ်နိုင်ငံမှ စက်မှုလုပ်ငန်းရှင်များ ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခု ရင်းနှီးမြှုပ်နှံနိုင်ရန် လာရောက်ကမ်းလှမ်းရခြင်းဖြစ်ပါကြောင်း၊ မိမိတို့လုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခဲ့ပါက ဒေသခံပြည်သူ တစ်သိန်းမှ ခြောက်သိန်းအထိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စားသောက်ကုန်လုပ်ငန်း၊ ဆေးဝါးထုတ်ကုန်၊ လူသုံးကုန်၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်ကုန်၊ အထည်ချုပ် စသည့်စက်ရုံများ တည်ထောင်သွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွက် စီးပွားရေး၊ လူမှုရေးများ ထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုလျက်ရှိကြောင်း၊ ပဲခူးဒေသသည် ကုန်းလမ်းကြောင်းအရ လမ်းဆုံမြို့ဖြစ်၍ ပြည်တွင်းကုန်စည်ဖြန့်ဖြူးမှုကို လွယ်ကူစေနိုင်ကြောင်း၊ အဓိကအားဖြင့် မိတ်ဆွေတို့၏ စက်မှုဇုန်ဖော်ထုတ်မည့်လုပ်ငန်းအား မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ရန်သာလိုအပ်ပြီး မိမိတို့အစိုးရမှ လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာများ၊ Zillioner Trading Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာဝင်း၊ မြန်မာကျဲ့ကျန်း ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌ Mr. Tu. Guoding နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ဟိန်းထက် (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်း လေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရန် ပဏာမစမ်းသပ်

**မကွေး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီးအတွင်း ပထမဦးဆုံးဖြစ်သည့် လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးအစိုးရ၊ Infra Co Asia နှင့် မြန်မာနိုင်ငံအတွင်း ၎င်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် အဖွဲ့ဖြစ်သော Infra Capital Myanmar တို့ ပူးပေါင်း၍ နည်းပညာပိုင်းနှင့် စီးပွားရေးပိုင်းဆိုင်ရာ ဖြစ်မြောက်နိုင်ချေ ရှိ၊ မရှိ လေ့လာဆန်းစစ်ချက်များဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ပြီးခဲ့သည့်နှစ်အတွင်းက လက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်သည်။

အဆိုပါ စာချွန်လွှာအရ ယခုအခါ မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် ချောက်မြို့နယ်တို့တွင် လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်မည်ဖြစ်ပြီး လေတိုက်နှုန်းတိုင်းတာသည့်တိုင်များကို မင်းတုန်းမြို့နယ်တွင် စတင်ထူထောင် စမ်းသပ်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်ထံမှ သိရသည်။

လေအားလျှပ်စစ်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (ESIA) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)၊ နည်းဥပဒေ (၂၀၁၄)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) တို့အရ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လွတ်လပ်သော တတိယအဖွဲ့အစည်းဖြစ်သည့် Enviromental Resources Management နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေအားလျှပ်စစ်စီမံကိန်းအတွက် စစ်တမ်းများ ကောက်ယူ၍ လုံလောက်သောအချက်အလက်များ ရရှိလျှင် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီးနောက် ရရှိလာသည့် ရလဒ်များအရ လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy) စီမံကိန်းများဆောင်ရွက်ရန် နည်းပညာပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ဖြစ်မြောက်နိုင်ချေရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနိုင်မှု ရှိ၊ မရှိ စသည့်အချက်များအပေါ်မူတည်၍ အနာဂတ်လေအားလျှပ်စစ်စီမံကိန်းအတွက် ဆုံးဖြတ်ချက်များလည်း ချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရွှေ့ပြောင်းအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးရေးအဖွဲ့များနှင့်တွေ့ဆုံ ရနောင်းမြို့တွင် ကျင်းပသည့် ကြိုဆိုလက်ခံရေးနှင့် ပေါင်းစည်းရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး၏ ဖိတ်ကြားချက်အရ ဗန်ကောက်မြို့သို့ ရောက်ရှိပြီး ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးနေသောအဖွဲ့များနှင့် စက်တင်ဘာ ၂၂ ရက်က Emerald Hotel Panorama အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။**

တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် မိသားစုဝင်များအား တက်အားသရွေ့ ကူညီစောင့်ရှောက်ပေးနေမှုအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ နည်းမှန်လမ်းမှန် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံရှိ သံအရာရှိ ငါးဦးဖြင့် လိုအပ်သလို ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ ယခင်က မြန်မာအလုပ်သမားအများစုသည် နယ်စပ်ဖြတ်ကျော်ပြီး တရားမဝင် ဝင်ရောက်လုပ်ကိုင်ခဲ့ရ၍ လူကုန်ကူးခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် အဓမ္မခိုင်းစေခြင်းများ ခံခဲ့ရကြောင်း၊ ယခုအချိန်တွင် MoU စနစ်ဖြင့် တရားဝင် စေလွှတ်ခဲ့မှုကြောင့် အလုပ်သမားအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ ပိုမိုခံစားနေရကြောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး၏ ဦးဆောင်မှုဖြင့် မိမိသံအရာရှိများ၊ ဥပဒေအကြံပေးများထားရှိပြီး မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် မိမိလုပ်သားများအတွက် အခြေအနေကောင်းတစ်ရပ်ဖြစ်လာကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာရေလုပ်သားများအား အထောက်အထား ထုတ်ပေးနိုင်ရေးနှင့် တရားဝင်လုပ်ကိုင်စေရေး၊ ဥပဒေပါအခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိစေရေး၊ One Stop Service ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွင့်လှစ်သည့် ကြိုဆိုလက်ခံရေးနှင့် ပေါင်းစည်းရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားအများဆုံး လာရောက်လုပ်ကိုင်နေသဖြင့် အလုပ်သမားရေးရာကိစ္စနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရေလုပ်သားများ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိပြီး ဥပဒေပါအခွင့်အရေးများ အပြည့်အဝရရှိစေရန် မြန်မာနိုင်ငံဘက်မှ MoU စနစ်ဖြင့် ထိုင်းနိုင်ငံသို့ ရေလုပ်သားများ စေလွှတ်နိုင်ရေး ကော့သောင်းမြို့တွင် ရွှေ့ပြောင်းအလုပ်သမားရုံး ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေလုပ်သားများအတွက် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ပမထွက်ခွာမီ လုပ်ငန်းခွင်အကြိုသင်တန်းပေးခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ MoU လုပ်ငန်းစဉ် ပိုမိုအောင်မြင်စေရေး၊ ပွဲစားများ မမှန်မကန် ဆောင်ရွက်နေသည့် နှစ်နိုင်ငံအေဂျင်စီများ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်နေသည့် အလုပ်ရှင်များကို ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေလုပ်သားများ အန္တရာယ်ကြုံတွေ့ရပါက ၂၄ နာရီ ဝန်ဆောင်မှုပေးနိုင်သည့် ကူညီထောက်ပံ့ရေးဌာနများကို ထိုင်းနိုင်ငံအတွင်းရှိ ခရိုင် ၂၂ ခုမှ လှေဆိပ်များတွင် ဖွင့်လှစ်ထားရန်လိုကြောင်း၊ မြန်မာဘာသာစကား တတ်ကျွမ်းသည့်ဝန်ထမ်းများကို ခန့်ထားပေးရန်နှင့် ရေလုပ်သားများကို အခြားလုပ်သားများနည်းတူ တန်းတူအခွင့်အရေးပေးရန်လိုပြီး စာရွက်စာတမ်းအထောက်အထားများ ကိုင်ဆောင်ခွင့်၊ အာမခံထားရှိခွင့်၊ ဆေးကုသခွင့်၊ ခွင့်ခံစားခွင့်၊ ခရီးသွားလာခွင့် ရရှိစေရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေးကိစ္စနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပိုမိုပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်းနှင့် One Stop Service Center ဖွင့်ပွဲအခမ်းအနားကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန သတင်းရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဘက်မှ အလုပ်သမားဝန်ကြီး၊ ရနောင်းမြို့တော်ဝန်၊ ထိုင်းနိုင်ငံ ရေလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။




ရနောင်းမြို့တွင်ကျင်းပသည့် ကြိုဆိုလက်ခံရေးနှင့် ပေါင်းစည်းရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**သတင်းစဉ်**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရှင်းလင်းပွဲ ဘားအံမြို့တွင် ပြုလုပ်

**ဘားအံ စက်တင်ဘာ ၂၅**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးသုံးစွဲသူများအတွက် ဆေးစွဲရောဂါ၏ နောက်ဆက်တွဲရောဂါများ လျော့ချနိုင်ရေးနှင့် လူမှုဘဝမြှင့်တင်ရေး စသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်သွားနိုင်ရန် ကရင်ပြည်နယ်အဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ်အဖြစ် မူဝါဒရေးဆွဲထုတ်ပြန်ပြီးနောက် မူးယစ်ဆေးဗဟိုအဖွဲ့အနေဖြင့် မဟာဗျူဟာစီမံချက် ရေးဆွဲရေးကိုလည်း ဆက်လက် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုမဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစီမံချက်ကာလ နှစ်နှစ်သတ်မှတ်ရေးဆွဲပြီး ၂၀၁၉ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့်ပတ်သက်၍ အသေးစိတ်အချက်များကို မူးယစ်ဗဟိုမှ ရဲမှူးကြီးဇော်လင်းထွန်း၊ မယ်ဇာလုံဖောင်ဒေးရှင်းမှ ဦးခမ်းအောင်၊ UNODC မှ ဒေါက်တာ ယုယုအောင်၊ ဒေါက်တာဝင်းမာနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဒေါက်တာမောင်မောင်လွင်တို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❍ *ရှေ့စာမျက်နှာမှ*

အကျယ် ၁၆၄ ပေ၊ ရေလမ်းကင်းလွတ် အမြင့်မှာ ၁၉ ဒသမ ၆၉ ပေ၊ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ်က ဘိုးပိုင်အုတ်မြစ်၊ ကိုယ်ထည်မှာ RC ကွန်ကရစ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ရေး စီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သန်း ၁၁၅၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းအောင်က စီမံကိန်းတာဝန်ခံအဖြစ် တာဝန်ယူဆောက်လုပ်လျက်ရှိရာ ယခုလက်ရှိ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ်သန်း ၃၇၀၀ ဖြင့် တံတားစီမံကိန်း၏ ၄၁ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ယင်းတံတားစီမံကိန်း အချောသတ်ပြီးစီးနိုင်ရေးနှင့် လိုအပ်သည့် ရန်ပုံငွေများရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တံတားစီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

ယင်းတနင်္သာရီတံတားသစ် တည်ဆောက်ရခြင်းမှာ လွန်ခဲ့သည့် ၁၉၉၉ ခုနှစ် ဇွန်လကတည်းက ဆောက်လုပ်ခဲ့သော သံကူကွန်ကရစ်လွန်တူးပိုင်နှင့် ရေတွင်းခွေအုတ်မြစ်ဖြင့် ဘေလီသံကူကွန်ကရစ်အမျိုးအစား တနင်္သာရီတံတားဟောင်းမှာ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ကုန်နှင့် ကားတန်ချိန် ၂၇ တန်ကို ခွင့်ပြုခဲ့သော်လည်း ယခုအခါတွင် နှစ်ကြာလာသည်နှင့်အမျှ သဘာဝရာသီဥတုဒဏ်၊ နေ့စဉ် ဖြတ်သန်းသွားလာနေကြသော ကုန်တင်ယာဉ်များဒဏ်ကြောင့် လက်ရှိအချိန်တွင် လမ်းဦးစီးဌာနမှ ကုန်နှင့် ယာဉ်ပေါင်း ၁၈ တန်ကိုသာ သွားလာခွင့်ပြုခဲ့ပြီး ၁၈ တန်ထက် တန်ပိုတင်ဆောင်လာသော ကုန်တင်ယာဉ်များအား တန်ပိုစစ်ဆေးရေးဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းများကို ခွင့်ပြုတန်ချိန်ဖြင့်သာ ယင်းတံတားပေါ်မှ ဖြတ်သန်းသွားလာရမည်ဖြစ်သဖြင့် ကုန်ပစ္စည်းများကို တင်လိုက်၊ ချလိုက်ပြုလုပ်နေရပြီး ကဲ့ကားနှင့် အကြိမ်ကြိမ်သယ်ယူကဲ့နေရသဖြင့် ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများနှောင့်နှေးမှု ကြုံတွေ့နေရသောကြောင့် တံတားဟောင်းမပျက်စီးမီ ကြိုတင်၍ ယင်းတနင်္သာရီတံတားသစ်အား ထပ်မံဆောက်လုပ်ပေးခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် အဆိုပါ တံတားသစ်အား ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်းကိုလည်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

✤ *ရှေ့စာမျက်နှာမှ*

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက စံ(၅)ချက်နှင့်ညီသည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက် ရွေးကောက်ပွဲကော်မရှင် တစ်ခုတည်းသာမက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ကိုယ်စီကိုယ်စီ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများသည် ကော်မရှင်တစ်ခုတည်း ဆောင်ရွက်ရသည် မဟုတ်ဘဲ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် မဲဆန္ဒရှင် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါတွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များအနေဖြင့် စေတနာ့ဝန်ထမ်းများဖြစ်သည့်အတွက် တိုင်းပြည်၏ အမျိုးသားရေးတာဝန်များအား တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ပေးခြင်းကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည့်နေရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အဖွဲ့ဝင်အသစ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြားချက်များနှင့်အညီ အဂတိကင်းကင်း၊ ဘက်လိုက်မှုကင်းကင်းနှင့် ပြည်သူ့ဆန္ဒအမှန်ဖြစ်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့အတူ ကြိုတင်မဲပေးခြင်း၊ မဲရုံများ၌ မဲပေးခြင်းလုပ်ငန်းစဉ်များ ကြီးကြပ်ဆောင်ရွက်သည့် ကိစ္စများနှင့်ရလဒ်များ ရေတွက်ခြင်း၊ ကပ်ထားကြေညာခြင်း လုပ်ငန်းစဉ်များတွင်လည်း ပွင့်လင်းမြင်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲရှိသည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲမရှိသည့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့်လည်း နောင်ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှာကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲရှိသည့် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် မရှိသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် လိုအပ်ချက်များကို ကူညီဆောင်ရွက်ကြရန်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များအား သိရှိနားလည် သဘောပေါက်ရန်အတွက် ကြိုတင်လေ့လာပြင်ဆင်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၇)ကြိမ်မြောက် ရဲချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။**

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ရှေ့တန်းကစားသမားဆု၊ အလယ်တန်းကစားသမားဆု၊ နောက်တန်းကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးဘောလုံးအားကစားသမားဆု၊ အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုတို့အား တာဝန်ရှိသူအသီးသီးက တစ်ဦးချင်းအထိမ်းအမှတ်ဆုများနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ပြီး ပူးတွဲတတိယဆုရရှိသည့် အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းတို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း ဆုများချီးမြှင့် ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်းအား ဒိုင်းဆု(**ယာပုံ**)၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ၌ ပါဝင်ကူညီပေးခဲ့ကြသော ဒိုင်လူကြီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

၂၀၁၈ ခုနှစ် (၄၇)ကြိမ်မြောက် ရဲချုပ်ဒိုင်းဘောလုံးပြိုင်ပွဲအား စက်တင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့များ၊ သီးခြားတပ်ဖွဲ့များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ကနေဒါနိုင်ငံမှ လှူဒါန်းသော ကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၂၅

**ကနေဒါနိုင်ငံ 100 Schools Project မှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက အမရပူရမြို့နယ် ဈေးချိုရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာဒေါ်ယုယုမေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင် Mr. John နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။**




### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်မြင့်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(စီမံ) ဦးညွန့်မောင်နှင့် ကျောင်းဆောင်အလှူရှင် Mr. John တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောက်လုပ်လှူဒါန်းမှုအတွက် မုဒိတာစကားပြောကြားပြီး အလှူရှင် Mr. John က ကျောင်းဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမရပူရမြို့နယ် ပညာရေးမှူး ဒေါက်တာသန္တာဆွေထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ကြီးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### ကျောင်းဝတ်စုံများ ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမရပူရမြို့နယ်ရှိ အ.ထ.က(၁)၊ အ.ထ.က(၂)၊ ပ.လ.စ(၂)၊ ဈေးချို(အ.မ.က)ကျောင်းနှင့် အိုးတော် မူလွန်ကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် အာဟာရမုန့်များ၊ ကျောင်းဝတ်စုံများအား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံသို့ ပေးအပ်လှူဒါန်းသည်။

အလှူရှင် Mr. John က "ကျွန်တော်က ကနေဒါနိုင်ငံသားပါ။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ပါတယ်၊ မြန်မာနိုင်ငံကို ၁၉၉၆ ခုနှစ်ကစပြီး နှစ်စဉ်လာရောက် လှူဒါန်းဖြစ်ခဲ့ပါတယ်။ ကျောင်းဆောင်တွေကိုတော့ 100 Schools Project အစီအစဉ်နဲ့ ၂၀၀၅ ခုနှစ်ကစပြီး တာဝန်ယူ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တွေမှာ စာသင်ကျောင်းတွေ၊ ရေလောင်း အိမ်သာတွေ၊ စာသင်ခုံတွေ၊ ဆရာ ဆရာမတွေ နေထိုင်တဲ့ ဝန်ထမ်းအဆောင်တွေ၊ ရေတွင်းရေကန်တွေ၊ ကျန်းမာရေးဆေးပေးခန်းတွေ၊ ကွန်ပျူတာတွေနဲ့ စာကြည့်တိုက်တွေကို လှူဒါန်းခဲ့ပါတယ်။ အခုက ဈေးချိုရပ်ကွက်အတွင်းမှာရှိတဲ့ အခြေခံပညာမူလတန်းကျောင်းက ယိုယွင်းပျက်စီးနေတဲ့ ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး အာရ်စီတစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းဖို့ ပညာရေးဝန်ကြီးဌာန တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ထံမှာ ကမ်းလှမ်းခဲ့ပါတယ်။ ခွင့်ပြုချက်ရရှိပြီး နောက်မှာ ကျွန်တော်တို့ 100 Schools Project က စာသင်ကျောင်းဆောင်နဲ့ ဆရာ၊ ဆရာမသုံး ရေလောင်းအိမ်သာ နှစ်လုံးကို ဆောက်လုပ်လှူဒါန်းခဲ့တာပါ" ဟု ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒုတိယအကြိမ် တရုတ်-အာဆီယံ ကျန်းမာရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးညီလာခံကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဒုတိယအကြိမ် တရုတ်- အာဆီယံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသည်။

အဆိုပါ ညီလာခံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းဌေး၊ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်း၊ ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာ ခင်ခင်ထွေး၊ ညွှန်ကြားရေးမှူး (သွားနှင့်ခံတွင်းကျန်းမာရေး) ဒေါက်တာခင်မောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(တီဘီ) ဒေါက်တာ ချိုချိုစန်း၊ ရန်ကုန် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနကထိက ဒေါက်တာ သိန်းထွန်းဦးတို့ တက်ရောက်ကြသည်။

### ပူးပေါင်းဆောင်ရွက်ခဲ့

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့သည့် ခုနှစ်မှစတင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ကျန်းမာရေးနှင့် အာဟာရစီမံချက်များကို ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးမြှင့်တင်ရေး၊ ကျန်းမာသော လူမှုဘဝပုံစံတိုးမြှင့်ရေး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ကွပ်ကဲရေး၊ ရောဂါကာကွယ်တားဆီးရေး၊ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအစရှိသည့် ကဏ္ဍများတွင် စီမံချက်များအလိုက် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

### နယ်စပ်ချင်းဆက်စပ်လျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် (SDG) ကို ၂၀၃၀ ပြည့်နှစ် အမီရရှိရေးအတွက် မိမိတို့ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး လွှမ်းခြုံသော လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု (UHC) ရရှိနိုင်ရန် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တွင် ရောဂါကာကွယ်တားဆီးရေးကဏ္ဍ၊ တိုင်းရင်းဆေးကဏ္ဍ၊ ဆေးရုံစီမံခန့်ခွဲမှုကဏ္ဍနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍအစရှိသော ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ချင်း ဆက်စပ်လျက်ရှိသည့် အားလျော်စွာ MERS COV ကူးစက်ရောဂါ၊ Ebola ကူးစက်ရောဂါ၊ SARS ရောဂါအစရှိသည့် ကမ္ဘာ့လုံးဆိုင်ရာ ကပ်ရောဂါများ ထိန်းချုပ်ရေးတွင် အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မကူးစက်တတ်သောရောဂါများ ထိန်းချုပ်ရေးစီမံချက် ၁၁ ခုကိုလည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်တွင် သီးခြားဌာန တစ်ခုသတ်မှတ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။



တိုင်းရင်းဆေးကဏ္ဍ အနေဖြင့် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တိုင်းရင်းဆေးဝါးများကို ခေတ်ကာလ အဆက်ဆက် အသုံးပြုခဲ့ကြပြီး ပို၍ပို၍ ယုံကြည်အားကိုးကာ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ခေတ် အချိန်အခါတွင် တိုင်းရင်းဆေးဝါးများကို အသုံးပြုမှု ပိုမိုများပြားလာကြောင်း၊ နိုင်ငံတော်အစိုးရ အဆက်ဆက်မှာလည်း တိုင်းရင်းဆေးပညာကို အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် ဘေးဥပဒ် အန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးနှင့် အာနိသင်ပြည့်ဝမှုသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ပေါက်ရောက်သော မြန်မာ့ဆေးဖက်ဝင်အပင်များ၏ စံချိန်စံညွှန်းကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် မြန်မာပရဆေးပင်ကျမ်းစာအုပ်အား အတွဲ(၂)အထိ ထုတ်ဝေပြီးဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးများကို အသုံးပြုမှု တဖြည်းဖြည်းကျယ်ပြန့်လာသည်နှင့်အမျှ တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် အသုံးပြုသော ဆေးဖက်ဝင်အပင်များအား မျိုးသုဉ်းပျောက်ကွယ်မသွားစေရန်နှင့် ရေရှည်သုံးစွဲနိုင်ရန် ရည်ရွယ်၍ တရုတ်နှင့် အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာ ပညာရှင်များအနေဖြင့် ချိတ်ဆက်၍ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး မိမိတို့၏ သုတေသနတွေ့ရှိချက်များနှင့် အတွေ့အကြုံများအား ဖလှယ်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆွေးနွေး

အစည်းအဝေးအပြီး စက်တင်ဘာ ၂၁ ရက် ညနေတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Naning Medical University, School of Dentistry၊ တရုတ် တိုင်းရင်းဆေးတက္ကသိုလ် (University of Traditional Chinese Medicine)၊ ကွမ်းရှီ ပရဆေးဥယျာဉ် (Guan-gxi Botanical Garden) သို့ သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယမြောက်နေ့တွင် တရုတ်-အာဆီယံ ရောဂါကာကွယ်နှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ပဥ္စမအကြိမ်မြောက် တရုတ်-အာဆီယံ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဖိုရမ်၊ ၂၀၁၈ တရုတ်- အာဆီယံ ဆေးရုံစီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ ၂၀၁၈ တရုတ်- အာဆီယံ ကျန်းမာရေးဆိုင်ရာ လူငယ်ဖိုရမ်တို့ကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် သက်ဆိုင်ရာဖိုရမ်များတွင် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သုတရတနာသိုက်(စွယ်စုံကျမ်း-၁၀ တွဲ)နှင့် ပညာပဒေသာစာစောင်ပါ စာပေဆောင်းပါးများ စာအုပ်ထုတ်ဝေခြင်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

ကလေးသူငယ်များအတွက် သုတရတနာသိုက် (စွယ်စုံကျမ်း-၁၀ တွဲ)နှင့် ပညာပဒေသာစာစောင်ပါ စာပေဆောင်းပါးများ စာအုပ်ထုတ်ဝေခြင်း မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနား၌ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က တက္ကသိုလ်ဘာသာပြန်ဌာနကို စတင်တည်ထောင်ခဲ့သော ဆရာကြီးမင်းသုဝဏ်၏ အဘိဓာန်လုပ်ငန်းတွင် စတင်လုပ်ဆောင်ဖြစ်ခဲ့ပုံနှင့်ပတ်သက်၍ “စစ်အတွင်းမှာ ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ ထင်ပါတယ်။ အစိုးရကနေ တာဝန်ပေးလို့ ပညာတံခွန်အသင်းဆိုပြီးတော့ ဆရာကြီး ဒေါက်တာဘဟန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ကွမ်းခြံကုန်းမှာ ပညာတံခွန်အသင်းဆိုတာ ဖွဲ့ပါတယ်။ အဲဒီအောက်မှာ ပညာစွယ်စုံဌာနနဲ့ အဘိဓာန်ဌာနဆိုပြီးတော့ နှစ်ခုထားခဲ့ပါတယ်။ အဘိဓာန်ဌာနမှာ အဘက စာတည်းပါ။ အဘက သူဝါသနာပါတဲ့ အဘိဓာန်လုပ်ငန်းကို အဲဒီကနေစပြီး လုပ်ခွင့်ရခဲ့ပါတယ်”ဟု အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက စာအုပ်များဖြစ်မြောက်ရေးအတွက် ၂၀၁၇ ခုနှစ်မှစ၍ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူ ကလေးငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သော စာအုပ်များဖြစ်ကြောင်း၊ စာပေဆောင်းပါးများသည် သုတရသဆိုင်ရာ ဆောင်းပါးများဖြစ်ကြောင်း၊ တက္ကသိုလ်ကောလိပ်များသာမက အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအတွက်လည်း တန်ဖိုးမဖြတ်နိုင်သော စွယ်စုံကျမ်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကလေးသူငယ်များအတွက် သုတရတနာသိုက် ၁၀ အုပ်တွဲနှင့် စာပေဆောင်းပါများ ထုတ်ဝေနိုင်ရေးအတွက် ကြိုးစားအားထုတ်မှုကဏ္ဍများကို Myanmar Heritage & Print မှ ဦးမြင့်သူက တင်ပြခဲ့ပြီး တက္ကသိုလ်ဘာသာပြန်ဌာနနှင့် စာအုပ်ထုတ်ဝေရေးဌာနက ၂၀၁၆ ခုနှစ်မှစ၍ ထွက်ရှိခဲ့သော စာအုပ်များနှင့် ဆက်လက်ထုတ်ဝေမည့် စာအုပ်များကဏ္ဍကို တာဝန်ခံ ဒေါ်နီလာချစ်ဆိုင်က တင်ပြခဲ့သည်။ ဆက်လက်၍ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနနှင့် Myanmar Heritage တို့ ပူးပေါင်းထုတ်ဝေခဲ့သော ကလေးသူငယ်များအတွက် သုတရတနာသိုက် (စွယ်စုံကျမ်း-၁၀ တွဲ)ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ အစုံ ၁၀၀ လှူဒါန်းခဲ့သည်။

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန ကလေးသူငယ်များအတွက် ထုတ်ဝေ၍ ယနေ့မိတ် ဆက်ခဲ့သော စာအုပ်များမှာ သုတရတနာသိုက် ဝါသနာပါရာ အပန်းဖြေစရာ၊ အင်းဆက်ပိုးများ၊ ကမ္ဘာဦး သက်ရှိများ၊ တိရစ္ဆာန်များ၊ သင်္ချာ၊ ရေအောက်သက်ရှိများ၊ အပင်များ၊ ပို့ဆောင်ရေးယာဉ်များ၊ အီလက်ထရွန်နစ်နှင့် စွမ်းအင်၊ ယူနီဗာ့ဆ်နှင့် ရာသီဥတု စွယ်စုံကျမ်းတို့ဖြစ်ပြီး ဦးဝန်နှင့် ဦးသိန်းဟန်တို့ ရေးသားပြုစုခဲ့သော ခေတ်သစ်ကဗျာများစာအုပ်နှင့် တက္ကသိုလ်ပညာပဒေသာ စာစောင် စာပေဆောင်းပါးများ (၁၉၆၆-၁၉၈၄)စာအုပ်တို့ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စွယ်စုံကျမ်းနှင့် စာအုပ်ထုတ်ဝေခြင်းအပေါ် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က “တိုင်းပြည်အတွက် စာကောင်းပေကောင်းဆိုတာ အင်မတန်လိုပါတယ်။ လူကြီးတွေအတွက် လူငယ်တွေအတွက် အင်မတန်ကောင်းတဲ့ စာကောင်းပေကောင်းတွေ အရင်ကလည်း ထွက်တယ်။ နောက်ကိုလည်း ဆက်ပြီး ထွက်ဦးမယ်လို့ အစီအစဉ်ကို ကြားသိရတဲ့အတွက် အင်မတန် ကောင်းပါတယ်။ တိုင်းပြည်အတွက် လူငယ်တွေရော လူကြီးတွေပါ ပညာရေးအတွက် ဗဟုသုတအတွက် အင်မတန်ကောင်းတဲ့ စာပေတွေ အခုလိုပဲ စီစဉ်နေတဲ့အတိုင်း ဆက်ထွက်လာမယ်လို့ ယုံကြည်ပါတယ်။ ဆက်ပြီးအဆင်ပြေပါစေ၊ ဒီထက်ပိုပြီးကောင်းကောင်းမွန်မွန် ထုတ်နိုင်ပါစေ၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ပါစေလို့လည်း ဆန္ဒပြုပါတယ်”ဟု ၎င်း၏ အမြင်သဘောထားကိုပြောကြားခဲ့သည်။



**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

# ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးပံ့ပိုးပေးသည့်ဝန်ဆောင်မှုလုပ်ငန်း အကောင်အထည်ဖော်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF (မြန်မာ)နှင့် The Leprosy Mission (မြန်မာ)တို့ ပူးပေါင်းပြီး ရှေးဦး အရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေး ပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို နိုဝင်ဘာလမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရှမ်းတဲကြီးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမာက ပြောသည်။



ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး အသိပေးလှုံ့ဆော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမာက ယင်းသို့ပြောကြားခြင်း ဖြစ်သည်။

ဆက်လက်၍ ၎င်းက “ရန်ကုန်တိုင်း အတွင်း ရှမ်းတဲကြီးကျေးရွာမှာရှိတဲ့ မွေးစကနေ ငါးနှစ်အတွင်းကလေးတွေကို အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာမယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျမယ့် အလားလာရှိတဲ့ ကလေးတွေတွေ့ရင် ဝန်ဆောင်မှုတွေ ပေးမယ်။ ကစားနည်းတွေနဲ့ လေ့ကျင့်ပေးမယ်။ မိဘကို သင်ကြားပေးတာတွေ လုပ်ပေးမယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး နည်းပညာဆိုင်ရာပံ့ပိုးပေးနိုင်မယ့် အခြေအနေတွေမှာလည်း ကူညီပံ့ပိုးပေးသွားမယ်”ဟု ပြောသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ မူဝါဒများတွင် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူသော မူဝါဒသည် တစ်ခုအပါအဝင်ဖြစ်ပြီး ထိုမူဝါဒများထဲမှ ရှေးဦးအရွယ် ကလေးသူငယ်တိုင်းထွာစစ်ဆေးခြင်းလုပ်ငန်းသည် လတ်တလောတွင် မဟာဗျူဟာများချမှတ်၍ ကျယ်ပြန့်စွာ ဆောင်ရွက်နေသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရှေ့ပြေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ရှမ်းတဲကြီးကျေးရွာအုပ်စု ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက်နှင့် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာအုပ်စု၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နှင့် ချောင်းဦးမြို့ ငါးလုံးတင်ကျေးရွာ၊ မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်နှင့် ပေါင်မြို့ အလုပ်ကျေးရွာအုပ်စုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ် ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ လေးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❖ *ကျော်ဖုံးမှ*

ရှေးဦးစွာ ကမ်းလွန်လုပ်ကွက် အမှတ် A-6 ရှိ တွင်းအမှတ် ရွှေရည်ထွန်း-၂ မှ သဘာဝဓာတ်ငွေ့စမ်းသပ်တွေ့ရှိမှုအခြေအနေသတင်းမှတ်တမ်းအားပြသပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိမှုနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်အား ဖတ်ကြားသည်။

ထို့နောက် ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး(ကမ်းလွန်)က လည်းကောင်း၊ PSC Operator အစုရှယ်ယာဝင်များ ဖြစ်သည့် MPRL E & P Pte., Ltd.၊ Woodside Energy (Myanmar) Pte., Ltd. နှင့် Total E & P Myanmar Co., Ltd. တို့မှ တာဝန်ရှိသူများက လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေး ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများက ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် တူးဖော်ခဲ့သည့် တွင်းအမှတ် ရွှေရည်ထွန်း-၂ မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ အနောက်ဘက် ကမ်းလွန်ရှိ လုပ်ကွက်အမှတ် A-6 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL E & P Pte., Ltd. တို့ အကြား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် (Production Sharing Contract - PSC) ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ချုပ်ဆို၍ ကမ်းလွန် ရေနံရှာဖွေရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ အခြားအစုရှယ်ယာဝင်များဖြစ်သော ဩစတြေးလျနိုင်ငံအခြေစိုက် Woodside Energy (Myanmar) Pte., Ltd. နှင့် ပြင်သစ်နိုင်ငံအခြေစိုက် Total E & P Myanmar Co., Ltd. တို့မှ ပူးပေါင်းပါဝင်လာခဲ့ပြီး ရွှေရည်ထွန်း-၂ ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စတင်တူးဖော်ခဲ့ရာ ရည်မှန်းအနက် ၄၈၅၀ မီတာအထိ တူးဖော်ခဲ့ကာ သဘာဝဓာတ်ငွေ့ အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထူ ၄၀ မီတာခန့်ကို တွေ့ရှိခဲ့သည်။ ယခုအခါ ယင်းသဲကြောအား သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု စမ်းသပ်ခြင်း Drill Stem Test (DST) ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။

မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် မြန်မာအမျိုးသားများ ဦးဆောင်သော MPRL E & P Pte., Ltd. မှ ရင်းနှီးမြှုပ်နှံမှု (၂၀)ရာခိုင်နှုန်းဖြင့် လုပ်ငန်းဦးဆောင်ကုမ္ပဏီအဖြစ် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ Woodside Energy (Myanmar) Pte., Ltd. မှ (၄၀) ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ Total E & P Myanmar Co., Ltd. မှ (၄၀) ရာခိုင်နှုန်း အချိုးကျပါဝင်ကာ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခု အကဲဖြတ်တွင်း/ရှာဖွေရေး တွင်းဖြစ်သော ရွှေရည်ထွန်း-၂ တွင် သဘာဝဓာတ်ငွေ့များ ထုတ်ယူရရှိကြောင်း စမ်းသပ်တွေ့ရှိသဖြင့် မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် အကဲဖြတ်တွင်း/ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်ခြင်း၊ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း တို့ကို စီးပွားဖြစ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့စီမံကိန်းကြီးတစ်ခုအဖြစ် အကောင်အထည်ပေါ်လာရေးအတွက် အစုရှယ်ယာဝင်များက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ဧကများအတွက် ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ မိုးစပါးရာသီတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော စပါးစိုက်ဧကများအတွက် တောင်သူများအား ထောက်ပံ့ကြေးနှင့် မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးဝင်းဦးက စိုက်ပျိုးရေးဆိုင်ရာများနှင့် ထောက်ပံ့ပေးအပ်ရခြင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ခင်းများ ပျက်စီးခဲ့သည့် တောင်သူများအား မျိုးစပါးအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**



# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စာတမ်း

**ယနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်အပေါင်းနဲ့တကွ ပြည်သူလူထုတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်မကတော့ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စာတမ်းကို ဖတ်ကြားမည့် ပါတီဗဟိုကော်မတီဝင် ဒေါ်ကျော့ယဉ်ဝင်း ဖြစ်ပါတယ်။**



ဒေါ်ကျော့ယဉ်ဝင်း စာတမ်းဖတ်ကြားစဉ်။

ယနေ့ကမ္ဘာပေါ်မှာ ဒီမိုကရေစီကျင့်သုံးမှု ပိုမိုရှင်သန်ခိုင်မာလာစေရေး၊ ဒီမိုကရေစီစိတ်ဓာတ်များ အစဉ်နိုးကြားစေရေးသာမက အနာဂတ်ကာလများတွင်လည်း ထာဝစဉ် ဖော်ဆောင်နိုင်ရေး နှိုးဆော်သတိပေးတဲ့အနေနဲ့ ပါလီမန်အမတ်များသမဂ္ဂ (Inter-Parliamentary Union-IPU)က နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် ၂၀၀၇ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၁)ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ရောက်တိုင်း ဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံတိုင်းမှာ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပနေတာဖြစ်ပါတယ်။

ပါလီမန်အမတ်များသမဂ္ဂ (IPU) အနေနဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် ဒီမိုကရေစီ ကျင့်စဉ်ဆိုင်ရာ ဆောင်ပုဒ်များ နှစ်စဉ်သတ်မှတ်ပေးရာမှာ ဒီနှစ်ရဲ့ဆောင်ပုဒ်ကတော့ **"ဒီမိုကရေစီ ရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" (Oversight)** ပဲ ဖြစ်ပါတယ်။

"ဒီမိုကရေစီ"ရဲ့အဓိပ္ပာယ်ကို နိုင်ငံရေးပညာရှင်များက အမျိုးမျိုးဖွင့်ဆိုကြရာမှာ အဓိကအားဖြင့် မျက်နှာစာသုံးရပ် တွေ့ရှိရမှာဖြစ်ပါတယ်။ ပထမမျက်နှာစာက အရင်းအမြစ် (Source)၊ ဒုတိယမျက်နှာစာက ရည်မှန်းချက် (Purpose)နဲ့ တတိယမျက်နှာစာက လုပ်ထုံးလုပ်နည်း (Procedure) တို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီလားရာမှာ လူထုဖြစ်ပြီး လားရာကတော့ လူထုအကျိုးဖြစ်တာမို့ လူထုကိုအခြေခံ၊ လူထုအတွက်၊ လူထုနည်း (of the people, for the people, by the people)ဆိုတဲ့ ဒီမိုကရေစီအဓိပ္ပာယ်ဖွင့်ဆိုချက်လောက် ပြီးပြည့်စုံတဲ့ ဖွင့်ဆိုချက် မရှိသေးကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လည်း ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ အခန်း(၁) နိုင်ငံတော် အခြေခံမူများမှာ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး"** ဆိုတဲ့အချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ အထူးပြုပြောကြားလိုတာကတော့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဆိုသည်မှာ လောကပါလတရားနှင့်ကိုက်ညီသည့် နိုင်ငံရေးကျင့်စဉ် တစ်ခုဖြစ်သလို မိမိနိုင်ငံ၏ ဖြစ်တည်မှု သမိုင်းကြောင်းအရသော်လည်းကောင်း၊ ပထဝီနိုင်ငံရေးအရသော်လည်းကောင်း၊ မိမိနိုင်ငံ၏ လူမျိုးဘာသာ အသွင်စရိုက် လက္ခဏာတို့အပေါ်မူတည်ပြီး နိုင်ငံတော်ကို အဓွန့်ရှည်တည်မြဲဖွံ့ဖြိုးစေနိုင်မယ့် မိမိနိုင်ငံနှင့်အသင့်တော်ဆုံး နိုင်ငံရေးကျင့်စဉ်တစ်ရပ်သာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ယနေ့ကမ္ဘာမှာ ဒီမိုကရေစီကိုနှစ်ခြိုက်လိုလား အားပေးသည်ဟု တွင်တွင်ပြောနေကြသော်ငြားလည်း ဒီမိုကရေစီပေါ် တိုက်ရိုက်ခြိမ်းခြောက်နေသော အကြမ်းဖက်ဝါဒများသည်လည်း ရှိမြဲရှိဆဲပင် ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံရှင်သန်ခိုင်မာရေးအတွက် ကြိုးစားရုန်းကန်နေရသော၊ ဖွံ့ဖြိုးမှုအားနည်းသောနိုင်ငံများကိုလည်း ပထဝီနိုင်ငံရေးအရ အရေးပါမှုအပေါ် မူတည်၍ ခြိမ်းခြောက်ခြင်း၊ ဖိအားပေးဆောင်ရွက်နေခြင်းနှင့် ကြားဝင်စွက်ဖက်ခြင်းများပင် ဆောင်ရွက်နေတာတွေကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

### ဒီမိုကရေစီရဲ့အကျင့်

ယနေ့မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်မှစ၍ စနစ်တကျဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများအတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြည်သူ့ဆန္ဒအရ အနိုင်ရပါတီကို စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒါဟာ ဒီမိုကရေစီရဲ့ အကျင့် ကျင့်စဉ်အတိုင်း လက်တွေ့အကောင်အထည်ဖော်ပေးခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဖြစ်သော၊ ပြည်သူ့ထံမှ ဆင်းသက်လာသော အာဏာကို ပြည်သူတို့အတွက်၊ ပြည်သူတို့ထံ ပြန်လည်စီးဆင်းစေခြင်းဆိုသော ကျင့်စဉ်ကတော့ မှေးမှိန်လာနေတာကို သတိပြုမိပါတယ်။

သို့ဖြစ်၍ ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်များအတွက် အာမခံနိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ပုဒ်မ-၃၅၄၊ အပိုဒ်(က)(ခ)(ဂ)(ဃ) တို့ဖြင့်လည်း မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခွင့်ကို အတိအလင်းခွင့်ပြုပေးထားခြင်းပင် ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေနဲ့ မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲကို အစပြုတည်ဆောက်ပေးခဲ့တဲ့နည်းတူ နိုင်ငံတော်အတွက် လက်တွေ့ကျသည့် စီးပွားရေးမူဝါဒများ၊ ဖွံ့ဖြိုးရေးအစီအစဉ်များနဲ့အတူ နိုင်ငံတော်နဲ့ သဟဇာတဖြစ်မယ့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်အောင် ဖော်ဆောင်နိုင်စေရန် ဆန္ဒပြုပါတယ်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ **"ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး"** (Oversight) ဆိုတဲ့အတိုင်း ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ရှင်။

> **"စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဆိုသည်မှာ လောကပါလတရားနှင့်ကိုက်ညီသည့် နိုင်ငံရေးကျင့်စဉ်တစ်ခုဖြစ်သလို မိမိနိုင်ငံ၏ ဖြစ်တည်မှု သမိုင်းကြောင်းအရသော်လည်းကောင်း၊ ပထဝီနိုင်ငံရေးအရ သော်လည်းကောင်း၊ မိမိနိုင်ငံ၏ လူမျိုးဘာသာ အသွင်စရိုက် လက္ခဏာတို့အပေါ် မူတည်ပြီး နိုင်ငံတော်ကို အဓွန့်ရှည် တည်မြဲဖွံ့ဖြိုးစေနိုင်မယ့် မိမိနိုင်ငံနှင့်အသင့်တော်ဆုံး နိုင်ငံရေးကျင့်စဉ်တစ်ရပ်သာဖြစ်"**

## နတ်မောက်မြို့နယ်တွင် ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာ ၁၂ လုံး တည်ဆောက်သွားမည်

**နတ်မောက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မြို့ပေါ်နှင့် ကျေးရွာများအား ၁၁ ကေဗွီလိုင်း ၂၉ မိုင် တိုးချဲ့တည်ဆောက်ခြင်း ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာဓာတ်အားခွဲရုံ ၁၁ လုံးနှင့် ၁၆၀ ကေဗွီအေထရန်စဖော်မာတစ်လုံး စုစုပေါင်း ၁၂ လုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူးရုံးမှ သိရသည်။

ကျေးရွာ ၂၀ အိမ်ထောင်စု ၆၀၀၀ စုတို့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်တော့မည်ဖြစ်ပြီး ယင်းကျေးရွာများတွင် သမုန်းကုန်းကျေးရွာ၊ ရွာကောက်ကျေးရွာ၊ လဲဘူးကျေးရွာ၊ ကပေါင်းကုန်းကျေးရွာ၊ သာမျှားကျေးရွာအုပ်စု သုံးရွာ၊ ရွာသစ်ကျေးရွာ၊ ကျွဲမကျကျေးရွာ၊ တွင်းကြီးကျေးရွာ၊ ဖလံပင်ကျေးရွာများပါဝင်ကြောင်း ခရိုင်လျှပ်စစ်မှူး ဦးအေးဝင်းက ပြောသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားအလုံအလောက် ရရှိမည်ဖြစ်သည့်အတွက် မြို့တွင်း ၁၁/၀.၄ ကေဗွီဓာတ်အားလိုင်းအသစ် တည်ဆောက်လျက်ရှိကြောင်း၊ ဓာတ်အားမလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့သစ်မြို့ ဓာတ်အားခွဲရုံသစ်ကြီးအား ပြီးစီးမှုအခြေအနေစစ်ဆေးခြင်း၊ မြို့သစ်-နတ်မောက်ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုများကိုလည်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် သာစည်မဟာဓာတ်အားလိုင်းမှူးအဖွဲ့များက နေ့စဉ်မပြတ်ကွင်းဆင်းစစ်ဆေးနေကြကြောင်း သိရသည်။

**ဇော်ဇော် ( မြို့သစ်)**

## မိုင်းဆတ်မြို့၌ ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ကျောင်းသားကျောင်းသူများအား နို့တိုက်ကျွေး

**မိုင်းဆတ် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ (World School Milk Day)အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်နှင့် နို့တိုက်ကျွေးခြင်း အခမ်းအနားကို ယမန်နေ့က ဝိန်းလိတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ကမ္ဘာတစ်ဝန်း နှစ်စဉ် စက်တင်ဘာလနောက်ဆုံးပတ်မှာ ကမ္ဘာ့နို့တိုက်ကျွေးရေးနေ့အခမ်းအနားကို ကျင်းပနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လည်း လွန်ခဲ့တဲ့နှစ်အနည်းငယ်က စတင်ကျင်းပခဲ့ပေမယ့် တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်မှု မရှိသေးပါဘူး။ ငယ်ရွယ်တဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ဉာဏ်ရည်နဲ့ ကိုယ်ကာယဖွံ့ဖြိုးတိုးတက်လာစေဖို့ နို့တိုက်ကျွေးတာဖြစ်ပါတယ်"ဟု ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ ရည်ရွယ်ချက်ကို ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ နိုင်ထွန်းဦးက ရှင်းလင်းပြောကြားသည်။



မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ စောထက်ဝင်းက "ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ဆိုတာ တစ်ရက်တည်းနဲ့ ပြီးသွားမှာ မဟုတ်ပါဘူး။ လစဉ်၊ အပတ်စဉ်အဆက်မပြတ်တိုက်ကျွေးပေးရမှာပါ။ နိုင်ငံတော်အနေနဲ့ ဘတ်ဂျက်သီးသန့်ချထားပေးတာမရှိလို့ ကျောင်းသားမိဘတွေထဲက ငွေကြေးအဆင်ပြေတဲ့ မိဘတွေအနေနဲ့ တတ်နိုင်သလောက် ကလေးတွေအတွက် ဝိုင်းဝန်းကူညီပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ဌာနကလည်း ကလေးတွေကိုလစဉ်၊ အပတ်စဉ် အာဟာရနို့တိုက်ကျွေးပေးနိုင်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်"ဟု ပြောသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား အာဟာရမုန့်နှင့် နို့များတိုက်ကျွေးခဲ့ပြီး မြို့နယ်ဒုတိယပညာရေးမှူး ဦးသူရအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ စာတမ်း

**ပြည်ထောင်စုလွှတ်တော်က ကြီးမှူးကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုလွှတ်တော်နာယကကြီးနဲ့တကွ လွှတ်တော်အကြီးအမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသားလူငယ်များ၊ ဒီမိုကရေစီမိသားစုဝင်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။**

ယနေ့ ၁၅.၉.၂၀၁၈ နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့မှာ ယခုလို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ကိုယ်စား တက်ရောက်စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် ကျွန်မ ကရင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နန်းမိုးမိုးထွေးအနေနဲ့ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်ရှင်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဒီမိုကရေစီစနစ်ကို အားပေးမြှင့်တင်ခြင်းအားဖြင့် ၂၀၀၇ ခုနှစ်မှစတင်ကာ စက်တင်ဘာ ၁၅ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင်တော့ ၂၀၁၁ ခုနှစ်မှ စတင်ပြီး နှစ်စဉ် အခမ်းအနားကျင်းပခဲ့တာ ယခုဆိုရင် (၈) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှု လုပ်ငန်းစဉ်မှာ မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အစဉ်တစိုက် ပူးပေါင်းပါဝင် ကြိုးပမ်းလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဆောင်ပုဒ်နဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့အတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တိုင်းရင်းသား ပြည်သူအများစုရဲ့ ရွေးချယ်တာဝန်ပေးချက်အရ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ ဒီလိုရရှိဖို့အတွက် ပေးဆပ်တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော်ရဲဘက်များနှင့် ပြည်သူလူထုတို့ရဲ့ ပူးပေါင်းပါဝင်မှုဟာ မေ့ပျောက်လို့ မရကောင်းတဲ့ သမိုင်းမှတ်တမ်းတစ်ခုပဲ ဖြစ်ပါတယ်။

ထပ်မံပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ "ပြည်သူနဲ့အတူ" ဆိုတဲ့ ဆောင်ပုဒ်ကို ဆက်လက်ဆွဲကိုင်ပြီး ယခုအခါမှာ "စုပေါင်းအင်အား" ဆိုတဲ့ ဆောင်ပုဒ်နဲ့ အားနဲ့မာန်နဲ့ စိုက်ထုတ်ကာ ဆက်လက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ ဒီလိုကြိုးစားရာမှာလည်း တစ်ဦးတစ်ယောက် ကြိုးစားလုပ်ဆောင်မှုထက် အားလုံးရဲ့ပူးပေါင်းပါဝင် ထိန်းညှိဆောင်ရွက်ရန် လွန်စွာအရေးကြီးပါတယ်။

ယခုနှစ်အတွက် "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆိုတဲ့ဆောင်ပုဒ်နဲ့ ဒီမိုကရေစီနေ့အခမ်းအနား ကျင်းပခွင့်ရတာဟာ လက်ရှိမြန်မာနိုင်ငံရဲ့အနေအထားအတွက် လွန်စွာသင့်လျော်သော ဆောင်ပုဒ်တစ်ခု ဖြစ်ပါတယ်။



ဒေါ်နန်းမိုးမိုးထွေး စာတမ်းဖတ်ကြားစဉ်။

### အမှန်တရားတစ်ခု

ဒီမိုကရေစီလမ်းရဲ့တာထွက်ကာလလို့သာ ဆိုနိုင်သေးတဲ့ နိုင်ငံတော်ရဲ့အခြေအနေဟာ မျှော်မှန်းတဲ့ပန်းတိုင်ရောက်ဖို့ အခက်အခဲတွေ စိန်ခေါ်မှုတွေ ခလုတ်တံသင်း မြောက်မြားစွာတွေကို ကျော်ဖြတ်သွားရမယ်ဆိုတာလည်း အားလုံးသိရှိကြတဲ့ အမှန်တရားတစ်ခုပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့မဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ အပြန်အလှန် ထိန်းကျောင်းသွားရမယ့် ဒီမိုကရေစီကျင့်စဉ်သဘောတရားအတိုင်း လျှောက်လှမ်းရာမှာ လွှတ်တော်များရဲ့ ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ ထိန်းညှိခြင်းဆိုတဲ့ တာဝန်ဝတ္တရားများနှင့် ကိုက်ညီဆီလျော်တဲ့ "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆိုတဲ့ ကမ္ဘာတစ်ဝန်းက ကြွေးကြော်သံဟာ အားတက်စရာဖြစ်ပါတယ်။

ယခုအခါမှာ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံက ရရှိခဲ့တဲ့ ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း (၁) (၃၇)ချက်၊ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံက ထပ်မံရရှိခဲ့တဲ့ ပြည်ထောင်စု သဘောတူညီချက် အစိတ်အပိုင်း (၂) (၁၄) ချက်တို့ကို ရရှိခဲ့ပြီး အဓိကအကျဆုံး အချက်အနေနဲ့ အနာဂတ်ပြည်ထောင်စုကြီးကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုအဖြစ် တည်ဆောက်ကြမယ်ဆိုတဲ့ သဘောတူညီချက်ကို ချမှတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါဟာနိုင်ငံတော်ကြီးရဲ့ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်မှုအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဘက်ပေါင်းစုံ ခွန်အားပြည့်ဝဖို့အတွက် သက်ဆိုင်တဲ့ အစုအဖွဲ့များအားလုံးရဲ့ စုပေါင်းညှိနှိုင်းဖြေရှင်းနိုင်ခဲ့ခြင်းရဲ့ ပြယုဂ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အလေးအနက် ခံယူထားပါတယ်။

လွှတ်တော်ရဲ့ အခန်းကဏ္ဍအနေဖြင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေနဲ့ ဒီမိုကရေစီမိသားစုဝင်များဖြစ်ကြတဲ့ လွှတ်တော်အတွင်းမှ ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံတော်ရဲ့အကျိုးအတွက် အပြုသဘောဆောင်တဲ့ ထိန်းညှိခြင်းများကို ဆောင်ရွက်နေကြောင်းလည်း အားလုံးသိရှိကြမယ်ဖြစ်ကြောင်း ယုံကြည်ပါတယ်။

### ပြည်သူနှင့် လွှတ်တော်

ယခုအခါ ဒီမိုကရေစီနေ့အတွက် ဆောင်ပုဒ်ဖြစ်တဲ့ "ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး" ဆိုတဲ့ သဘောထားနှင့်ညီညွတ်စွာ ပြည်သူနှင့် လွှတ်တော်ချိတ်ဆက်နိုင်မှုအား ပိုမိုကောင်းမွန်လာအောင် စွမ်းဆောင်နိုင်ခဲ့တာကိုလည်း အသိအမှတ်ပြု တင်ပြလိုပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လွှတ်တော်အစည်းအဝေးများ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့အမေးအဖြေကဏ္ဍများ၊ လွှတ်တော်ကြီးအတွင်း ဆောင်ရွက်ချက်များကို တိုက်ရိုက်ထုတ်လွှင့်ပေးခြင်းများကြောင့် ပြည်သူလူထုနှင့် လွှတ်တော် ပိုမိုနီးစပ် နားလည်နိုင်မှုတွေ ဖော်ဆောင်နေပြီဖြစ်ပါတယ်၊ ဒါ့အပြင် လွှတ်တော်ရုံးများမှာ ပြည်သူ့ဆက်ဆံရေးဌာနကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီးတော့ လွှတ်တော်ဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်း၊ လွှတ်တော်အကြောင်းများကို ရှင်းပြခြင်းများကို ဆောင်ရွက်လာတဲ့အတွက် လွှတ်တော်ရုံးများသို့ အလွှာပေါင်းစုံမှပြည်သူများ၊ ကျောင်းသား လူငယ်များသာမက ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ဧည့်သည်တော်များလည်း လာရောက်လေ့လာမှု ပိုမိုများပြားလာတာ တွေ့မြင်နေရပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များအနေနှင့် ဥပဒေပြုခြင်းကဏ္ဍမှာ ဥပဒေပြုရုံသာ မဟုတ်ဘဲ ဥပဒေမပြုမီ စိစစ်ခြင်း၊ ဥပဒေပြုပြီးနောက် ဆန်းစစ်ခြင်းတို့ကို ပြည်သူများ၊ အဖွဲ့အစည်းများနဲ့ စတင်လက်တွဲ ဆောင်ရွက်လာတာကိုလည်း ဒီနေရာမှာ အသိအမှတ်ပြု တင်ပြလိုပါတယ်။

ပြည်သူလူထုအတွက် ပြည်သူလူထုကိုယ်တိုင်ပါဝင်တဲ့ ပြည်သူ့အုပ်ချုပ်မှုစနစ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့ ဒီမိုကရေစီရှင်သန်ရေးအတွက် ပြည်သူ့အကျိုးရှေးရှုတဲ့ ဝိုင်းဝန်း ထိန်းညှိဆောင်ရွက်ရေးဟာ စဉ်ဆက်မပြတ် မျိုးဆက်သစ်တို့က လက်ခံရယူဖော်ဆောင်သွားရမည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်အဖြစ်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မမိုတ်မသုန် ယုံကြည်ပါကြောင်း ထပ်လောင်းအတည်ပြုလိုပါတယ်။

ပေးဆပ်ခြင်းပေါင်း မြောက်မြားစွာနဲ့ ရင်းနှီးလာခဲ့ရသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အသွင်ကူးပြောင်းမှု တန်ဖိုးကြီးမားပုံကို မေ့ပျောက်ခြင်းမပြုဘဲ ရှေ့ဆက် လျှောက်လှမ်းရဦးမယ့် ဒီမိုကရေစီ ရှင်သန်ရေးအတွက် ပေးဆပ်မှုအနည်းဆုံး၊ ထိခိုက်မှု အနည်းဆုံးတို့ဖြင့် ဖြောင့်မတ်မှန်ကန်သော စေတနာအရင်းခံဖြင့် နိုင်ငံတော်၏ ရှေ့ခရီးကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်တကွ သက်ဆိုင်သည့် အစုအဖွဲ့များအားလုံးကို ဦးတည်ချက်မှန်၊ လမ်းကြောင်းမှန်၊ ခြေလှမ်းမှန်မှန်ဖြင့် မယွင်းမပျက် ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ယခုနှစ်ရဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ဆောင်ပုဒ်ဖြစ်တဲ့ " ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်း ထိန်းညှိဆောင်ရွက်ပေး" ဆိုတဲ့ အနှစ်သာရရှိတဲ့ကြွေးကြော်သံကို အသက်သွင်းဖော်ဆောင်ကြပါစို့လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**"ဒီမိုကရေစီလမ်းရဲ့တာထွက်ကာလလို့သာ ဆိုနိုင်သေးတဲ့ နိုင်ငံတော်ရဲ့ အခြေအနေဟာ မျှော်မှန်းတဲ့ ပန်းတိုင်ရောက်ဖို့ အခက်အခဲတွေ စိန်ခေါ်မှုတွေ ခလုတ်တံသင်း မြောက်မြားစွာတွေကို ကျော်ဖြတ်သွားရမယ်ဆိုတာလည်း အားလုံးသိရှိကြတဲ့ အမှန်တရားတစ်ခုပဲ ဖြစ်ပါတယ်"**

## မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၃၁ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့

**မိတ္ထီလာ စက်တင်ဘာ ၂၅**

မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာ ၃၁ ရွာမှ အိမ်ထောင်စု ၄၀၀၀ ကျော်၏ လူမှုစီးပွားဘဝကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပြီး စားဝတ်နေရေးသာမက ကျေးလက်ဒေသများ ဆင်းရဲမှုလျှော့ချစေရေးဆိုတဲ့ ရည်ရွယ်ချက်များဖြင့် အရောင်းအဝယ်လုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် လုပ်ကိုင်နိုင်စေရန် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယနေ့အချိန်အထိ ကျေးရွာပေါင်း ၃၁ ရွာကို ပေးအပ်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ ပေးအပ်ခဲ့သည့် ကျေးရွာများကို ရန်ပုံငွေများ စနစ်တကျဆောင်ရွက်နိုင်စေရန် ကျေးရွာကော်မတီများ ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ စီးပွားရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ရာ ယခုဆိုလျှင် ယင်းကျေးရွာ ၃၁ ရွာမှ အိမ်ထောင်စု ၄၃၃၂ စု၊ လူဦးရေ ၂၃၄၈၄ ဦးတို့၏ လူမှုဘဝမြှင့်တင် ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးမြင့်ဇော်က ပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်က ရရှိခဲ့၍ ယင်းရန်ပုံငွေဖြင့် ကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၁၁၁ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၇၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ သုံးဦးတို့အား အတိုးနှုန်း သက်သာစွာ ထုတ်ချေးပြီး လုပ်ငန်းများ ဆောင်ရွက်စေခဲ့ရာ ရန်ပုံငွေကျပ်သိန်း ၁၇၀ ကျော် တိုးပွားလာခဲ့ပြီဖြစ်သည်။

အဆိုပါ တိုးပွားလာသည့် ရန်ပုံငွေများဖြင့် စီးပွားရေးလုပ်ငန်းများသာမကဘဲ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဆည်ကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်း ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပလမြို့၌ သဘာဝဘေးလျော့ပါးရေး သင်တန်းဖွင့်

**မြိတ် စက်တင်ဘာ ၂၅**

သဘာဝဘေးအသိပညာများတိုးပွားစေရန် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေး အစီအစဉ်များ ထည့်သွင်းဆောင်ရွက်တတ်စေရန်နှင့် ရပ်ရွာလူထုအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ကိုယ်တိုင်ဖော်ဆောင်လုပ်ကိုင်တတ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်းအမှတ်စဉ် (၄/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပလမြို့အုပ်ချုပ်ရေးမှူးကိုယ်စား ဦးမြတ်ကျော်သူက အမှာစကားပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပလမြို့အုပ်ချုပ်ရေးမှူးကိုယ်စားဌာနခွဲစာရေးက သင်တန်းသားသင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရာသီဥတုပြောင်းလဲသက်ရောက်မှု သဘောပေါက်နားလည်ခြင်း၊ မြန်မာနိုင်ငံ မိုးလေဝသအန္တရာယ်၊ မီးဘေးအန္တရာယ်၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများနှင့် ဖွဲ့စည်းဆောင်ရွက်မှု သတိပေးစနစ်၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရှေးဦးပြုစုနည်းများ၊ ဂိမ်းကစားခြင်းနှင့် အဖွဲ့လိုက် ဆောင်ရွက်ခြင်း၊ စားပွဲဝိုင်းလေ့ကျင့်ခန်းများ စသည့်ခေါင်းစဉ်များဖြင့် စက်တင်ဘာ ၂၅ ရက် ၂၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ပကတိအတိုင်း လေ့လာသုံးသပ်ခြင်း

ငြိမ်းမောင်

**ကော်မရှင်ဖွဲ့စည်းမှု**

၂၀၁၆ ခုနှစ် အောက်တိုဘာလ၌ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် ဖြစ်ပွားခဲ့ရသည့် နောက်ခံအခြေအနေများ၊ လတ်တလော အခြေအနေများနှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါကော်မရှင်အား တာဝန်ပေးအပ်မှုများကိုကြည့်လျှင် မောင်တောဒေသ၌ ဖြစ်ပွားခဲ့ရသည့် အကြမ်းဖက်တိုက်ခိုက်မှုများ၏ နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ၊ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရမှုနှင့် ဒဏ်ရာရရှိမှုများ၊ ပျက်စီးဆုံးရှုံးမှုများနှင့် အခြားတိုက်ခိုက်မှုများ၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေး၊ ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးရေးနှင့် စုံစမ်းစစ်ဆေး တွေ့ရှိချက်များအပေါ် အခြေခံ၍ နောင်အလားတူဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများတင်ပြရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ကော်မရှင်၏ အစီရင်ခံစာ**

အဆိုပါကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်၏ ပဋိပက္ခဖြစ်စဉ်၏ ပကတိအခြေအနေများကို စုံစမ်းခဲ့ပြီး ၂၀၁၇ ခုနှစ် သြဂုတ် ၄ ရက်တွင် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအစီရင်ခံစာကို ကော်မရှင်အနေဖြင့် နိဒါန်း၊ ရည်ရွယ်ချက်အပါအဝင် အခန်းပေါင်း ၁၇ ခန်း၊ နောက်ဆက်တွဲများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကော်မရှင်အနေဖြင့် ဆောင်ရွက်ခဲ့မှုများကို စုံစမ်းစစ်ဆေးခဲ့သည့် နည်းစနစ်များ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်၏ အနေအထား၊ မောင်တောဒေသ၏ အခြေအနေအရပ်ရပ်၊ ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်စဉ်၏ နောက်ခံအခြေအနေ၊ မောင်တောဒေသအကြမ်းဖက်မှုဖြစ်စဉ်များနှင့် ဖြစ်စဉ်တွင် ဦးဆောင်ပါဝင်သူများ၊ ဖြစ်စဉ်၏ ထူးခြားချက်၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ၊ အာမခံချက်ပေးနိုင်မှု အခြေအနေ၊ ပဋိပက္ခ ကြိုတင်ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြင်ပစွပ်စွဲချက်များအပေါ် စစ်ဆေးတွေ့ရှိချက်၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာပါ ဖော်ပြချက်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကော်မရှင်အဖွဲ့ သွားရောက်စုံစမ်းစစ်ဆေးချက်များနှင့် ကော်မရှင်၏ အကြံပြုချက်များဟူသည့် ခေါင်းစဉ်များဖြင့် အပိုင်းလိုက် ဖော်ပြထားသည်ကို တွေ့ရသည်။

**နောက်ခံသမိုင်းကြောင်း**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံအကြား နယ်နိမိတ်သည် ၁၆၈ ဒသမ ၅၇ မိုင်ရှိပါသည်။ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရခိုင်ကမ်းရိုးတန်းကမ်းမြောင်ဒေသ ဗြိတိသျှ လက်အောက်ရောက်ချိန်၌ စစ်တကောင်းနယ်မှ မူဆလင်များကို လယ်ယာအလုပ်သမားအဖြစ် အလုံးအရင်းဖြင့် ဝင်ခွင့်ပြုခဲ့ရာ ရာသီအလိုက် ခေတ္တနေထိုင်ရာမှ အခြေချနေထိုင်ခြင်းဖြင့် ရခိုင်ပြည်နယ်၌ မူဆလင်ဦးရေ တိုးတက်များပြားလာသည်ကို ဖော်ပြထားသည်။

မောင်တောခရိုင်အတွင်း၌ တိုင်းရင်းသားမျိုးနွယ်စုများနှင့် မူဆလင်များ နေထိုင်လျက်ရှိရာ ၂၀၁၆ ခုနှစ် စာရင်းအရ စုစုပေါင်း လူဦးရေ ၈၃၄၆၃၇ ဦး ရှိသည့်အနက် မူဆလင်ဦးရေ ၇၅၅၃၇၁ ဦး၊ ၉၀ ဒသမ ၅၀ ရာခိုင်နှုန်း ရှိကြောင်း၊ မောင်တောမြို့နယ်တစ်ခုတည်း၌ မူဆလင်ဦးရေ ၉၃ ဒသမ ၈ ရာခိုင်နှုန်းရှိနေကြောင်း၊ ကျေးရွာဖွဲ့စည်းမှုကို ကြည့်ပါက မောင်တောခရိုင်အတွင်း မူဆလင်ကျေးရွာ ၄၄၇ ရွာ၊ တိုင်းရင်းသားကျေးရွာ ၂၄၀ ရွာ၊ ရောနှောရွာ ၁၂ ရွာနှင့် အခြားရွာလေးရွာတို့ဖြစ်ကြောင်း တွေ့ရှိရပြီး ဘုန်းကြီးကျောင်း ၂၂၂ ကျောင်း၊ ရဟန်း၊ သံဃာ၊ သာမဏေ ၄၈၆ ပါးရှိပြီး ဗလီ ၁၂၇၈ ခု၊ အာရ်ဗီ ကျောင်း ၁၁၄၃ ကျောင်း၊ မော်လဝီဆရာ ၁၆၅၉ ဦး၊ ဟိန္ဒူဘုရားကျောင်း ၁၇ ကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း ခုနစ်ကျောင်းရှိကြောင်း ဖော်ပြထားသည်။

မောင်တောဒေသ၏ အခြေခံစီးပွားရေးလုပ်ငန်းများသည် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ငါး၊ ပုစွန် မွေးမြူရေးကန်တို့ရှိပြီး ယင်းစီးပွားရေးလုပ်ငန်းများကို လူအများစုဖြစ်သည့် မူဆလင်များက ရာခိုင်နှုန်း အများစု လက်ရှိလုပ်ကိုင်နေကြောင်း အစီရင်ခံစာအရ သိရသည်။

ပျမ်းမျှဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာ ပြည်ထောင်စုတစ်ဝန်းလုံး၌ ၂၆ ရာခိုင်နှုန်း ရှိနေချိန်တွင် ရခိုင်ပြည်နယ်အနေဖြင့် ၄၄ ရာခိုင်နှုန်းရှိသည့်အတွက် မြန်မာနိုင်ငံတွင် ဆင်းရဲမှုဒုတိယအမြင့်ဆုံးပြည်နယ်ဖြစ်ပြီး မောင်တောဒေသ၏ လူမှုစီးပွားရေးအခြေအနေ နိမ့်ကျလျက်ရှိနေခြင်းသည် ဒေသအတွင်း ပဋိပက္ခများ မကြာခဏဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းခံတစ်ရပ်ဟု ဆိုနိုင်ကြောင်း အစီရင်ခံစာတွင် သုံးသပ်ဖော်ပြထားသည်။

ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်စဉ်များ၏ နောက်ခံအခြေအနေကို လေ့လာရာတွင် ၁၉၄၂ ခုနှစ် မေလ၌ ဖြစ်ပွားခဲ့သော ရခိုင်လူမျိုးများနှင့်ဒေသရှိ မူဆလင်များ၏ ပဋိပက္ခ၌ ရခိုင်ကျေးရွာများ မီးရှို့ဖျက်ဆီးခံရပြီး ရခိုင်တိုင်းရင်းသားဦးရေ နှစ်သောင်းကျော် အသက်ဆုံးရှုံးခဲ့ရမှုများ၊ ၂၀၁၂ ခုနှစ်တွင် ငါးလခန့်ကြာ ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်ပဋိပက္ခ၌ ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးစေခဲ့မှုများနှင့် လူ့အသိုက်အဝန်းနှစ်ခုအကြားရှိ အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ကို ပိုမိုဆိုးရွားလာစေခဲ့ကြောင်း အစီရင်ခံစာက တင်ပြထားကြောင်း တွေ့ရှိရသည်။

**မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ**

၂၀၁၆ ခုနှစ်အတွင်း မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အစီရင်ခံစာ၏ ဖော်ပြချက်အရ အောက်တိုဘာ ၉ ရက်တွင် မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ် (ကျီးကန်းပြင်) ဌာနချုပ်၊ ငါးခူရနယ်မြေရဲစခန်းနှင့် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကင်းစခန်းတို့ကို အကြမ်းဖက်သမားများက သေနတ်၊ ဓား၊ လှံ၊ ဂျင်ဂလိများနှင့်အတူ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ခြောက်ဦး ကျဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိကာ လက်နက်မျိုးစုံ ၆၃ လက်၊ ကျည်မျိုးစုံ ၁၀၁၃၀ တောင့် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ နိုဝင်ဘာလ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပွင့်ဖြူချောင်းကျေးရွာမှ ခွဆုံကျေးရွာဘက်သို့ ဆုတ်ခွာသွားသော အကြမ်းဖက်တိုက်ခိုက်သူများကို ရှေ့တန်းအမှတ်(၃၄၅) ခြေမြန်တပ်ရင်းမှ ယာယီတပ်ရင်းမှူးဦးစီး စစ်ကြောင်းရုံးနှင့် တပ်ခွဲ (၁)ခွဲ (တပ်ခွဲ (၁) ခွဲလျှင် လူအင်အား ၃၀ ပါဝင်သည်)မှ ပိတ်ဆို့ရှင်းလင်းရန် ချီတက်ရာ ခွဆုံကျေးရွာအနီးသို့အရောက် သေနတ်၊ ဓား၊ လှံ၊ မိုန်း များ ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်တိုက်ခိုက်သူများက ဦးဆောင် သည့် အင်အား ၈၀၀ ဦးခန့်က စတင်ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်မှ အဖွဲ့ခွဲ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း အင်အားမမျှသောကြောင့် ပိတ်မိစစ်ကြောင်းကို အကာအကွယ်ပေးနိုင်ရေးအတွက် တပ်မတော်(လေ)မှ MI-2 ရဟတ်ယာဉ်နှစ်စင်းဖြင့် ရဟတ်ယာဉ်၌ တပ်ဆင်ပါရှိသော လက်နက်ကြီးများ မသုံးဘဲ စက်သေနတ်ဖြင့်သာ ခြောက်လှန့်ပစ်ခတ်ခဲ့ရပါကြောင်း၊ ယင်းသို့ ခြောက်လှန့်ပစ်ခတ်ခဲ့သဖြင့် အကြမ်းဖက်တိုက်ခိုက်သူများ ခွဆုံကျေးရွာအတွင်းသို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ ယင်းဖြစ်စဉ်တွင် အကြမ်းဖက်သမားများမှ သေဆုံးဒဏ်ရာရရှိသူအချို့ကို ခွဆုံရွာအတွင်းသို့ ဆွဲယူသွားသဖြင့် တိကျသော စာရင်းမရရှိခဲ့သော်လည်း အမျိုးသားကိုးဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်းနှင့် တပ်မတော်မှ ယာယီတပ်ရင်းမှူးတစ်ဦး ကျဆုံးခဲ့ပြီး စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

ယင်းနေ့တွင် မယင်းတောင်နှင့် မောင်နှမကြီး ကျေးရွာအနီးတွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် တပ်မတော်မှ စစ်သည်တစ်ဦး ကျဆုံး၍ ငါးဦး ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဖြစ်စဉ်များတွင် အကြမ်းဖက်သမားများသည် ကျေးရွာအချို့မှ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၃ ရက်တွင် နယ်မြေတည်ငြိမ်ရေးအတွက် လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား နယ်မြေသုံးခု၌ အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပြီး ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကို လေ့လာခြင်း**

အစီရင်ခံစာ၏ လေ့လာချက်အရ မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကို ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းဟူ၍ ကာလသုံးပိုင်း ခွဲခြားသတ်မှတ်ထားသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း စတင်ဖြစ်ပွားခဲ့သော ပထမပိုင်းကာလတွင် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ်နှင့် ရဲကင်းစခန်းများကို အကြမ်းဖက်အဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက်သတ်ဖြတ်မှုများကို စတင်ပြုလုပ်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ကျဆုံးခြောက်ဦး၊ ဒဏ်ရာရနှစ်ဦးရှိပြီး စုစုပေါင်းလက်နက်မျိုးစုံ ၆၃ လက်၊ ကျည်မျိုးစုံ ၁၀၁၃၀ တောင့်နှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ကြောင်း ဖော်ပြထားသည်။

ဒုတိယပိုင်းကာလတွင် လုံခြုံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်ရာတွင် အပြန်အလှန်ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကာ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ မီးလောင်မှုများ၊ နေအိမ်များမှ ရွာသူ၊ ရွာသားများ စွန့်ခွာထွက်ပြေးမှုများ၊ ပစ္စည်းပျောက်ဆုံးမှုများ စသည့် ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုအပေါ် အမျိုးမျိုးသော စွပ်စွဲမှုများကို နိုင်ငံတကာအထိ ရောက်ရှိအောင် ပုံဖော်လုပ်ဆောင်ခဲ့ကြကြောင်း မြင်တွေ့ရကြောင်း ဖော်ပြထားသည်။

❑ **ကော်မရှင်၏ အကြံပြုချက်များသည် လက်တွေ့မြေပြင်အနေအထားများနှင့် လိုက်လျောညီထွေဖြစ်သော အကြံပြုချက်များကို တင်ပြထားရာ အချို့သော အကြံပြုချက်များသည် ယခုအခါ ကွယ်လွန်သွားပြီဖြစ်သည့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုတင်ပြချက်များနှင့် ယေဘုယျအားဖြင့် သဘောတရား ဆင်တူကြောင်း တွေ့ရှိရသည်။ ၂၀၁၇ ခုနှစ် သြဂုတ် ၄ ရက်တွင် တင်ပြခဲ့သည့် ဤကော်မရှင်၏ သုံးသပ်ချက်တွင် အကြမ်းဖက်သမားများ နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ကြိုးပမ်းလာနိုင်သည့် အလားအလာများ တွေ့ရှိရကြောင်း ဖော်ပြထားသည့်အတိုင်း ၂၀၁၇ ခုနှစ် သြဂုတ် ၂၅ ရက်တွင် ARSA အကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ကြောင်း တွေ့ရှိရ**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တတိယပိုင်းကာလတွင် နယ်မြေအေးချမ်းမှုများ စတင်ရရှိပြီး ဒေသတွင်း တည်ငြိမ်မှုအထိုက်အလျောက် တည်ဆောက်နိုင်ပြီဖြစ်သော်လည်း တည်ငြိမ်အေးချမ်းမှုကို မလိုလားသော အကြမ်းဖက်အဖွဲ့ဝင်များက ကျေးလက်ဒေသများတွင် ခြိမ်းခြောက်ခြင်း၊ လူသတ်ခြင်း၊ လူဖမ်းဆီးခေါ်ဆောင်ခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် စုံစမ်းဖော်ထုတ်ချက် အစီရင်ခံစာတွင် မူဆလင်ကျေးရွာများအပေါ် မည်သို့လူ့အခွင့်အရေးကို ချိုးဖောက်ပြီး မည်သို့ ရက်စက်စွာ ဆောင်ရွက်ခဲ့ကြောင်းကိုသာ ဖော်ပြထားကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

အတိတ်နှင့်ပစ္စုပ္ပန်ကိုဆက်စပ်ပြီး ရှေ့ဆက်ဆောင်ရွက်သင့်သည်တို့ကို အပြုသဘော ဖော်ထုတ်အကြံပြုခြင်းမျိုးထက် မြန်မာနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့များကိုသာမက တာဝန်ရှိအစိုးရအဖွဲ့များကိုပါ လူမျိုးတစ်မျိုးအား ရက်စက်စွာ လူမျိုးသုဉ်းသန့်စင်အောင် စနစ်တကျရည်ရွယ်ချက်ရှိစွာ မူဝါဒရေးဆွဲချမှတ်၍ လုပ်ကိုင်ဆောင်ရွက်နေကြသည်ဟု စိုးရိမ်ပူပန်နေရကြောင်းဖြင့် ဝေဖန်ပြစ်တင်ခဲ့သည်ကို အစီရင်ခံစာက သုံးသပ်တင်ပြထားသည်။

## မောင်တောဖြစ်စဉ်တွင် ဦးဆောင်ပါဝင်သူများ

အစီရင်ခံစာ၏ ဖော်ပြချက်အရ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် အတ္တာအူလာခေါင်းဆောင်သည့် Aqa Mul Mujahidia (AMM) အဖွဲ့မှ အမည်ပြောင်းသွားသည့် Arakan Rohingya Salvation Army-ARSA အဖွဲ့က တိုက်ခိုက်ခြင်းဖြစ်သည်။

တိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်းတွင် တိုက်ခိုက်ရေးခေါင်းဆောင်ဖြစ်သူ အတ္တာအူလာသည် လူမှုကွန်ရက်များမှတစ်ဆင့် မောင်တောဒေသတွင် စစ်ပွဲများ ဆက်လက်ဆင်နွှဲရေးအတွက် ၎င်းတို့နှင့် အတူ ပူးပေါင်းဆောင်ရွက်ရန် ဝါဒဖြန့် ဗီဒီယိုဖိုင်ကို ဆက်တိုက်ထုတ်လွှင့်ခဲ့ကြောင်း အစီခံစာက ဖော်ထုတ်တင်ပြထားသည်။

ဖမ်းဆီးရမိသော အကြမ်းဖက်သမားများကို စစ်ဆေးဖော်ထုတ်ချက်အရ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ၎င်းဒေသ၌ အများစုရောက်ရှိနေထိုင်လျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက်အကြမ်းဖက်ဝါဒ တိုးမြင့်လာစေရန် အချိန်ယူ၍ စည်းရုံးသိမ်းသွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မောင်တောဒေသကို ခြေကုပ်ယူ၍ ဘူးသီးတောင်၊ မောင်တောဒေသကို သိမ်းပိုက်ရန် ကြိုးပမ်းအားထုတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့ရှိ အစွန်းရောက်ပုဂ္ဂိုလ်များ၏ ငွေကြေးပံ့ပိုးမှု အလုံးအရင်းရယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ဘာသာရေးအစွန်းရောက်များ ပူးပေါင်းပါဝင်လာစေရန်အတွက် တာလီဘန်၊ အယ်လ်ကိုင်းဒါး၊ ISIS စသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ နည်းနာအတိုင်း အင်တာနက်နှင့် လူမှုကွန်ရက်များတွင် ဗီဒီယိုဖိုင်များလွှင့်တင်ကာ ဝါဒဖြန့်ချိခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာက ဖော်ထုတ်ထားသည်။

ဖြစ်စဉ်အထောက်အထားများအရ အကြမ်းဖက်တိုက်ခိုက်သူများသည် မောင်တောဒေသ၌ နောက်ထပ်အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ရည်မှန်းချက်ရှိစွာဖြင့် စနစ်တကျပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံစာက သုံးသပ်ထားသည်။

မောင်တောဖြစ်စဉ်သည် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူ အချင်းချင်းအကြား ဖြစ်ပွားခဲ့သော ယခင်ပဋိပက္ခများနှင့်မတူဘဲ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသည့် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ငါးခူရနယ်မြေရဲစခန်းနှင့် ကိုးတန်ကောက်ရဲကင်းစခန်းများကို အကြမ်းဖက်တိုက်ခိုက်ပြီး တပ်ဖွဲ့ဝင်အချို့ကို လူမဆန်သည့်နည်းဖြင့် ရက်စက်စွာ သတ်ဖြတ်လုပ်ကြံမှုမျိုး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများက ပြည်ပနိုင်ငံများရှိ အစွန်းရောက်အဖွဲ့အစည်းများ၏ အားပေးထောက်ပံ့ကူညီမှုရယူပြီး စနစ်တကျ အချိန်ယူဖွဲ့စည်း လေ့ကျင့်မှုများ ပြုလုပ်၍ နိုင်ငံတော်အဖွဲ့အစည်းကို လက်နက်ကိုင်တိုက်ခိုက်သော ပုန်ကန်မှုမျိုးဖြစ်ကြောင်း၊ ပြည်ပနှင့် ဆက်စပ်နေသော ကွင်းဆက်များလည်း ပေါ်ပေါက်နေသဖြင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိကြောင်း၊ အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားချိန်ကာလမတိုင်မီအတွင်း မောင်တောဒေသ၌ စိတ်ကြွရူးသွပ်ဆေးပြားအမြောက်အမြား ဖမ်းဆီးရမှုများကြောင့် စီးပွားရေးအရ နစ်နာဆုံးရှုံးသူများ၏ ပယောဂများနှင့်လည်း ဆက်နွှယ်ပတ်သက်နိုင်ခြေရှိကြောင်းကို မောင်တောဒေသဖြစ်စဉ်၏ ထူးခြားချက်အဖြစ် ဖော်ထုတ်တင်ပြထားသည်။

အကြမ်းဖက်အစွန်းရောက်သူများက ကြိုတင်စီမံချက်ချမှတ်ကာ စည်းရုံးမှု၊ ကြိုတင်လေ့ကျင့်မှု၊ မီးရှို့နည်းအပါအဝင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ရန်အတွက် သင်တန်းများပေးမှု စသည်တို့ကို ရွာသူ၊ ရွာသားများက သိရှိနေသည့်အပြင် ယင်းလုပ်ငန်းများ၌ ၎င်းတို့ကိုယ်တိုင် တစ်နည်းမဟုတ် တစ်နည်း ထိတွေ့ပါဝင်ပြီစွန်းနေခြင်းကြောင့်လည်း အမျိုးမျိုးသော စိုးရိမ်မှုများ၊ ကြောင့်ကြမှုများ၊ ကြောက်လန့်မှုများ ဖုံးလွှမ်းပြီး တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်းထွက်ခွာကြခြင်းဖြစ်သည်ဟူသော အဓိက အကြောင်းရပ်ကို အစီရင်ခံစာက သုံးသပ်ထားသည်။

## တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး

လူဦးရေများပြားသောမူဆလင်များအကြား နေထိုင်လျက်ရှိသည့် တိုင်းရင်းသားများအတွက် လုံခြုံစိတ်ချမှု ဖန်တီးပေးရန် အရေးကြီးသကဲ့သို့ မူဆလင်များအတွက် ၎င်းတို့အား ကောင်းမွန်စွာဖြင့် ထိတွေ့ဆက်ဆံရန် လိုအပ်ကြောင်း၊ အေးချမ်းစွာနေလိုသည့် သာမန်မူဆလင်အများစုမှာ အကြမ်းဖက်အုပ်စု၏ ခြိမ်းခြောက်မှုဒဏ်ကိုလည်း ခံစားနေရသဖြင့် ၎င်းတို့ကိုလည်း အကာအကွယ်ပေးနိုင်ရန် အရေးကြီးသည့်အပြင် ဌာနဆိုင်ရာဝန်ထမ်းအပိုင်း၏ အားနည်းချက်များ၊ အဂတိလိုက်စားမှုများ၊ ဆက်ဆံရေးမပြေလည်မှုများလည်းရှိနေသဖြင့် ၎င်းအားနည်းချက်များကို ပြုပြင်ကြပ်မတ်ပေးရန် လိုအပ်ကြောင်း အကြံပြုထားသည်။

မောင်တောဒေသအတွင်း ၂၀၁၆ ခုနှစ်မှစ၍ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရရှိမှုပမာဏ များပြားလာပြီး မူးယစ်ဆေးဝါးရောင်းဝယ်မှုလမ်းကြောင်း ဖြစ်ပေါ်နေကြောင်း အစီရင်ခံစာက ဖော်ထုတ်တင်ပြထားသည်။

မောင်တောဒေသ၏ ထွက်ပေါက်များကို အသုံးပြု၍ မူးယစ်ဆေးဝါးလမ်းကြောင်း ကြီးထွားလာနေမှုကို ပိတ်ပင်တားဆီးရန် သုံးသပ်စဉ်းစားရာတွင် နယ်စပ်ဒေသများ၌ ရှိနေကြသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသော နိုင်ငံဖြတ်ကျော်မှုခင်းများ၏ သဘောသဘာဝကိုပါ ထည့်သွင်းအလေးထားစဉ်းစားသင့်ကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

ကော်မရှင်၏ ခရီးစဉ်များအတွင်း ဘူးသီးတောင်မြို့၌ အထူးတရားရုံး သုံးရုံး ဖွင့်လှစ်ပြီး အမှုများ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘူးသီးတောင် အကျဉ်းထောင်၌ ဖမ်းဆီးထားသည့် မူဆလင်အချုပ်သားများကို ၎င်းတို့၏ မိသားစုဝင်များ လာရောက်တွေ့ဆုံနိုင်ရန် သက်ဆိုင်ရာကျေးရွာများမှ ဘူးသီးတောင်အထိ အခမဲ့သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကော်မရှင်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

## ပြည်သူများ၏ လုံခြုံရေးနှင့်အခြေခံအခွင့်အရေးများ အာမခံချက်ပေးနိုင်မှုအခြေအနေ

ကော်မရှင်၏ ပထမအကြိမ် စုံစမ်းစစ်ဆေးရေးခရီးစဉ်၌ မောင်တောမြို့နယ်ရှိ ငါးခူရကျေးရွာတွင် နေထိုင်ကြသည့် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် တင်ပြချက်အရ ဈေးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးရေး၊ ဆရာ၊ ဆရာမများ စေလွှတ်ပေးရေး၊ မောင်တောဒေသအတွင်း မူဆလင်များ ခရီးသွားလာခွင့် အဆင်ပြေစေရန် ဗလီတက်ခွင့် ပိတ်ပင်ထားမှု မရှိသော်လည်း ပုဒ်မ ၁၄၄ နှင့် ညမထွက်ရအမိန့်တို့ကို အကန့်အသတ်ရှိမှုကြောင့် ဗလီသို့ မသွားရဲကြသည်ကို အဆင်ပြေစွာ သွားလာဝတ်ပြုနိုင်ရေး ကော်မရှင်ဥက္ကဋ္ဌက တစ်ပါတည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

## ပဋိပက္ခကြိုတင်ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အခြေအနေ

လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်လှူဒါန်းရာ၌ နိုင်ငံတော်အပိုင်းက ချမှတ်ထားသော မူဝါဒများနှင့်အညီ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများက အလေးထား လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယင်းသို့လိုက်နာဆောင်ရွက်မှသာ ကူညီထောက်ပံ့မှုများသည် လိုအပ်သော နေရာများသို့ ထိရောက်စွာ မျှမျှတတရောက်ရှိနိုင်ကြောင်း သုံးသပ်တင်ပြထားသည်။

ကူညီထောက်ပံ့သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိရန်နှင့် မျှတရန် လိုအပ်ပါသဖြင့် နိုင်ငံတော်အပိုင်းနှင့် အလှူရှင်အပိုင်းတို့က လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ ခွဲဝေရေးစံနှုန်းနှင့် အစီအစဉ်များ ချမှတ်ရာ၌လည်းကောင်း၊ ပစ္စည်းများ လက်တွေ့ခွဲဝေပေးအပ်ရာ၌ လည်းကောင်း ပွင့်လင်းမြင်သာစွာ ရှင်းလင်းညှိနှိုင်းဆောင်ရွက်သင့်ကြောင်း သတိပြုနိုင်ရေး အစီရင်ခံစာက တင်ပြထားသည်။

## ပြင်ပစွပ်စွဲချက်များ

မူဆလင်ကျေးရွာများ၌ အဓမ္မပြုကျင့်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ မီးရှို့မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် လူမျိုးသုဉ်း သတ်ဖြတ်မှုအထိ ကျူးလွန်လျက်ရှိသည်ဟူသည့် ပြင်ပစွပ်စွဲချက်များကို ကော်မရှင်က အလေးထားစုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မူဆလင်အမျိုးသမီးများကို အဓမ္မပြုကျင့်သည်ဆိုသော စွပ်စွဲချက်၌ ကြက်ရိုးပြင်ကျေးရွာတွင် ခင်ပွန်းဖြစ်သူလည်း အသတ်ခံရပြီး သမီး နှစ်ဦးကိုလည်း အဓမ္မပြုကျင့်ခံရသည်ဟု ပြည်ပမီဒီယာများ၌ စွပ်စွဲသည့် Noor Ayesha ဆိုသူအမျိုးသမီးကိစ္စ၊ ၎င်းတို့ကိုယ်တိုင် ကော်မရှင်ရှေ့မှောက်၌ ထုတ်ဖော်ပြောဆိုသည့် ပြောင်ပိုက်ကျေးရွာမှ မဂျာမာလီဟာနှင့် ကြက်ရိုးပြင်ကျေးရွာမှ ဒေါ်သန်းသန်း (ခ) မအိုရိလန်တို့၏ကိစ္စတို့ကို ကော်မရှင်က အလေးထားစုံစမ်းစစ်ဆေးခဲ့ပါကြောင်း၊ အသက်အရွယ်စုံ အမျိုးသား၊ အမျိုးသမီးများကို အုပ်စုအလိုက်၊ တစ်ဦးချင်းအလိုက် အလှည့်အလိုက် ကော်မရှင်အဖွဲ့ဝင်များကိုယ်တိုင် မေးမြန်းစုံစမ်းခြင်း ပြုခဲ့ရာ၌ ၎င်းတို့၏ စွပ်စွဲမှုများကို အတည်ပြုရန် ခက်ခဲပါကြောင်း၊ ဆက်လက်စုံစမ်းရမည့် ကိစ္စရပ်များဖြစ်ကြောင်း ထောက်ပြထားသည်။

မီးလောင်သည့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် မီးလောင်နိုင်သကဲ့သို့ လူ့ပယောဂများကြောင့် မီးလောင်ကျွမ်းခြင်းလည်း ဖြစ်နိုင်ကြောင်း၊ မည်သူမည်ဝါက မည်သည့်ရွာကို မီးရှို့သည်ဟု လက်တွေ့၌ အတည်ပြုရန် ခက်ခဲကြောင်း၊ မည်သို့ပင်ဖြစ်စေ မီးလောင်မှုများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့်ကိစ္စများကို ကိစ္စရပ်အလိုက် စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပြီး ထိုက်သင့်သော အရေးယူရသည့် ဖြစ်စဉ်များလည်းရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အင်အားအသုံးပြုမှုသည် ဝန်နှင့်အား၊ လေးနှင့်မြားမျှတအောင် ချိန်ဆမှုမရှိဟု ဖော်ပြချက်များကို အားနည်းချက်အဖြစ် လက်ခံရမည်ဖြစ်ပြီး နောင်၌ သတိပြုဆင်ခြင် ရှောင်ရှားရန်နှင့် အကယ်၍ လက်လွန်ခြေလွန် အခြေအနေမျိုးဖြစ်ပါက သက်ဆိုင်ရာတာဝန်ရှိသူများကို စုံစမ်းအရေးယူရန် လိုအပ်မည်ဖြစ်ကာ အရေးယူမှုများလည်းရှိသည်ကို ဖော်ပြထားသည်။

ထို့ကြောင့် သက်ဆိုင်ရာတပ်ဖွဲ့များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့် တည်ဆဲဥပဒေများအား ပိုမိုနားလည်စေရန် အောက်ခြေအဆင့်ထိ အသိပညာပေးမှုအစီအစဉ်များ ဆက်လက်ဆောင်ရွက်သင့်သည်ကို ဖော်ပြထားသည်။

ပဋိပက္ခဖြစ်စဉ်များ၌ ဥပဒေနှင့်မညီသောပြုလုပ်မှုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တစ်ဦးချင်း ခြေလွန်လက်လွန်မှုများ၊ ဖုံးကွယ်တိမ်မြုပ်နေမှုများ ရှိနိုင်သကဲ့သို့ သတင်းချဲ့ကားခြင်း၊ မဟုတ်မမှန် စွပ်စွဲခြင်းတို့ ရှိနိုင်ပါသည်။ အလေးအနက်ဆင်ခြင်သုံးသပ်ပြီး အရှိကိုအရှိအတိုင်း အမှန်ကိုအမှန်အတိုင်း စုံစမ်းဖော်ထုတ်အပ်ပါသဖြင့် ယင်းသဘောထားနှင့်အညီ ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကိုလည်း အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ကိစ္စရပ်အလိုက် အလေးအနက်ထားပြီး စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အစီရင်ခံစာပါ ဖော်ပြချက်များ

OHCHRအစီရင်ခံစာတွင် ဖော်ပြထားသည့် မူဆလင်ကျေးရွာများတွင် ဥပဒေမဲ့ ဗရမ်းဗတာ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သူများ ပျောက်ဆုံးနေခြင်း၊ အမျိုးသမီးများကို အုပ်စုအလိုက်၊ တစ်ဦးချင်းအလိုက် အဓမ္မပြုကျင့်ခြင်း၊ ပြင်းထန်စွာရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမျိုးရေးအရ၊ ဘာသာရေး အရ ခွဲခြားဆက်ဆံခြင်း၊ ပစ္စည်းများကို လုယက်၊ ခိုးယူ၊ မီးရှို့ဖျက်ဆီးခြင်းတို့ကို ကျူးလွန်ခဲ့ကြောင်း၊ ထိုထွက်ဆိုချက်များအရ ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်း

*စာမျက်နှာ ၁၀ သို့*

❏ ၎င်းအပြင် အကြမ်းဖက်မှုနှင့် ပဋိပက္ခဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာတွင် လူအုပ်စုတစ်စုတည်းကို အခြေခံ၍ မေးမြန်းခြင်းမျိုးမဟုတ်ဘဲ ရခိုင်ပြည်နယ် မောင်တောဒေသနှင့် ဆက်စပ်ဒေသများတွင် နေထိုင်လျက်ရှိသည့် လူမျိုးများအားလုံး၊ လူ့အသိုက်အဝန်းများအားလုံးကို မျှတစွာ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဤဆောင်ရွက်ချက်သည် ဘက်တစ်ဖက်တည်း၊ အစုအဖွဲ့တစ်ခုတည်း၏ ပြောကြားချက်များကိုသာ အားပြုခြင်း မဟုတ်ဘဲ ပဋိပက္ခဖြစ်စဉ်တွင် သက်ရောက်မှုရှိနေသည့် သက်ဆိုင်သူ အားလုံး၏ ပြောကြားချက်များကို ဘက်ညီမျှတစွာ ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းအားထုတ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO နှင့် IMS / Fojo တို့မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO နှင့် IMS/Fojo တို့မှ တာဝန်ရှိသူများအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်တွင်း/ ပြည်ပမီဒီယာ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ နှစ်စဉ် မြန်မာမီဒီယာ ဖွံ့ဖြိုးရေးညီလာခံများကို ကျင်းပခဲ့ရာ ယခုနှစ်၏ (၇) ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးရေး ညီလာခံတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် အကြောင်းအရာ ခေါင်းစဉ်များအား ကြိုတင်သတ်မှတ်ရွေးချယ်နိုင်ရေးနှင့် ညီလာခံမတိုင်မီ ခေါင်းစဉ်အလိုက် အကြိုဆွေးနွေးပွဲများ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Media Literacy နှင့် ပတ်သက်၍ UNESCO မှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပြည်သူများ၏ မီဒီယာအသုံးပြုမှုနှင့် ပတ်သက်၍ IMS/ Fojo က ပြုလုပ်ခဲ့သည့် စစ်တမ်းကောက်ယူခဲ့မှု ရလဒ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**ဟားခါး စက်တင်ဘာ ၂၅**

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးက တီးတိန်မြို့နယ် မွာလ်ဘင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ သိရှိလိုသောမေးခွန်း၊ မွာလ်ဘင်းကျေးရွာ ဆုပ်လွီးချောင်းရေအား လျှပ်စစ်စက်ရုံ ရေသွယ်မြောင်းနှင့် ပတ်သက်၍ သိရှိလိုသောမေးခွန်း၊ ထန်တလန်မြို့နယ် ဇဖိုင် (က) ကျေးရွာအတွက် ဂါလန် ၅၀၀၀၀ ဆံ့ သောက်သုံးရေကန်နှင့် ကုချကျေးရွာတွင် သောက်သုံးရေသွယ်ယူရန်နှင့် ဂါလန် ၂၀၀၀၀ ဆံ့ သောက်သုံးရေကန် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုသောမေးခွန်း၊ ကန်ပက်လက်မြို့နယ် ကျင်ဒွေးတံတား အရေးပေါ်ပြန်လည်တည်ဆောက်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုသောမေးခွန်းအပါအဝင် မေးခွန်း ၁၅ ခုကို မေးမြန်းကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ အထိ) ချင်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) နှင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ တင်သွင်းကြောင်း သတင်းရရှိသည်။

**ပြည်နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*

မူဆလင်များ၏ အသက်ရှင်သန်ခွင့်ကို မထီမဲ့မြင်ပြုလုပ်ခြင်း၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုမျိုးများ ပြုလုပ်ခြင်းတို့ကြောင့် လူမျိုးတုံး သန့်စင်ခြင်းကို ဦးတည်နေကြောင်းဖြင့် ပြင်းထန်သည့် ရေးသားဖော်ပြချက်များသည် မှန်ကန်ခြင်း ရှိ၊ မရှိ၊ အစီရင်ခံစာပါ ကျေးရွာပေါင်း ၂၀ အပါအဝင် သတင်းရရှိသည့် ကျေးရွာများသို့ ကော်မရှင်က အလေးထား အချိန်ယူကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့သော်လည်း ဖြစ်စဉ်များ ဖြစ်ပွားသည်ဟု မကြားသိရခြင်း၊ စုံစမ်းမေးမြန်းရန် အခြေအနေမရှိခြင်း၊ အတည်ပြုချက်ပေး၍ ချက်ချင်းအရေးယူရန် မဖြစ်နိုင်သဖြင့် တရားဥပဒေအရ အမှုဖွင့်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် ဆက်လက်ဖော်ထုတ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကော်မရှင်အဖွဲ့ သွားရောက်စုံစမ်းစစ်ဆေးချက်**

ကော်မရှင်အတွင်းရေးမှူး ဦးဆောင်သည့် အဖွဲ့ဝင်စုစုပေါင်း ခြောက်ဦးပါသော ကော်မရှင်အဖွဲ့သည် ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ ဒုက္ခသည်စခန်းသုံးခုမှ ဒုက္ခသည်များကို တွေ့ဆုံမေးမြန်းစုံစမ်းခဲ့ရာ ဒုက္ခသည်များသည် ဒုက္ခသည်စခန်းများ၌ ယာယီတဲများထိုး၍ ဖြစ်သလို အဆင့်နိမ့်ကျစွာ နေထိုင်လျက်ရှိကြသော်လည်း နိုင်ငံရေးအရ သွေးထိုးစည်းရုံးထားမှုကြောင့် ရိုဟင်ဂျာအဖြစ် ၎င်းတို့ကို အသိအမှတ်ပြုမှသာ မြန်မာနိုင်ငံသို့ ပြန်လာမည်ဖြစ်ကြောင်း ဒုက္ခသည်အချို့က ဖြေဆိုသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကော်မရှင်အဖွဲ့ဝင်များသည် International Organization for Migration-IOM အစီအစဉ်ဖြင့် ဘာလူခါလီစခန်း၌ အမျိုးသမီးဒုက္ခသည်များကို မေးမြန်းရာ၌ မျက်နှာနှင့် ခန္ဓာကိုယ်အထက်ပိုင်းကို မတွေ့မြင်ရသည့် ပိတ်စအဝါတစ်ပိုင်း ကာရံထားမှုကိုလည်းကောင်း၊ လေဒါစခန်း၌ ဒုက္ခသည်များ၏ မျက်နှာမှ ခြေထောက်အထိ မမြင်ရသည့် ပိတ်စအဖြူအပြည့်ဖြင့် ကာရံထားမှုကိုလည်းကောင်း တွေ့ကြုံခဲ့ရသည်ကို ဖော်ပြထားသည်။

ထို့ပြင် ဗီဒီယိုရိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ အသံဖမ်းခြင်းတို့ကိုလည်း ခွင့်ပြုခြင်းမရှိသည့်အပြင် မြန်မာစကားတတ်သော ဒုက္ခသည်များကို မြန်မာစကားဖြင့် တိုက်ရိုက်ပြောဆိုခွင့်ပြုရန်ကိစ္စကိုလည်း IOM က တားမြစ်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် ယင်းသို့ တားမြစ်ကန့်သတ်ချက်များရှိသော်လည်း IOM ၏ အစီအစဉ်များဖြစ်၍ တစ်စုံတစ်ရာ ပြောဆိုဝေဖန်ခြင်းမပြုခဲ့ဘဲ မိမိတို့၏ တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော်မရှင်၏ အစီရင်ခံစာတွင် အကြံပြုချက် ၄၈ ချက်ကို ဖော်ပြထားပြီး ယင်းအကြံပြုချက်များတွင် အုပ်ချုပ်ရေးဆိုင်ရာ အကြံပြုချက် ၁၃ ချက်၊ သတင်းမီဒီယာဆိုင်ရာ အကြံပြုချက် သုံးချက်၊ UN အဖွဲ့အစည်းများနှင့် INGO အဖွဲ့အစည်းများဆိုင်ရာအကြံပြုချက် နှစ်ချက်၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ အကြံပြုချက်ငါးချက်၊ ဘာသာသာသနာရေးဆိုင်ရာအကြံပြုချက် သုံးချက်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအကြံပြုချက် ခြောက်ချက်၊ အမျိုးသားလုံခြုံရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာအကြံပြုချက် ၁၂ ချက်၊ နိုင်ငံတကာလုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အကြံပြုချက် တစ်ချက်၊ အထွေထွေအကြံပြုချက် သုံးချက်ဟူ၍ ကဏ္ဍများ ခွဲခြားအကြံပြုထားကြောင်း တွေ့ရှိရသည်။

**မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းမှုကို လေ့လာခြင်း**

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို စုစုပေါင်း အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဆိုပါကော်မရှင်မှ အဖွဲ့ဝင် ဦးထွန်းမြတ်သည် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ဒေါက်တာအောင်ထွန်းသက်သည် ကုလသမဂ္ဂ အကြီးတန်းအကြံပေးအဖြစ်လည်းကောင်း၊ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံများစွာ ရှိကြသူများဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါကော်မရှင်တွင် ဘာသာပေါင်းစုံမှ ပုဂ္ဂိုလ်များ၊ ဥပဒေကျွမ်းကျင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားများ စသဖြင့် အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရသဖြင့် တတ်နိုင်သမျှပါဝင်မှု မျှတစေရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ကော်မရှင်၏ ဆောင်ရွက်ချက်များ**

ကော်မရှင်၏ ဆောင်ရွက်ချက်ကို ကြည့်လျှင် အစည်းအဝေးပေါင်း ၁၁ ကြိမ်ပြုလုပ်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် မောင်တောဒေသရှိ ကျေးရွာနှင့် စခန်းများသို့ လေးကြိမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ တစ်ကြိမ် သွားရောက်ကာ စနစ်တကျ စုံစမ်းစစ်ဆေးခဲ့သည်ကို တွေ့ရှိရသည်။

ကော်မရှင်သည် မောင်တောဒေသရှိ စခန်းနှင့် ကျေးရွာပေါင်း ၆၄ နေရာသို့ သွားရောက်ပြီး ဒေသခံရွာသူရွာသား ၂၂၄၀၊ စစ်တွေနှင့် ဘူးသီးတောင် အကျဉ်းထောင်တို့မှ အချုပ်သား ၁၀ ဦး၊ မောင်တောမြို့ပေါ်ရှိ ဘာသာပေါင်းစုံမှ လူပုဂ္ဂိုလ်များ၊ INGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ လုံခြုံရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သည်ကို တွေ့ရှိရသည်။

**ကော်မရှင်၏ စုံစမ်းစစ်ဆေးသည့် နည်းစနစ်များကို လေ့လာခြင်း**

စုံစမ်းစစ်ဆေးမှုများ မည်မျှအထိ ယုံကြည်စိတ်ချနိုင်သည်ဟူသော အကဲဖြတ်ချက်ကို စုံစမ်းစစ်ဆေးရေးကော်မတီ၊ ကော်မရှင်နှင့် အထူးအဖွဲ့များ၏ စုံစမ်းစစ်ဆေးမှုများပြုလုပ်သည့် နည်းစနစ်များကို အဓိကထား၍ အကဲဖြတ်လေ့လာမှု ပြုလုပ်လေ့ရှိသည်။ ဤကော်မရှင်သည် အဖြစ်မှန် အခြေအနေမှန် ဖော်ထုတ်ရေးနှင့် နောင်အလားတူအကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန်အတွက် ထိခိုက်နစ်နာမှု ရှိခဲ့သည့် ကျေးရွာများနှင့် စခန်းများသို့ တတ်စွမ်းသမျှ ကွင်းဆင်းလေ့လာစုံစမ်းခြင်း၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းစုံစမ်းခြင်းတို့ကို နိုင်ငံတကာ၌ ကျင့်သုံးသည့် နည်းလမ်းများကိုသုံး၍ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

Rapid Assessment နည်းလမ်းကို အဓိကထား အသုံးပြုခဲ့သည့်နည်းတူ ကျေးရွာတိုင်းလိုလို၌ အမျိုးသမီးအုပ်စု သီးခြားခွဲ၍ Cross Sectional, Qualitative Methods များ ဖြစ်သည့် Round Table Discussion, Focus Group Discussion နှင့် In-depth Interview နည်းလမ်းများဖြင့် မေးမြန်းစုံစမ်းမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများကို တွေ့ဆုံမေးမြန်းရာတွင် သီးခြားနေရာများ၌ သိုသပ်စွာမေးမြန်းခဲ့ခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများအထိ သွားရောက်စုံစမ်းမှုပြုလုပ်ရာတွင် ဘာလူခါလီစခန်း၌ အမျိုးသမီးဒုက္ခသည်များကို မေးမြန်းရာ၌ မျက်နှာနှင့် ခန္ဓာကိုယ်အထက်ပိုင်းကို မတွေ့မြင်ရသည့် ပိတ်စအဝါတစ်ပိုင်း ကာရံထားမှုကိုလည်းကောင်း၊ လေဒါစခန်း၌ ဒုက္ခသည်များ၏ မျက်နှာမှ ခြေထောက်အထိ မမြင်ရသည့် ပိတ်စအဖြူအပြည့်ဖြင့် ကာရံထားမှုကိုလည်းကောင်း စိတ်ရှည်သည်းခံမှုဖြင့် မေးမြန်းခဲ့ခြင်းတို့သည် စွပ်စွဲမှုများနှင့် စပ်လျဉ်း၍ အဖြစ်မှန်ဖော်ထုတ်နိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့မှုများကို သိသာထင်ရှားပေါ်လွင်စေကြောင်း တွေ့ရှိရသည်။

မေးမြန်းသည့် လူများ ရွေးချယ်ရာတွင်လည်း နယ်ခံအဖွဲ့အစည်းက ရွေးချယ်ပေးခြင်းများရှိသလို ကော်မရှင်က မိမိအစီအစဉ်ဖြင့် ကျပန်းရွေးချယ်ခြင်းများ ပြုလုပ်ကာ လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ တွေ့ဆုံမေးမြန်းခံရသူများ၏ ဆန္ဒအရ ၎င်းတို့၏ အမည်နှင့် နေရပ်တို့ကို လျှို့ဝှက်ထားစေလိုပါက လျှို့ဝှက်ထားခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ တွေ့ဆုံမေးမြန်းမှုများကို ထုတ်ဖော်ပြောကြားပါက ၎င်းနေရာများသို့ သွားရောက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းများသည် စုံစမ်းစစ်ဆေးမှုများကို အဆုံးအထိ တတ်နိုင်သမျှဆောင်ရွက်ခဲ့သည့် သဘောဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့အပြင် ကော်မရှင်အနေဖြင့် အစီရင်ခံစာတွင် နောက်ဆက်တွဲများအဖြစ် ထုတ်ပြန်ချက်များ၊ မောင်တောဒေသ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ် အပြည့်အစုံ၊ ကွင်းဆင်းသွားရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ၊ ဖြစ်စဉ်အထောက်အထား မှတ်တမ်းဓာတ်ပုံများကို ပြည့်စုံစွာ ဖော်ပြထားကြောင်း တွေ့ရှိရသည်။

**ခြုံငုံသုံးသပ်ချက်**

**ကော်မရှင်၏ အကြံပြုချက်များသည် လက်တွေ့မြေပြင်အနေအထားများနှင့် လိုက်လျောညီထွေဖြစ်သော အကြံပြုချက်များကို တင်ပြထားရာ အချို့သော အကြံပြုချက်များသည် ယခုအခါ ကွယ်လွန်သွားပြီဖြစ်သည့် ဒေါက်တာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုတင်ပြချက်များနှင့် ယေဘုယျအားဖြင့် သဘောတရားဆင်တူကြောင်း တွေ့ရှိရသည်။ ၂၀၁၇ ခုနှစ် ဩဂုတ် ၄ ရက်တွင် တင်ပြခဲ့သည့် ဤကော်မရှင်၏ သုံးသပ်ချက်တွင် အကြမ်းဖက်သမားများ နောက်ထပ် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ကြိုးပမ်းလာနိုင်သည့် အလားအလာများ တွေ့ရှိရကြောင်း ဖော်ပြထားသည့်အတိုင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ARSA အကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ကြောင်း တွေ့ရှိရသည်။**

**နိုင်ငံတကာတွင် ပျံ့နှံ့လျက်ရှိသော အစီရင်ခံစာအများစုတွင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည်ဟုဆိုကြသော အဓမ္မပြုကျင့်မှုများနှင့် စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ်ရာတွင် နှုတ်ဖြင့် ပြောပြသည့် ဖြစ်စဉ်များကို စုစည်းဖော်ပြထားသည်များကိုသာ တွေ့ရှိရသည်။ သို့သော် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ဤကော်မရှင်၏ အစီရင်ခံစာတွင်မူ နှုတ်ပြောဖြစ်စဉ် ဇာတ်ကြောင်းများသာမက ယင်းပြောကြားချက်များတွင် ပါဝင်လာသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်ဟု ဆိုကြသော ကျေးရွာများအထိ သွားရောက်ကာ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။**

**၎င်းအပြင် အကြမ်းဖက်မှုနှင့် ပဋိပက္ခဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာတွင် လူအုပ်စုတစ်စုတည်းကို အခြေခံ၍ မေးမြန်းခြင်းမျိုး မဟုတ်ဘဲ ရခိုင်ပြည်နယ် မောင်တောဒေသနှင့် ဆက်စပ်ဒေသများတွင် နေထိုင်လျက်ရှိသည့် လူမျိုးများအားလုံး၊ လူ့အသိုက်အဝန်းများအားလုံးကို မျှတစွာ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဤဆောင်ရွက်ချက်သည် ဘက်တစ်ဖက်တည်း၊ အစုအဖွဲ့တစ်ခုတည်း၏ ပြောကြားချက်များကိုသာ အားပြုခြင်းမဟုတ်ဘဲ ပဋိပက္ခဖြစ်စဉ်တွင် သက်ရောက်မှုရှိနေသည့် သက်ဆိုင်သူအားလုံး၏ ပြောကြားချက်များကို ဘက်ညီမျှတစွာ ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းအားထုတ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။**

**အချုပ်ဆိုရသော် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာသည် စုံစမ်းစစ်ဆေးဖော်ထုတ်သည့် နည်းစနစ်ပိုင်း၊ ရှုပ်ထွေးကျယ်ပြန့်လှသော သမိုင်းကြောင်းနောက်ခံနှင့် အကြမ်းဖက်မှုများ၏ အရင်းခံဖြစ်သော ဖြစ်ရပ်များအထိ ဖော်ထုတ်နိုင်ရန် ကြိုးပမ်းအားထုတ်မှုအပိုင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်များအပေါ် ဖော်ထုတ်နိုင်ရန် လက်တွေ့မြေပြင်အထိ ကြိမ်ဖန်များစွာ သွားရောက်၍ စုံစမ်းစစ်ဆေးမှုအပိုင်း၊ ရေရှည်တည်ငြိမ်ရေးနှင့် သဟဇာတဖြစ်ရေးအတွက် မြော်မြင်သုံးသပ်မှုအပိုင်း၊ မတူကွဲပြားသည့် လူ့အသိုက်အဝန်းများအကြား ပဋိပက္ခလျော့ကျစေပြီး သဟဇာတဖြစ်ရေးကို ဦးတည်၍ အကြံပြုထားသည့်အပိုင်း စသည်တို့အားဖြင့် ဓမ္မဓိဋ္ဌာန်ကျပြီး ယုံကြည်စိတ်ချနိုင်ကြောင်း တွေ့ရှိရသည့်အတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဟဇာတဖြစ်ရေးအတွက် အကိုးအကားပြု အားထားနိုင်သည့် အစီရင်ခံစာတစ်စောင်ဟု ဆိုနိုင်မည်ဖြစ်ပေသည်။ ။**

# မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ပ) ၏နောက်တွင် ပုဒ်မခွဲ (ဏ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဏ)၊ (တ)၊ (ထ) နှင့် (ဒ) တို့ကို ပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ) နှင့် (ဓ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂ တွင် ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (တ) ၌ ပါရှိသော "သတ္တုတွင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "အစိုးရ၏" ဆိုသည့် စကားရပ်ကို "နိုင်ငံတော်အစိုးရ၏" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေများကို မြန်မာငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။"

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်။"

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ကောင်ငုပ်ကွက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။"

၈။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ဂ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ ဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအား ခွင့်ပြုမိန့်ရရှိသူနှင့် ထုတ်လုပ်မှုအပေါ် မျှဝေခံစားသောလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနမှ သတ်မှတ်သော ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် လုပ်ငန်း လုပ်ကိုင်ခြင်းအတွက် စာချုပ်များကို ချုပ်ဆိုဆောင်ရွက်ခွင့် ပြုနိုင်သည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပြဋ္ဌာန်း

**၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂ ။)**
**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ဂ) အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် မည်သို့ပင် ပါရှိစေကာမူ နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသော နှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည်-

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်။

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလအတိုင်း ဆက်လက်ထားရှိရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

(စ) **အခွန်နှစ်** ဆိုသည်မှာ-

(၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်ပါက ဘဏ္ဍာရေးနှစ်နှင့်အညီ ဖြစ်သည်။

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်းအားလုံးအတွက်ဖြစ်ပါက ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကာလဖြစ်သည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေး တန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်း မရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ ဒီဂျစ်တယ်နည်းပညာဖြင့် ပြောင်းလဲစို့

**သီတာအောင်(ဟိုတယ်/ခရီး)**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှစတင်၍ ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပလာခဲ့သည်မှာ ယခု ၂၀၁၈ ခုနှစ်တွင် (၃၉)ကြိမ်မြောက်သို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

**ထူးခြားသည့် လုပ်ငန်းတစ်ခုဖြစ်**

အဘယ့်ကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို တခမ်းတနား အခမ်းအနားများဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပနေသနည်းဆိုသော် ၎င်းလုပ်ငန်းသည် ကမ္ဘာတွင် ဓာတုပစ္စည်းနှင့် လောင်စာပြီးလျှင် တတိယဝင်ငွေအများဆုံး ရှာဖွေပေးနေသည့် ပို့ကုန်လုပ်ငန်းဖြစ်ပြီး နိုင်ငံအများစု၏ ဝင်ငွေကို သဘာဝသယံဇာတပစ္စည်းများ ထုတ်ရောင်းစရာ မလိုဘဲ ခရီးသွားဧည့်သည်များ၏ လိုအင်ဆန္ဒများကို အရည်အသွေးရှိသော ဆောင်ရွက်မှုများနှင့် ဖြည့်ဆည်းပေးခြင်းဖြင့် များစွာ ရှာဖွေပေးနေသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ၎င်းလုပ်ငန်းသည်ဒေသခံပြည်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသကဲ့သို့ လူအချင်းချင်း ကူးလူးဆက်သွယ်သည့်လုပ်ငန်းဖြစ်၍ တစ်နိုင်ငံ၏ ယဉ်ကျေးမှုကိုလည်း တစ်နိုင်ငံက လေ့လာခွင့်ရသည့် ထူးခြားသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ယခုအခါ လူအများသည် ခရီးသွားလာခြင်းကို ဖက်ရှင်တစ်ခုအနေဖြင့် ရှုမြင်လာကြသည်မှာ ခရီးသွားလာခြင်းဖြင့် စိတ်ပင်ပန်းမှုကို ပြေပျောက်စေပြီး မိမိတို့နှင့် မတူညီသည့် ဒေသရှိလူများ၏ ယဉ်ကျေးမှု၊ အစားအစာ၊ လူနေမှုပုံစံများနှင့် ပတ်ဝန်းကျင်အသစ်အဆန်းများကို လေ့လာလို၍ဖြစ်ပါသည်။ ထို့အပြင် လေယာဉ်လက်မှတ်များကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ဟိုတယ်ဌားရမ်းရန် လွယ်ကူခြင်း၊ ခရီးစဉ်အသစ်များ ပေါ်ပေါက်လာခြင်းတို့က လူအများစုကို ခရီးသွားလာရန် ဆွဲဆောင်လျက်ရှိပါသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အစီရင်ခံစာအရ ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၃၂၃ ဘီလီယံရှိခဲ့ပြီး စီးပွားရေးအရ နိုင်ငံတကာခရီးသွားလုပ်ငန်းမှ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ထရီလီယံ ရရှိခဲ့ကြောင်း သိရှိရပါသည်။ ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရည်မှန်းချက် (Sustainable Development Goal) (၁၇)ရပ်ကို ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ရန် ချမှတ်ခဲ့ရာ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ကျား၊ မ တန်းတူအခွင့်အရေးရရှိမှု၊ သန့်ရှင်းသော ရေရရှိမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မညီမျှမှုများလျှော့ချရေး၊ ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများကို တုံ့ပြန်ရန်ဆောင်ရွက်ချက်များ၊ ရေရှည်တည်တံ့သော မြို့တော်များနှင့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်စေရေး၊ ရည်မှန်းချက်များအတွက် ပူးပေါင်းလုပ်ကိုင်ခြင်းနှင့် ငြိမ်းချမ်းရေး၊ မျှတရေးနှင့် ခိုင်မာသော လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်ရေးစသည့် ရည်မှန်းချက်များသည် ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပါသည်။

ထို့ကြောင့် (၃-၈-၂၀၁၈)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသော အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ (၁/၂၀၁၈) ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်အောင် အဓိကလိုအပ်ချက်မှာ အတွေးသစ်၊ အမြင်သစ်များနှင့် လုပ်ကိုင်ရန်ဖြစ်ပြီး ၎င်းတို့ကိုလက်တွေ့အကောင်အထည်ဖော်နိုင်ရမှာဖြစ်ကြောင်း မြွက်ကြားခဲ့ပါသည်။




**"ခရီးသွားလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ်တွင် သက်ရောက်မှုရှိသည့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်ရာ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အားသာချက်များကို ခိုင်မာအောင်ပြုလုပ်ပြီး အားနည်းချက်များကို ပြုပြင်ရမည်ဖြစ်"**

**မီးမောင်းထိုးပြသထား**

ယခုအခါ ခရီးသွားလုပ်ငန်းသည် မိမိနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်လာရာ ခရီးသွားများကို ဆွဲဆောင်သည့်အတွေးသစ်၊ အမြင်သစ်များဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မြွက်ကြားသကဲ့သို့ လက်တွေ့အကောင်အထည်ဖော်ရမှာ ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် မိမိတို့အနေဖြင့် အရည်အသွေးရှိ၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ခရီးသွားလုပ်ငန်းဖြစ် ဖို့လိုပါသည်။

လူသားတို့၏ လိုအင်ဆန္ဒများသည် ခေတ်တစ်ခေတ်နှင့် တစ်ခေတ် မတူညီကြပေ။ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူသားများ၏ လိုအင်ဆန္ဒများသည်လည်း ပြောင်းလဲခြင်းများနှင့်အတူ များပြားလာရာ ခရီးသွားလုပ်ငန်းသည်လည်း အချိန်နှင့် တစ်ပြေးညီ လိုက်ပါပြောင်းလဲရန် လိုအပ်ပါသည်။ ဤကဲ့သို့ ပြောင်းလဲရာတွင် ဒီဂျစ်တယ်နည်းပညာဖြင့် ဆန်းသစ်တီထွင်ခြင်းနှင့် အနာဂတ်လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်နိုင်သဖြင့် ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်ကို "ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ ဒီဂျစ်တယ်နည်းပညာဖြင့် ပြောင်းလဲစို့" ဟူ၍ သတ်မှတ်ခဲ့ပြီး ဒီဂျစ်တယ်နည်းပညာ၏ အရေးပါမှုကို မီးမောင်းထိုးပြသထားပါသည်။

ဒီဂျစ်တယ်နည်းပညာပြောင်းလဲမှုဆိုသည်မှာ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ ပရိုဂရမ်များနှင့် ဆက်စပ်၍ ပြောင်းလဲမှုများဖြစ်ပြီး လူသားဘဝနှင့် လူ့ဘောင်အဖွဲ့အစည်း၏ ရှုထောင့်အားလုံးတွင် ပေါင်းစပ်လုပ်ကိုင်ခြင်းပင်ဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Zurab Pololikashvili ကလည်း ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ တိုးတက်မှုများကို ထိန်းချုပ်အသုံးချခြင်းက ပိုမိုရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အစီအစဉ်အတွင်း အခြားသော ရည်ရွယ်ချက်များအကြား အားလုံးပါဝင်၍ ဒေသခံပြည်သူများအား လုပ်ပိုင်ခွင့်အာဏာပေးထားသော၊ ကျွမ်းကျင်သော အရင်းအမြစ်စီမံခန့်ခွဲမှုတို့ကို တိုးတက်စေရန်၊ အခွင့်အလမ်းများနှင့်အတူ ခရီးသွားလုပ်ငန်းကို အထောက်အကူပြုကြောင်း ပြောကြားခဲ့ပါသည်။

ယခုအခါတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ခရီးသွားဧည့်သည်များကို ဒီဂျစ်တယ်နည်းပညာများ အသုံးပြုပြီး တီထွင်ဖန်တီးမှုအသစ်များဖြင့် ဆွဲဆောင်နေကြရာ ဒီဂျစ်တယ်နည်းပညာများကိုသုံး၍ ဈေးကွက်ကို ထိုးဖောက်ခြင်း၊ Website မှတစ်ဆင့် ခရီးစဉ်ဒေသများကို မြှင့်တင်ခြင်း၊ နောက်ဆုံးရသတင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ ခရီးစဉ်ဒေသများကို ထိန်းသိမ်းခြင်း၊ ဧည့်လမ်းညွှန်များက ခရီးစဉ်ဒေသများအကြောင်း ရှင်းလင်းပြသခြင်းအစား Application များဖြင့် ခရီးစဉ်ဒေသများအကြောင်းကို လမ်းညွှန်ပေးခြင်း၊ လက်ကိုင်ဖုန်းများတွင် Application များထည့်၍ ငွေပေးချေခြင်း၊ လက်ကောက် (Bracelet) တွင် Application များထည့်၍ Credit Card များအစား ငွေပေးချေမှုအမျိုးမျိုးတွင် သုံးစွဲခြင်း၊ ခရီးစဉ်ဒေသများတွင် ယာဉ်ရပ်နားရာ၌ စနစ်တကျဖြစ်စေရန် ဒီဂျစ်တယ်ဖြင့် ထိန်းချုပ်ခြင်း၊ ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ၏ အရေအတွက်ကို မှတ်တမ်းတင်၍ ခရီးစဉ်ဒေသနှင့် သင့်တော်သည့် ခရီးသည်အရေအတွက် (Carrying Capacity)ကို ထိန်းချုပ်ခြင်း၊ ၎င်းခရီးသွားဧည့်သည်မှတ်တမ်းများကို အခြေခံ၍ ခရီးစဉ်ဒေသကို မြှင့်တင်မှုပြုလုပ်ခြင်း၊ ခရီးစဉ်ဒေသများ၏ လုံခြုံရေးနှင့် သန့်ရှင်းရေးတို့တွင် ဒီဂျစ်တယ်နည်းပညာကို အသုံးချခြင်း၊ ဒီဂျစ်တယ်နည်းပညာကို သုံးစွဲ၍ ခရီးသွားဧည့်သည်များ၏ သဘောထား မှတ်ချက်များကို ကောက်ခံခြင်း၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် လွယ်ကူချောမွေ့စေရန် E-Visa စနစ်ကို အသုံးပြုခြင်း၊ စားသောက်ဆိုင်များတွင် အစားအသောက်မှာယူခြင်းနှင့် ဝန်ဆောင်မှုပေးသည့်ပုံစံများကို လူသားစွမ်းရည် အသုံးပြုခြင်းအစား ဒီဂျစ်တယ်နည်းပညာများဖြင့် ပြောင်းလဲသုံးစွဲလာကြခြင်း၊ ဒီဂျစ်တယ်နည်းပညာဖြင့် တော၊ တောင်၊ ရေ၊ မြေ၊ ချိုင့်ဝှမ်း၊ ပင်လယ်အတုပြုလုပ်ကာ ကမ္ဘာတစ်ပတ်လည်ပတ်သည့် ပုံစံဖြင့် ခရီးသွားများကို အံ့သြဖွယ်ရာကောင်းသည့် အတွေ့အကြုံများပေး၍ ဆွဲဆောင်ခြင်း၊ မော်တော်ယာဉ်များတွင် အန္တရာယ်ကျရောက်မည့် အခြေအနေကို ကြိုတင်သတိပေးသည့် Application များ တပ်ဆင်ခြင်းစသည့်ဖြင့် အမျိုးမျိုးသော ဆန်းသစ်တီထွင်မှုများကို ပြုလုပ်လာကြပြီးကိစ္စတိုင်းတွင် ဒီဂျစ်တယ်နည်းပညာဖြင့် လျင်မြန်လွယ်ကူချောမွေ့အောင် လုပ်ကိုင်လာကြပါသည်။

ထို့အတူ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင်လည်း e-Tourism စနစ်ဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် Chief Information Officer Team (CIO Team)ကို ဖွဲ့စည်းကာ Online ဖြင့် ဈေးကွက်ရှာဖွေခြင်း (Digital-Marketing)၊ သတင်းအချက်အလက်များ မျှဝေခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် လိုင်စင်များ လျှောက်ထားနိုင်ခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း အစိုးရအဖွဲ့မှ ဧည့်သည်ဝင်ရောက်မှုအခြေအနေနှင့် ဧည့်သည်များ၏ သတင်းအချက်အလက်များကို မှတ်တမ်းတင်သည့် Guest List Management System ကို အသုံးပြုနေကြပြီဖြစ်ရာ ၎င်းတို့သည် ဈေးကွက်မြှင့်တင်ရေးတွင် များစွာအထောက်အကူပြုပါသည်။

**ဆန်းသစ်တီထွင်ဖန်တီးမှု**

ထို့ကြောင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာ တိုးတက်မှုနှင့် ဆန်းသစ်တီထွင်ဖန်တီးမှုတို့ကို ပိုမိုတာဝန်သိ၍ ရေရှည်တည်တံ့သော ခရီးသွားကဏ္ဍကြီးထွားမှုနှင့်အတူ ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ရှုမြင်ကာ ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အားကြီးမားသော သတင်းအချက်အလက်များ၊ မှတ်ဉာဏ်အတုများ၊ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ ပေါင်းကူးမှုများ ပါဝင်သော နည်းပညာဆိုင်ရာ တိုးတက်မှုများအားဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် အခွင့်အလမ်းများ အဖြစ် အသိပညာပေးသည့်အနေဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာအသိုင်းအဝိုင်းတွင် အဓိကျပြီး နိုင်ငံသို့မဟုတ် ဒေသတစ်ခု၏ စီးပွားရေးတန်ဖိုးကို သာမက လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုတို့၏ တန်ဖိုးကိုပါ မည်ကဲ့သို့ အကျိုးသက်ရောက်စေကြောင်း ပြသရန် ရည်ရွယ်၍ World Tourism Day အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ်ကျင်းပကြခြင်းဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး ကဏ္ဍပေါင်းစုံအပေါ်တွင် သက်ရောက်မှုရှိသည့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်ရာ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အားသာချက်များကို ခိုင်မာအောင် ပြုလုပ်ပြီး အားနည်းချက်များကို ပြုပြင်ရမည်ဖြစ်ပေသည်။ ထိုသို့ ပြုပြင်ရာတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်နှင့်အညီ ဒီဂျစ်တယ်နည်းပညာဖြင့် အားနည်းချက်များကို အားသာချက်များအဖြစ် ပြောင်းလဲ၍ လုပ်ကိုင်ကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မိုင်းပန်၌ မြို့လုံခြုံရေးအတွက် ရှောင်တခင်စစ်ဆေးခြင်းဆောင်ရွက်

**မိုင်းပန် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ်၌ မြို့နယ်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဒုစရိုက်မှုများ ပေါ်ပေါက်မှု မရှိစေရေးအတွက် စက်တင်ဘာ ၂၄ ရက်က လင်းခေး-မိုင်းပန် - မိုင်းတုံ - မိုင်းဆတ် ပြည်ထောင်စုလမ်းမကြီး၌ ပိတ်ဆို့ စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ကြ သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းများမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့မှတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များကို ဒုစရိုက်မှု မရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရပ်တန့်ရှာဖွေ စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးပါ ခြောက်ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီးမှု အမှတ် ၃၄/၂၀၁၈၊ တရားလို ဦးသန့်ဇင်ဦးက တရားခံ သန်းထွဋ်အောင်(ခ) သားကြီးပါ သုံးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂အရ စွဲဆိုထားသည့် သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့်အမှုကိစ္စနှင့် ပတ်သက်၍ ဇူလိုင် ၂၅ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ တရားခံများ အပေါ်စွဲဆိုထားသည့် ပြစ်မှုအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ကျော်စောသတင်းအဖြစ် သတ်မှတ်ခဲ့ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်အရ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးပါ ခြောက်ဦးကို ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏနယ်မြေရဲစခန်းတွင် စက်တင်ဘာ ၁၃ ရက်က ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းဇော်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေအရာရှိ ဦးကိုကိုလေး၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်သစ်သစ်ခင်၊ ဒုတိယခရိုင် တရားသူကြီး ဦးအောင်ကြည်နှင့် ရွှေပေါက်ကံနယ်မြေစခန်းမှူး (ယခင် သုဝဏ္ဏနယ်မြေစခန်းမှူး) ရဲအုပ် ချစ်ကိုကို တို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ စက်တင်ဘာ ၂၅ ရက်တွင် တရားစွဲဆို တင်ပို့ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

မောင်တောမြို့ နယ်မြေ(၆) အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ပြင်ဖြူနယ်မြေရုံးမှ ရဲမှူး မြင့်ဌေး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်း အမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၃)၊ (၀၀၅) နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ Subedar Md. Ibrahim Hossain ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အောင်ဗလချောင်းဝထိပ် နတ်မြစ် မြစ်လယ်နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၅) ၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ မင်္ဂလာကြီးချောင်းဝအနီး ရေမိုင်အမှတ်(၈)သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိပြီး ရေယာဉ်အမှတ် (၀၀၅) ပေါ်၌ နှစ်ဖက်ညှိနှိုင်းကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

ပလတ်စတစ် တိပ်ခွေ နှစ်ခွေ၊ Safeguard တစ်ခု၊ မီးကြိုးခွေ တစ်ခွေ၊ ပေတံ တစ်ချောင်း၊ ကော်ဘူး သုံးဘူး၊ ရေစာ တံဆိပ်တုံး နှစ်ခု၊ ခဲမို တစ်ခု၊ မှတ်ပုံတင်တစ်ခု၊ ခါးပတ်အိတ်တစ်လုံးနှင့် ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဒေါ်ဌေးဌေးနှင့် ဇော်မင်းနိုင် (ခ) ကိုဇော်တို့၏ ထွက်ဆိုချက်များအရ ဇော်မင်းနိုင် (ခ) ကိုဇော်သည် လွန်ခဲ့သော တစ်လခန့်မှ စ၍ အဆိုပါနေအိမ်သို့ ရောက်ရှိတည်းခိုနေပြီး ဇော်မင်းနိုင်(ခ) ကိုဇော်ထံသို့ သထုံမြို့နယ် အလံတစ်ရာကျေးရွာနေ ဘိုလေး ဆိုသူ ရောက်ရှိလာပြီး ဇော်မင်းနိုင်၏ အခန်း၌ ငွေစက္ကူအတုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဒေါ်ဌေးဌေး ၊ ဇော်မင်းနိုင် (ခ) ကိုဇော်နှင့် ဘိုလေးတို့အား သထုံမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း၊ ငွေအတုများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးလျက်ရှိပြီး ဘိုလေးအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

၂၆ . ၉ . ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

- ၆း၀၀ - မင်းကွန်းဆရာတော် ဘုရားကြီးပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - "စီးပွားရေးစကားဝိုင်း" (နိုင်ငံ့စီးပွား ခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်) (ဒုတိယပိုင်း)

**ညပိုင်း**

- ၁၆း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ခားငပြူး" မြင့်မြတ်၊ ရွှေသမီး၊ ခင်လှိုင် (ဒါရိုက်တာ-ကျော်သားကြီး)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (NUD)"
- "စီးပွားရေးစကားဝိုင်း" (နိုင်ငံ့စီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်)(တတိယပိုင်း)
- "စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့် စမ်းချောင်း" (အပိုင်း -၁၀) "Miss FA ဝင်ပြိုင်မယ်"
- သုခုမရင်ခွင်အငြိမ့်သဘင် "ချက်ကြီးတို့အဖွဲ့အငြိမ့်" (**မင်းသမီး**-ဝိုင်၊ **လူရွှင်တော်**-ချက်ကြီး၊ ဖိုးသဲ၊ စံလင်း၊ စံမိုး)

# ပြင်ဦးလွင်၊ လားရှိုးနှင့် ရွှေပေါက်ကံမြို့သစ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က စမ္ဗာယ်နဂိုရ်ကျေးရွာ အဝင်လမ်းတွင် စောင့်ဆိုင်းနေစဉ် အုန်းပိုင်ကျေးရွာဘက်မှ စမ္ဗာယ်နဂိုရ်ကျေးရွာဘက်သို့ အောင်မြတ်နိုင် မောင်းနှင်ပြီး လှထွန်းရီ လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၅ ခွက် (စုစုပေါင်း ဘိန်းဖြူအလေးချိန် ၃၀၀ ဂရမ်) ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ် (၁၃) ရပ်ကွက်နေ ချမ်းမြေ့ကျော်(ခ) ချမ်းမြေ့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၊ ငွေကျပ် တစ်သိန်းကို လည်းကောင်း။

ယမန်နေ့ ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သိန်းနီမြို့ဘက်မှ လားရှိုးမြို့ဘက်သို့ တရုတ်နိုင်ငံသား ကောင်ကျင်းအန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆပ်ပြာခွက် ငါးခွက်ဖြင့် ထည့်လျက် ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၅၅ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာပြည်သူ့ဆေးရုံ အရေးပေါ်ပြင်ပလူနာဌာနတွင် ဆေးစာတာဝန်ကျ ရဲတပ်သားနှစ်ဦးကို ရိုက်နှက်သူ လူငယ်ခြောက်ဦးအား အရေးယူ

**မိတ္ထီလာ စက်တင်ဘာ ၂၅**

မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနတွင် ဆေးစာတာဝန်ထမ်းဆောင်နေသည့် ရဲတပ်သားနှစ်ဦးကို ဝိုင်းဝန်းရိုက်နှက်ခဲ့သူ လူငယ်ခြောက်ဦးအား စက်တင်ဘာ ၂၅ ရက်က ဖမ်းဆီးရမိပြီး မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် နံနက် ၅ နာရီခွဲက မြို့မရဲစခန်းမှ ဒုရဲအုပ် သက်ပိုင်စိုးသည် စခန်းတွင် တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် မိတ္ထီလာပြည်သူ့ဆေးရုံကြီး အရေးပေါ် ပြင်ပလူနာဌာနတွင် အမျိုးသားနှစ်ဦး ရိုက်နှက်ခံရကြောင်း သတင်းရရှိသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ အရိုက်ခံရသူ နှစ်ဦးမှာ အရေးပေါ်ပြင်ပလူနာဌာနတွင် ဆေးစာတာဝန်ထမ်းဆောင်နေသည့် ရဲတပ်သား ဝင်းဘိုဘိုဟန်နှင့် ရဲတပ်သား နေမျိုးထွန်းဖြစ်ကြောင်းသိရပြီး ဆက်လက်စစ်ဆေးခဲ့သည်။ နံနက် ၄ နာရီခွဲက မိတ္ထီလာနာရီစင်အနီးတွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သောကြောင့် ဒဏ်ရာရရှိခဲ့သည့် ညီညီကျော် (၂၁ နှစ်) ပေါက်ချောင်းရပ်ကွက်နေသူနှင့် လူငယ်တစ်ဦး အပါအဝင် လူငယ်လေးဦး ဆေးကုသရန် ရောက်ရှိလာပြီး တာဝန်ကျ ဆရာဝန် ဒေါက်တာ ဆွေရတနာအောင်က ရရှိသော ဒဏ်ရာများမှာ ဥပဒေနှင့် ငြိစွန်းမှု ရှိ မရှိ လက်မှတ်ရေးထိုးရန်နှင့် အုပ်ထိန်းသူမိဘများ ခေါ်ဆောင်ခဲ့ရန် ပြောဆိုခဲ့သည်။ ထိုသို့ ပြောဆိုသဖြင့် လူငယ်လေးဦးက "ဆေးကုသလို့ မရလို့လား၊ ဆေးမကုပေးနိုင်ဘူးလား" ဟု ပြောဆိုကာ အရေးပေါ် ပြင်ပလူနာဌာနရှိ ထိုင်ခုံများအား ကန်ကျောက်ကာ ပြန်လည်ထွက်ခွာသွားသည်။

နံနက် ၅ နာရီခွဲတွင် အဆိုပါ လူငယ်လေးဦးနှင့် လူငယ်နှစ်ဦး စုစုပေါင်း ခြောက်ဦး၊ တုတ်၊ ခဲများ ကိုင်ဆောင်ကာ ထပ်မံရောက်ရှိလာပြီး ဆေးစာတာဝန်ကျ ရဲတပ်သား ဝင်းဘိုဘိုဟန်နှင့် ရဲတပ်သား နေမျိုးထွန်းတို့ကို ဆဲဆိုထိုးကြိတ်ရိုက်နှက်ရာ ရဲတပ်သားနှစ်ဦးတွင် ဒဏ်ရာရရှိပြီး အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် မိတ္ထီလာပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည်။

အဆိုပါရဲတပ်သားနှစ်ဦးကို ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ခဲ့သူ ညီညီကျော် အပါအဝင် လူငယ် ခြောက်ဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ချမ်းသာ**

# ဆံတော်ရှင်ကျိုက်ထီးရိုး ရင်ပြင်တော်၌ ထားရှိသည့်အလှူခံပုံး ခိုးယူခံရ

**ကျိုက်ထို စက်တင်ဘာ ၂၅**

ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်၌ အများပြည်သူလှူဒါန်းနိုင်ရန် ထားရှိသည့် အလှူခံပုံးတစ်ပုံးကို စက်တင်ဘာ ၂၄ ရက် ညတွင် ခိုးယူခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် ည ၉ နာရီက တာဝန်ကျလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရင်ပြင်တော်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပြင်တော်ပေါ်၌ ထားရှိသည့်အလှူခံပုံး ၁၀ ပုံးကို စုစည်း၍ နိုင်လွန်ကြိုးနှင့် ချည်ကာ တာလပတ်အုပ်၍ သိမ်းဆည်းထားခဲ့ကြောင်း၊ ည ၁၂ နာရီတွင် လှည့်ကင်းဆောင်ရွက်စစ်ဆေးရာ အလှူခံပုံးများကို ချည်နှောင်ထားသည့် နိုင်လွန်ကြိုးမှာ ပြတ်တောက်လျက်ရှိပြီး အလျား နှစ်ပေ၊ အနံ တစ်ပေခွဲ၊ အမြင့် နှစ်ပေရှိ အလှူခံပုံးမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးမြသောင်းနှင့်ဦးတင်ဝင်းတို့ထံ သတင်းပို့ပြီး နယ်မြေခံရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)ရဲတပ်ဖွဲ့မှ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ အရာရှိနှင့်တပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာတွင် ကျိုးကန်းပါးစပ်သို့ သွားသည့် လမ်းဘေးရှိ ဟိုတယ်တံခါးဘေးတွင် ရွှေစင်ရွှေပြားဟု ရေးသားထားသည့် ပျောက်ဆုံးအလှူခံပုံးအား မှန်ကွဲလျက် တွေ့ရှိရပြီး အလှူခံပုံးအတွင်း ပြည်သူအများလှူဒါန်းထားသည့် အလှူငွေများ မတွေ့ရှိရသဖြင့်ခိုးယူသွားသူ များအား ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ကျောက်တန်း၌ မူးယစ်ရမ်းကားနေသူတစ်ဦးအား ဖမ်းဆီးစဉ် ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရ

**ကျောက်တန်း စက်တင်ဘာ ၂၅**

ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာတွင် စက်တင်ဘာ ၂၄ ရက် ည ၉ နာရီခွဲက မူးယစ်ရမ်းကားနေသူတစ်ဦးအား ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ပန့်အက်ရှင်သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသည်။

ကျောက်တန်းမြို့မရဲစခန်းတွင် ဒုရဲအုပ် ရဲသိန်းဌေးသည် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာတွင် လူတစ်ဦးသောက်စား မူးယစ်ပြီး သောင်းကျန်းနေကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ ကျောက်တန်းမြို့မရဲစခန်းမှ ဒုရဲအုပ်ရဲ မင်းထက်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ကျော်လင်းထွန်း(၃၀ နှစ်) ညောင်ဝိုင်းကျေးရွာနေသူသည် အရက်မူးပြီး ညောင်ဝိုင်းကျေးရွာလမ်းမပေါ်တွင် ဆူပူသောင်းကျန်းနေသည်ကို တွေ့ရှိရသဖြင့် ဝိုင်းဝန်းထိန်းသိမ်းရာ ကျော်လင်းထွန်းမှာ ရဲတပ်ဖွဲ့ဝင်များအား အုတ်ခဲဖြင့် ပြန်လည်ပစ်ခတ်သဖြင့် တပ်သားကောင်းထက်စိုးက ပန့်အက်ရှင်သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်၍ ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တန်းမြို့မရဲစခန်းမှ ကျော်လင်းထွန်းအား အမှုဖွင့် အရေး ယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (မြန်/ဆက်)**

# ဆီးရီးယားတွင် ဒုံးကျည်ကာကွယ်ရေးစနစ်တပ်ဆင်ခြင်းသည် မီးလောင်ရာလေပင့်လုပ်ရပ်ဟု ကန်အမျိုးသားလုံခြုံရေးအကြံပေးပြော

ဝါရှင်တန် စက်တင်ဘာ ၂၅

**ဆီးရီးယားနိုင်ငံတွင် အက်စ်-၃၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်တပ်ဆင်ရန် ရုရှားနိုင်ငံ၏ ဆုံးဖြတ်ချက်သည် အဓိကမှားယွင်းမှုတစ်ခု ဖြစ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောကြားခဲ့သည်။**

ဒေသတွင်းတင်းမာမှုများမြင့်တက်နေချိန်တွင် အဆိုပါ လုပ်ရပ်မှာ မီးလောင်ရာလေပင့်ဖြစ်စေသည့် ဆုံးဖြတ်ချက် တစ်ခုဖြစ်ကြောင်းနှင့် ယင်းအပေါ် ပြန်လည်သုံးသပ်သင့်ကြောင်း သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ဂျွန်ဘော်လ်တန်က ပြောခဲ့သည်။

အီရန်နယ်နိမိတ်ပြင်ပတွင် အီရန်တပ်ဖွဲ့တွေ ရှိနေသမျှ ကာလပတ်လုံး အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် ဆီးရီးယားနိုင်ငံမှ ထွက်ခွာသွားမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အား မကြာသေးမီက ဖုန်းဆက်ကာ ဒမတ်စကတ်မြို့တွင် ဖြန့်ကြက်သွားမည့် အက်စ်-၃၀၀ မြေပြင်ဝေဟင်ပစ် ဒုံးကျည်စနစ်တစ်ခုအပါအဝင် ဆီးရီးယားနိုင်ငံ၏ ဝေဟင်ကာကွယ်ရေးများအတွက် မည်သို့လုပ်ဆောင်သွားမလဲဆိုသည့် ၎င်း၏ဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းပြောကြားခြင်း မတိုင်မီ ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဆာဂျီရှိုက်ဂူက လာမည့်နှစ်ပတ်အတွင်း ဆီးရီးယားနိုင်ငံတွင် အက်စ်-၃၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်အား တပ်ဆင်ပေးသွားမည် ဖြစ်ကြောင်းနှင့် ရုရှားကင်းလှည့်လေယာဉ်တစ်စင်း ဆီးရီးယားပိုင်နက်အတွင်း မှားယွင်းပစ်ချခံရသည့် ဖြစ်ရပ်ကြုံတွေ့ပြီးနောက် နောင်ထိုသို့မဖြစ်ရန် ယခုကဲ့သို့ တပ်ဆင်သွားရန် ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ ဆုံးဖြတ်ချက်မှာ တတိယနိုင်ငံတစ်ခုကို ပစ်မှတ်ထားရန် မရည်ရွယ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားလေယာဉ်ပစ်ချခံရသည့် ကိစ္စရပ်နှင့်ပတ်သက်ပြီး စွပ်စွဲချက်များအပေါ် အစ္စရေးတပ်ဖွဲ့က ငြင်းဆိုထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက စက်တင်ဘာ ၂၄ ရက်က အရှေ့အလယ်ပိုင်းတွင် ဆီးရီးယားအား ဒုံးကျည်စနစ်များ တပ်ဆင်ပေးခြင်းသည် အန္တရာယ်ရှိသည့် လုပ်ရပ်ဖြစ်ကြောင်းနှင့် အစ္စရေးနိုင်ငံအနေဖြင့် အီရန်နှင့် ၎င်းတို့ ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားတပ်ဖွဲ့များကို လေကြောင်း တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။



လွန်ခဲ့သည့် ၁၈ လတာကာလအတွင်း အစ္စရေးနိုင်ငံသည် ဆီးရီးယားရှိ အီရန်စစ်အခြေစိုက်စခန်းဆောက်လုပ်နေမှုကို ရပ်တံ့ရန်နှင့် အီရန်စစ်လက်နက်များကို ကြိုတင်ကာကွယ်ရန်အတွက် ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများကို အကြိမ် ၂၀၀ ခန့် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်နိုင်ငံမှ ရေနံတင်သွင်းမှုကို တောင်ကိုရီးယား ရပ်ဆိုင်း

**ဆိုးလ် စက်တင်ဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံက အီရန်နိုင်ငံမှ ရေနံတင်သွင်းမှုကို လုံးဝရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အီရန် ရေနံဝန်ကြီးဌာနက မကြာသေးမီတွင် အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက နိုဝင်ဘာလတွင် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို ပြန်လည်ပိတ်ဆို့သွားမည်ဟု ခြိမ်းခြောက်ပြောဆိုပြီးနောက် အီရန်နိုင်ငံ၏ ရေနံတင်သွင်းမှုသည် အဆိုးရွားဆုံးအထိ လျော့ချခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ပိတ်ဆို့ခြိမ်းခြောက်မှုများမတိုင်မီ တောင်ကိုရီးယားနိုင်ငံသည် အီရန်နိုင်ငံမှ နေ့စဉ် ရေနံစည်ပေါင်း ၁၈၀၀၀၀ ခန့် တင်သွင်းကြောင်း အီရန် ရေနံဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

လွန်ခဲ့သည့် မေလက အီရန်နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်မည်ဟု အမေရိကန်သမ္မတက ကြေညာပြီးနောက် အမေရိကန်အစိုးရသည် ဩဂုတ်လမှစတင်ကာ ပိတ်ဆို့မှုများ စတင်ခဲ့ရာ အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုနှင့် ဘဏ်လုပ်ငန်းများ ထိခိုက်ခဲ့ကြောင်း သိရသည်။



အမေရိကန်သည် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို အောက်ဆုံးအထိလျော့ချရန်ပိတ်ဆို့မှုများ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်က ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်၊ ဂျာမနီတို့ပါဝင်သော နိုင်ငံခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား အီရန်နျူကလီးယားသဘောတူညီမှုရရှိခဲ့ပြီး အဆိုပါ နျူကလီးယား သဘောတူစာချုပ်အရ အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ကန့်သတ်သွားမည်ဟု ပြောကြားခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့်လည်း အီရန်နိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ထရန့်နှင့် ကင်တို့ နောက်တစ်ကြိမ်ဆွေးနွေးပွဲ မကြာမီပြုလုပ်ရန်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၅**

သမ္မတဒေါ်နယ်ထရန့်သည် ၎င်းနှင့်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ နောက်တစ်ကြိမ်ဆွေးနွေးပွဲ မကြာမီအချိန်အတွင်း ပြုလုပ်ရန် သဘောတူထားပြီး ပြုလုပ်မည့်နေရာမှာ စင်ကာပူအပြင် အခြားနေရာများလည်း ဖြစ်နိုင်ကြောင်း ပြောခဲ့သည်။

နယူးယောက်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့်တွေ့ဆုံစဉ် အမေရိကန်သမ္မတထရန့်က ထိုသို့ပြောခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် သမ္မတထရန့်က မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံ ဆွေးနွေးပွဲမှာ မကြာမီကာလတွင် အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊ သို့သော် ဇွန်လအတွင်းက ပြုလုပ်ခဲ့သည့်နေရာတွင် နောက်တစ်ကြိမ်ဆွေးနွေးပွဲ ပြုလုပ်သွားရန် ရည်ရွယ်မထားကြောင်း ပြောခဲ့သည်။

အသေးစိတ်အချက်အလက်များကို မကြာမီ ကြေညာသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲရလဒ်များကို တောင်ကိုရီးယားသမ္မတမွန်က အမေရိကန်သမ္မတထရန့်ကို ပြောပြခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယားခေါင်းဆောင်သည် အမေရိကန်သမ္မတနှင့် မကြာမီအချိန်အတွင်းတွင် တွေ့ဆုံရန် ရည်ရွယ်ထားပြီး နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် အတူတကွလုပ်ဆောင်သွားမည်ဟု မျှော်လင့်ထားကြောင်း တောင်ကိုရီးယားသမ္မတက ပြောသည်။ တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအစည်းအဝေးတွင် မြောက်ကိုရီးယားက အကယ်၍ အမေရိကန်ဘက်မှ သင့်တော်သည့်လုပ်ဆောင်မှုမျိုး ဆောင်ရွက်ပါက ယောင်ဗြွန်း နျူကလီးယားစက်ရုံကို ပိတ်သိမ်းရန် အဆင်သင့်ဟု ပြောခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ပထမဆုံး ဂျာမန်ကားထုတ်လုပ်သူ ပေါ်ရှေး ဒီဇယ်အင်ဂျင်များကို စွန့်လွှတ်မည်

**ဘာလင် စက်တင်ဘာ ၂၅**

ရုပ်ထွက်ကောင်းသော အမြန်မောင်းနိုင်သည့် အပျော်စီးကားငယ်များ ထုတ်လုပ်သည့် ပေါ်ရှေးကုမ္ပဏီသည် ဒီဇယ်အင်ဂျင်များကို စွန့်လွှတ်လိုက်သည့် ပထမဆုံး ဂျာမနီနိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်သူဖြစ်လာနိုင်ကြောင်း အေအက်ဖ်ပီသတင်းတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ပေါ်ရှေး ဒီဇယ်ကားများကို အနာဂတ်တွင် ထပ်မံမြင်တွေ့နိုင်တော့မည်မဟုတ်ကြောင်း အမှုဆောင်အရာရှိချုပ်ဖြစ်သူ အိုလီဗာဘလွန်းက Bild am Sonntag သတင်းစာသို့ ပြောခဲ့သည်။

ဇိမ်ခံ ရုပ်ထွက်ကောင်း အမြန်မောင်းနိုင်သည့် အပျော်စီးကားများသည် အရည်အသွေးကောင်းပြီး စွမ်းအားပြည့်ပေါက်ကွဲမှုကောင်းသည့် အင်ဂျင်ကို အသုံးပြုထားကာ နှစ်မျိုးစပ် ကားအမျိုးအစားများဖြစ်ပြီး ၂၀၁၉ ခုနှစ်မှစကာ အရည်အသွေး ပြည့်ဝကောင်းမွန်သော လျှပ်စစ်ကားများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီမြို့ အတော်များများတွင် လေထုညစ်ညမ်းမှုကိုဖြစ်စေသဖြင့် ဒီဇယ်ကားများမောင်းနှင်မှုကို ပိတ်ပင်ထားရာ ဒီဇယ်ကားများ၏ ရောင်းအားမှာ ဆက်တိုက်ကျဆင်းလျက်ရှိသည်။ အဆိုပါ အရေးနှင့်ပတ်သက်ပြီး ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် ကားထုတ်လုပ်သည့် ကုမ္ပဏီအကြီးအကဲများနှင့် ဘာလင်၌ ဆွေးနွေးတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇယ်ပြဿနာက ကျွန်တော်တို့ကို အတော့်ကို အကျပ်ရိုက်စေတယ်" ဟု ဘလွန်းက ပြောခဲ့သည်။ သိပ်မကြာသေးခင် လများအတွင်းကလည်း ဂျာမနီဖက်ဒရယ်ပို့ဆောင်ရေး အာဏာပိုင်များက ဥရောပရှိ ပေါ်ရှေး SUVs စီးရေ ၆၀၀၀၀ နီးပါးကို ပြန်လည်သိမ်းဆည်းရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဖူဂျီကုမ္ပဏီက iPS ဆဲလ်သုံးပြီး ရောဂါသစ်များကာကွယ်ရန် စမ်းသပ်မှုပြုလုပ်သွားမည်ဟုဆို

**တိုကျို စက်တင်ဘာ ၂၅**

ရိုးတွင်းခြင်ဆီအစားထိုးကုသမှုဖြင့် သွေးကင်ဆာကို ကုသနိုင်ခဲ့ပြီးနောက် ကင်မရာနှင့် ဆေးဘက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများထုတ်လုပ်သည့် ဖူဂျီကော်ပိုရေးရှင်းက ပြုပြင်ဖန်တီးထားသော ပင်မဆဲလ်ကိုအသုံးပြုပြီး ပြင်းထန်သော ရောဂါသစ်များကို ကာကွယ်ရန် စမ်းသပ်ဆေးဝါးကုသမှုများကို လာမည့်နှစ်တွင်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း ကုမ္ပဏီတာဝန်ရှိသူများက မကြာသေးမီက ပြောကြားခဲ့သည်။

ဆေးဘက်ဆိုင်ရာစီးပွားရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာသည့် ကင်မရာနှင့် ဆေးဘက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများထုတ်လုပ်သည့် ဖူဂျီကော်ပိုရေးရှင်းသည် စမ်းသပ်ဆေးဝါးကုသမှုလုပ်ဆောင်ရန် မတ်လကုန်တွင် အစိုးရထံမှ ခွင့်ပြုချက်လျှောက်ထားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စမ်းသပ်ဆေးဝါးကုသမှုများကို လုပ်ဆောင်ရာတွင် ဂျပန်ကုမ္ပဏီများထဲတွင် ဖူဂျီကော်ပိုရေးရှင်းသည် ပထမဆုံးဖြစ်ကြောင်း သိရသည်။ ယင်းက iPS ဆဲလ်များကို ပိုမိုသုံးစွဲနိုင်ရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖူဂျီကော်ပိုရေးရှင်းသည် iPS ဆဲလ်များမှ ထုတ်လုပ်ထားသည့် ထုတ်ကုန်များကို လာမည့် ၂၀၂၂ အစောပိုင်းတွင် ရောင်းချသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။ iPS ဆဲလ်များမှ ထုတ်လုပ်ရရှိသည့် Mesenchymal stem cells များကို ရောဂါခံစားနေရသူ တစ်ဦးချင်းစီကို ထိုးပေးသည့်အခါ ၎င်းတို့သည် ပိုမိုတိုးတက်ကောင်းမွန်လာသော အခြေအနေသို့ ရောက်ရှိလာကြောင်း သိရသည်။




**ကျိုတို**

## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စရေးတပ်ဖွဲ့များနှင့် ပဋိပက္ခဖြစ်ပွားရာမှ ပါလက်စတိုင်းတစ်ဦးသေဆုံး

**ဂါဇာ စက်တင်ဘာ ၂၅**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းတွင် ပါလက်စတိုင်းဆန္ဒပြသူများနှင့် အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပဋိပက္ခများဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းတစ်ဦး အသတ်ခံရပြီး ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးက ပြောသည်။ ပထမဦးဆုံးဆန္ဒပြရာတွင် ငါးဖမ်းစက်လှေများ ဂါဇာဒေသမြောက်ပိုင်းကမ်းရိုးတန်းမှ အစ္စရေးနယ်စပ်မရောက်မီ ဖြစ်ပွားခဲ့သည်။ အစ္စရေးရေတပ်သည် ငါးဖမ်းစက်လှေ ၂၅ စင်းကို နယ်စပ်မဝင်မီ ပြန်လည်ဆုတ်ခွာသွားရန် ပစ်ခတ်မှုများပြုလုပ်ခဲ့သည်။

ဒုတိယအကြိမ် ဆန္ဒပြပွဲသည် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းကမ်းခြေတွင် ဖြစ်ပွားခဲ့သည်။ လူရာပေါင်းများစွာတို့သည် ပါလက်စတိုင်းအလံများကို ဝှေ့ယမ်းခဲ့ကြပြီး နယ်စပ်ရှိ အစ္စရေးစစ်သားများကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ အဆိုပါ ဆန္ဒပြမှု နှစ်ခုစလုံးမှာ အစ္စရေးတို့၏ ပိတ်ဆို့မှုကို ပြန်လည်တွန်းလှန်ရန်ကြိုးပမ်းသည့် ဆန္ဒပြပွဲများကို လုပ်ဆောင်သည့်အဖွဲ့အစည်းဖြစ်သည့် ပါလက်စတိုင်းကော်မရှင်၏ စုစည်းမှုဖြင့် ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။

မတ်လ ၃၀ ရက်မှစကာ ပါလက်စတိုင်းတို့၏ ဆန္ဒပြပွဲများအတွင်း အစ္စရေးတပ်ဖွဲ့၏ လက်ချက်ကြောင့် ပါလက်စတိုင်း ၁၈၅ ဦး သေဆုံးခဲ့ပြီး လူပေါင်းနှစ်သောင်းနီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Ashraf al - Qedra က ပြောသည်။ **ဆင်ဟွာ**

### နယူးဇီလန်ဝန်ကြီးချုပ် ကလေးနှင့်အတူ ကုလအစည်းအဝေးသို့ တက်ရောက်

**ဂျီနီဗာ စက်တင်ဘာ ၂၅**

နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါ အာဒရန်သည် နယူးယောက်မြို့တွင် ပြုလုပ်သည့် ကုလသမဂ္ဂ အစည်းအဝေးသို့ ၎င်း၏ သုံးလအရွယ်သမီးဖြစ်သူနှင့် အတူ တက်ရောက်ခဲ့ရာ ကလေးကို ပထမဆုံးအကြိမ် လူမြင်ကွင်းသို့ ထုတ်ပြခဲ့ခြင်းဖြစ်သည်။

နယူးဇီလန် ဝန်ကြီးချုပ်သည် တနင်္လာနေ့က ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားခဲ့သည်။ ထိုပွဲတွင် ၎င်း၏ချစ်သူကလာ့ခ်ဂေးဖို့ဒ်နှင့် သမီးဖြစ်သူတို့မှာ နယူးဇီလန်ကိုယ်စားလှယ်အဖွဲ့နေရာတွင် ထိုင်နေခဲ့ကြသည်။

နယူးဇီလန်ဝန်ကြီးချုပ်သည် ၎င်း၏ တာဝန်များကို လွန်ခဲ့သောလမှစတင်ကာ ပြန်လည်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဇွန်လအတွင်းက ကလေးမွေးဖွားခဲ့ပြီး ကမ္ဘာပေါ်တွင် ပထမဦးဆုံးဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်စဉ် မီးခွင့်ခံစားခဲ့သော နိုင်ငံ့ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ ဂျက်စင်ဒါသည်အစိုးရတာဝန်ဖြင့် သွားရောက်ရသည့် နိုင်ငံခြားခရီးစဉ်အတွင်း ပထမဆုံးအကြိမ်အဖြစ် သမီးဖြစ်သူကို ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဆီအုန်းစိုက်ပျိုးခြင်းကို ရပ်ဆိုင်းတော့မယ့် အင်ဒိုနီးရှားနိုင်ငံ

**ခြူးစန္ဒီနွေး**

ဆီအုန်းစိုက်ပျိုးခြင်းဆိုတာ အင်ဒိုနီးရှားနိုင်ငံရဲ့အဓိကစီးပွားရေးလုပ်ငန်းတစ်ခုပါ။ အင်ဒိုနီးရှားနိုင်ငံဟာ အကြီးဆုံး ဆီအုန်းထုတ်လုပ်တဲ့နိုင်ငံ ဖြစ်သလို ကမ္ဘာပေါ်မှာ အသုံးပြုနေတဲ့ စားအုန်းဆီပမာဏရဲ့ ထက်ဝက်နီးပါးကို ထုတ်လုပ်ပေးနေတဲ့ နိုင်ငံလည်းဖြစ်တယ်။ တရုတ်နဲ့ အိန္ဒိယတို့ဟာဆိုရင် စားအုန်းဆီတင်သွင်းတဲ့ အဓိကနိုင်ငံတွေလည်း ဖြစ်တယ်။



### စားအုန်းဆီရဲ့အသုံးဝင်ပုံ

စားအုန်းဆီဟာ နေရာအတော်များများမှာ အသုံးဝင်ပါတယ်။ စားသောက်ကုန်လုပ်ငန်းတွေမှာ မပါမဖြစ်ပါရတဲ့ ပါဝင်ပစ္စည်းဖြစ်လာသလို ဟင်းချက်ဆီအဖြစ်လည်း အသုံးပြုပါတယ်။ ချောကလက်၊ ဘီစကွတ်တို့အပြင် ပီကေအထိပါ ပါဝင်ပါတယ်။ အလှကုန်ပစ္စည်းတွေ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုအတွက် အသုံးပြုတဲ့ပစ္စည်းတွေဖြစ်တဲ့ ဆပ်ပြာအထိပါ အသုံးပြုပါတယ်။ ဒါတွေအပြင် စွမ်းအင်ကဏ္ဍအတွက်ပါ အသုံးဝင်ပါတယ်။ ဘိုင်အိုဒီဇယ်ထုတ်လုပ်ရာမှာလည်း အသုံးပြုပါတယ်။

### စိုက်ခင်းအသစ်ဖော်ထုတ်ခြင်း ရပ်ဆိုင်း

ဒါကြောင့်လည်း ဆီအုန်းစိုက်ပျိုးခြင်းဟာ အင်ဒိုနီးရှားနိုင်ငံအတွက် အဓိကစီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာပါတယ်။ အခုအခါမှာတော့ အင်ဒိုနီးရှားသမ္မတဟာ ဆီအုန်းတိုးမြှင့်စိုက်ပျိုးမှုအသစ်တွေကို တရားဝင်ဆိုင်းငံ့ဖို့ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အရာရှိတစ်ဦးက ကြာသပတေးနေ့မှာ ပြောလိုက်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသမားတွေရဲ့ ကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ အရွေ့တစ်ခုလို့ ပြောရမှာပါ။

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ လုပ်ဆောင်

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို လက်မှတ်ရေးထိုးလိုက်တဲ့ ဆီအုန်းစိုက်ပျိုးမှုကို တရားဝင်ဆိုင်းငံ့ထားဖို့ သဘောတူညီမှုဟာဆိုရင် သုံးနှစ်တာကြာမြင့်မှာဖြစ်တယ်လို့ စီးပွားရေးကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပရာဘီယန်တိုမော့ခ်တီ ဝီဘိုဝိုက ပြောပါတယ်။ ဒီလိုမျိုး ဆီအုန်းစိုက်ပျိုးခြင်းကို ရပ်ဆိုင်းထားတာဟာဆိုရင် အစိုးရရဲ့ ဆီအုန်းရေရှည်စိုက်ပျိုးရေးကို ဖွံ့ဖြိုးစေဖို့ရယ်၊ ဆီအုန်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်သူတွေ အထွက်တိုးလာဖို့ရယ်၊ ပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ရေရှည်ထိန်းသိမ်းနိုင်ဖို့ရယ်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချဖို့ရယ် အတွက် လုပ်ဆောင်ရခြင်းဖြစ်တယ်လို့ ၎င်းက အေအက်ဖ်ပီကို ပြောပါတယ်။ ဆူမားတြားကျွန်း၊ ပါပူအာ ဘော်နီယို အစိတ်အပိုင်းတွေမှာ မကြာသေးမီ နှစ်များကစလို့ ဆီအုန်းစိုက်ပျိုးခြင်းတွေကို အရှိန်အဟုန်မြင့် ဆောင်ရွက်လာတယ်။ ကုမ္ပဏီအတွက် ကြီးမားတဲ့ အကျိုးအမြတ်ရလာသလို အစိုးရကိုပေးသွင်းရတဲ့ ကျန်းမာရေးအခွန်ကလည်း များလာတယ်။

### သစ်တောတွေပျက်စီးရ

ဒါပေမယ့်လည်း ဆီအုန်းတွေ အလျင်အမြန် တိုးချဲ့စိုက်ပျိုးလာလို့ အပူပိုင်းသစ်တောတွေ ပျက်စီးရတယ်ဆိုတဲ့ အပြစ်တင်မှုတွေလည်း ပေါ်ပေါက်လာပါတယ်။ အပူပိုင်းသစ်တောတွေဟာ မျိုးစိတ်ပေါင်းများစွာ ရှင်သန်ပေါက်ပွားရာနေရာဖြစ်ပြီး အပူချိန်မြင့်တဲ့ ရာသီတွေမှာ တရားမဝင် မြေယာခုတ်ထွင်ရှင်းလင်းမှု၊ မီးရှို့ရှင်းလင်းမှုတွေကြောင့် တောမီးလောင်ကျွမ်းရမှုတွေလည်း နှစ်စဉ်ဆိုသလို ဖြစ်ပေါ်လေ့ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့ဖြစ်တဲ့ Walhi အဖွဲ့အစည်းကတော့ ဆီအုန်းစိုက်ပျိုးမှု တရားဝင်ရပ်ဆိုင်းလိုက်ခြင်းကို ကြိုဆိုထောက်ခံပါတယ်။ သမ္မတရဲ့အမိန့်ဟာဆိုရင် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်တွေ ထိန်းသိမ်းဖို့အတွက် ပထမခြေလှမ်းပဲဖြစ်တယ်။ အထူးသဖြင့် ဆီအုန်းစိုက်ပျိုးမှု ကဏ္ဍမှာပေါ့လို့ Walhi အဖွဲ့အစည်းက ပြောခဲ့ပါတယ်။ ဆီအုန်းစိုက်ပျိုးမှုတွေကို ရပ်နားဖို့ အဆိုပြုလွှာတွေဟာ ၂၀၁၅ ခုနှစ်ကတည်းက ပေါ်ပေါက်လာခဲ့တာပါ။

### လျစ်လျူရှုမှုတွေရှိ

မီးအကြီးအကျယ် လောင်ကျွမ်းမှုကြောင့် အရှေ့တောင်အာရှမှာ အဆိပ်ဖြစ်တဲ့ မီးခိုးငွေ့တွေ သီတင်းပတ်များစွာ လွှမ်းခြုံနေခဲ့ရပါတယ်။ နောက်ပြီးတော့ မြေသြဇာကောင်းတဲ့ သစ်ဆွေးမြေဖြစ်လာစေဖို့ လုပ်ဆောင်မှုတွေကို ရပ်နားဖို့

> **"ဒါပေမယ့်လည်း ဆီအုန်းတွေ အလျင်အမြန် တိုးချဲ့စိုက်ပျိုးလာလို့ အပူပိုင်းသစ်တောတွေပျက်စီးရတယ်ဆိုတဲ့ အပြစ်တင်မှုတွေလည်း ပေါ်ပေါက်လာပါတယ်။ အပူပိုင်းသစ်တောတွေဟာ မျိုးစိတ်ပေါင်းများစွာ ရှင်သန်ပေါက်ပွားရာနေရာဖြစ်ပြီး အပူချိန်မြင့်တဲ့ရာသီတွေမှာ တရားမဝင် မြေယာခုတ်ထွင်ရှင်းလင်းမှု၊ မီးရှို့ရှင်းလင်းမှုတွေကြောင့် တောမီးလောင်ကျွမ်းရမှုတွေလည်း နှစ်စဉ်ဆိုသလို ဖြစ်ပေါ်လေ့ရှိ"**

ပြောဆိုမှုတွေကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့ပါတယ်။ တောမီးရှို့မှုတွေကို တားဆီးဖို့အတွက် အဓိကလုပ်ဆောင်ချက်လည်း ဖြစ်တယ်။ ဒါပေမယ့် ဒေသခံအစိုးရတွေက ဒီကိစ္စတွေကို လျစ်လျူရှုမှုတွေရှိနေတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက ပြောပါတယ်။

### အရေးယူဖို့ အတားအဆီးတွေရှိ

အချက်အလက်နည်းပါးခြင်း၊ သစ်တောမြေကျယ်ပြန့်လွန်းခြင်းတို့ကြောင့် အာဏာပိုင်တွေအနေနဲ့ စည်းမျဉ်းဥပဒေတွေအတိုင်းအရေးယူဖို့ဆိုတာ အတားအဆီးတွေ ရှိနေပါတယ်။ ၂၀၁၅ ခုနှစ်ကစလို့ အစိုးရဟာ သစ်ဆွေးမြေဖော်ထုတ်စိုက်ပျိုးခြင်းကို ပိတ်ပင်ခဲ့ပါတယ်။ သစ်ဆွေးမြေ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် မီးလောင်လွယ်တဲ့နေရာတွေဖြစ်လာတယ်။ အင်ဒိုနီးရှားနဲ့ မလေးရှားတို့ ဇီဝလောင်စာမှာ ဆီအုန်းအသုံးပြုနေခြင်းကိုတားဆီးဖို့အတွက် ဥရောပပါလီမန်မှာ အငြင်းအခုံဖြစ်ခဲ့ကြပြီးနောက် အခုလိုဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းလည်းဖြစ်တယ်။

### မဲပေးဆုံးဖြတ်

ဆီအုန်းကနေ ဇီဝလောင်စာထုတ်လုပ်ခြင်းကို ၂၀၃၀ အထိ ပိတ်ထားဖို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဥပဒေကြမ်းကိုမဲပေးခဲ့ကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအတွက် စိုးရိမ်မှုများမြင့်တက်နေချိန် အခုလိုမဲပေးဆုံးဖြတ်မှုဖြစ်ပေါ်လာခဲ့ပါတယ်။ စားအုန်းဆီတင်ပို့တဲ့ အဓိကနိုင်ငံတွေဖြစ်တဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတို့အတွက်တော့ ထိခိုက်မှုတွေ ရှိလာနိုင်ပါတယ်။

### အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးလာ

ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းတွေ တိုးချဲ့လာခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာတာလည်းအမှန်ပါပဲ။ လူနေမှုအဆင့်အတန်းလည်းမြင့်မားလာခဲ့ပါတယ်။ UNDP ရဲ့တွက်ချက်မှုအရ ဆီအုန်းစိုက်ပျိုးရေးကဏ္ဍကနေ အလုပ်အကိုင်နေရာပေါင်း ၁၆ သန်းကို ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ ဒီလိုမျိုး ကောင်းတဲ့အကျိုးကျေးဇူးတွေရှိသလို တစ်ဖက်မှာလည်း ဆိုးကျိုးတွေ ရှိနေပါတယ်။

### ဆိုးကျိုးများ

ဒါကတော့ ဆီအုန်းစိုက်ပျိုးတော့မယ်ဆိုရင် အပူပိုင်းသစ်တောတွေကို ရှင်းလင်းပစ်ဖို့ လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်အတွက် အဓိကစိန်ခေါ်မှုကတော့ မိုးသစ်တောတွေ ပျက်စီးသွားမှာကိုပါပဲ။ ဂေဟစနစ်တွေ၊ ဇီဝမျိုးကွဲတွေ ထိခိုက်လာမှာကိုလည်း စိုးရိမ်ကြပါတယ်။ သစ်တောပြုန်းတီးမှုတွေကြောင့် အင်ဒိုနီးရှားနိုင်ငံဟာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုမြင့်မားတဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဆီအုန်းစိုက်ခင်းတွေအတွက် မြေယာရှင်းလင်းရာမှာ မီးရှို့ရှင်းလင်းမှုတွေကြောင့် တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်ရပါတယ်။

အစိုးရက တားမြစ်ထားပေမယ့် တရားမဝင် မြေယာရှင်းလင်းမှုတွေ ရှိနေခဲ့ပါတယ်။ ဒါ့အပြင် ဆီအုန်းစိုက်ပျိုးမှုကြောင့် မြေဆီလွှာပျက်စီးရမှုအစရှိတဲ့ အကျိုးသက်ရောက်မှုတွေလည်း ရှိပါတယ်။ မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ အသုံးပြုရမှုကြောင့် ထိခိုက်လာရတာလည်း ဖြစ်တယ်။

### ပြန်လည်ကုသမှုလုပ်ငန်းစဉ်

ဒါကြောင့်လည်း အစိုးရဟာ ၂၀၁၁ ခုနှစ်ကနေ၊ ၂၀၁၅ ခုနှစ်အထိ သစ်တောတွေမှာ မြေယာရှင်းလင်းမှုအသစ်တွေကို ရပ်ဆိုင်းဖို့ တားမြစ်ခဲ့ပါတယ်။ အခု ၂၀၁၈ ခုနှစ်မှာ သမ္မတက ဆီအုန်းစိုက်ခင်းသစ်ဖော်ထုတ်မှုတွေကို ရပ်ဆိုင်းဖို့အမိန့်ပေးခဲ့တဲ့အတွက် ပြန်လည်ကုသမှုလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာမှာပါ။

**ကိုးကား-အေအက်ဖ်ပီ၊ ဝီကီပီးဒီးယား**

# (၁၁၈) ကြိမ်မြောက် ၁၂၁ နှစ်ပြည့် ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်ပိတ်ပွဲ ကျင်းပ

**ပေါင်းတည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် (၁၁၈) ကြိမ်မြောက်ဗုဒ္ဓမြတ်စွယ်တော်လှည့်လည် အပူဇော်ခံပွဲတော်ကြီး အောင်မြင်စွာ ကျင်းပပြီးမြောက်သည့် အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် ည ၁၀ နာရီမှ စတင်၍ ဈေး(၂)ရပ်ကွက် ရွှေကျောင်းကြီးတိုက်အတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော် အာရုံခံတန်ဆောင်း၌ ပြုလုပ်သည်။



ရှေးဦးစွာ အခမ်းအနားတွင် နမောတဿသုံးကြိမ်ရွတ်ဆို ပူဇော်ပြီး ညှိသည်တော်များနှင့် ဘုရားဖူး ပရိသတ်များက ငါးပါးသီလ ခံယူကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား နှစ်ပတ်လည် စံမြန်းရာ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်အတွင်းသို့ လက်ရှိ အပူဇော်ခံရာ အာရုံခံတန်ဆောင်းအတွင်းရှိ ရွှေကျောင်းဆောင် ရွှေပလ္လင်ထက်ပေါ်မှ ပြန်လည်ပင့်ဆောင်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူး ဦးဝင်းတင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ရတနာအား ဆရာမ ဒေါ်မြင့်စိုး (ငြိမ်း)နှင့် မြို့မ အထက ကျောင်း အထက်တန်းပြဆရာမ ဒေါ်မေသူအောင် နှင့် ဦးရွှေတိုးက မြန်မာပြည်စွမ်း မင်္ဂလာဆိုင်းဖြင့် အတူပြန်လည်ကြွမြန်းတော်မူရန် အချိန်သင့်ပြီ ဖြစ်ပါကြောင်း ဂါထာတော်များ၊ တေးထပ်များဖြင့် ရွတ်ဆိုပူဇော်၍ ပင့်လျှောက်ကြသည်။

ထို့နောက် အခမ်းအနားစီစဉ်မှုအဖွဲ့ဥက္ကဋ္ဌက ဗုဒ္ဓမြတ်စွယ်တော်အား စိန်ကြုတ်တော်ပိတ်ကာ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ကျော်ကျော်နိုင် ထံသို့ ပေးအပ်ပြီး အဆင့်ဆင့်ပင့်ဆောင်၍ ဗုဒ္ဓမြတ်စွယ်တော်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း ကြေညာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲပထမအဆင့်အောင် မြန်မာအမျိုးသမီးအသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**

နီပေါနိုင်ငံ၌ ကျင်းပသည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အောင်မြင်ခဲ့သည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စက်တင်ဘာ ၂၄ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (င) ၌ ပါဝင်ခဲ့ပြီး သုံးပွဲစလုံးအနိုင်ရကာ အုပ်စုပထမဖြင့် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုပထမရသည့် မြန်မာအပါအဝင် သြစတြေးလျ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ အကောင်းဆုံးအုပ်စုဒုတိယနေရာရသည့် အီရန်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်အသင်းတို့ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် ထိပ်ဆုံးနှစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲအတွက် အောက်တိုဘာလဒုတိယပတ်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲအောင် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**- ဒေါက်တာ အောင်ကျော်ဦး၊ **နည်းပြချုပ်** - ဒေါ်စန်းစန်းသိန်း၊ **နည်းစနစ် အကြံပေး**- ဦးအေးမောင်ကြီး၊ **လက်ထောက်နည်းပြ** - ဒေါ်နွယ်နွယ်တိုး၊ **ဂိုးနည်းပြ**- ဒေါ်မေခင်ယမင်း၊ **ဂိုး** - စိမ်းလတ်လတ်ဦး၊ ပိုးဉ၊ ခင်မြတ်မိုး၊ **နောက်တန်း** -ဖူးဖူးဇင်ဇော်၊ မေသွေးကို၊ မေသက်မွန်မြင့်၊ လာအဲဝါ၊ ရတနာဦး၊ **အလယ်တန်း** - ကေကေ၊ ဝေဖူးအိမ်ဝင်းဝင်း၊ ပုံ့ပုံ့ပြည့်မောင်၊ဆုနှင်းဖွေး၊ ဇင်မာထွေး၊ ဖြူဖြူဝင်း၊ **ရှေ့တန်း** - မြတ်နိုးခင်၊ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ထက်ထက်ဝင်းနှင့် ဂျူလိုင်ချာတို့ ပါဝင်ကြသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ- MFF**

အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အောင်မြင်ခဲ့သည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းအား ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။



# မလေးရှား၌ ပြုလုပ်သည့် အားကစားဆိုင်ရာစီရင်ဆုံးဖြတ်ခြင်း အောင်လက်မှတ် ချီးမြှင့်သည့် အစီအစဉ်တက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြုလုပ်မည့် AIAC Certificate Programme in Sports Arbitration ကို တက်ရောက်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏တာဝန်ပေးချက်အရ အပြည်ပြည်ဆိုင်ရာ အာရှဘတ်စကက်ဘော အဖွဲ့ချုပ်၏ ဥရောပရေးရာကော်မတီအဖွဲ့ဝင်၊ ထိုင်းနိုင်ငံ အခြေစိုက် law Firm တစ်ခုဖြစ်သော Decha&Co ၏ ဥပဒေအတိုင်ပင်ခံ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်သည် စက်တင်ဘာ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။



**အေကေလင်း**

# ပျော်ဘွယ်မြို့နယ်မှ မိုးစပါး ၁၁၁၇၅ ဧကကို စက်တင်ဘာလကုန်တွင် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းမှ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၁၁၇၅ ဧကအနက် ယနေ့အထိ ၉၄၉၈ ဧကခန့်ကို မြို့နယ်အတွင်းရှိ ဆည်၊ ကန်များမှ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့်အတွက် လျာထားဧက၏ ၈၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးရေရရှိနေပြီး စီမံကိန်းလျာထားချက် ဧကအားလုံးကို စက်တင်ဘာလကုန်ခန့်တွင် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဆည်၊ ကန်များမှ ယခင်နှစ်က မိုးစပါး ၉၀၉၈ ဧကအတွက်သာ ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်တွင်မူ အဓိက ဆည်၊ ကန်များဖြစ်သည့် ချောင်းမကြီးဆည်၊ သဖန်းချောင်းဆည်၊ နတ်ကာဆည်၊ ကျောက်ဆည်ကန်နှင့် ယင်းတော်ကန်တို့မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မောင်မွှေး**

# ရန်ကုန်ရွှေဈေးနှုန်း ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့

**ရန်ကုန် စက်တင်ဘာ ၂၅** - ယနေ့တွင် ရွှေဈေးကွက်အတွင်း ဂယက်ရိုက်မှုများကြောင့် ရွှေဈေးနှုန်း ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။ ရွှေဈေးကွက်အတွင်း ဈေးနှုန်းကစားသူများကို သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေး ခြင်းနှင့် အချို့သော လုပ်ငန်းရှင်များလည်း အလုပ်ရပ်နားခြင်းများရှိနေကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

"ဈေးတွေက ဒီနေ့ မဖွင့်ဘူး။ ကျွန်တော်တို့ နေ့စဉ်ရွှေဈေးနှုန်းကို သတ်မှတ်ပြီးတာနဲ့ အကြောင်းကြားပေးပါ့မယ်" ဟု ရွှေဆိုင်တစ်ဆိုင်မှ တာဝန်ခံက ပြောသည်။ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး အချို့ရွှေဆိုင်များကမူ စက်တင်ဘာ ၂၄ရက် ရွှေဈေးနှုန်းဖြစ်သည့် ငွေကျပ် ၉၉၇၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေကြောင်း သိရသည်။ **ခင်ရတနာ**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၉-၂၀၁၈

### ရွှေ

(ယနေ့ ရွှေဈေးကွက် မဖွင့်ပါ)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၃၅/၁၀၅၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၅/၁၀၂၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၅/၁၀၇၅ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၈၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၅၉ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၅၈ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၇၅ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၁ · ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၄၈ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၃၀ · ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၇၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၁ · ၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၂ · ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၇၈၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# အောက်တိုဘာ ၁၄ ရက် အမျိုးသားကဇာတ်ရုံမှာ တစ်ကိုယ်တော် ဖျော်ဖြေပွဲ ဖန်တီးမည့် စိုင်းစိုင်းခမ်းလှိုင် ဘာတွေပြင်ဆင်နေသလဲ

ဂီတလောကထဲကို အက်စ်ဆိုတဲ့ အဖွဲ့လေးဖွဲ့ပြီး ဝင်ရောက်လာခဲ့ကာ ထိုအဖွဲ့ကနေ ခွဲထွက်ပြီး တစ်ကိုယ်တော်ဂီတကို ဖန်တီးခဲ့သည့် အဆိုတော် စိုင်းစိုင်းခမ်းလှိုင် အနေဖြင့် ယနေ့ဆိုလျှင် နှုတ်ခမ်းနီမလေးတွေ၏ အသည်းစွဲသူတစ်ဦး ဖြစ်နေပြီဖြစ်သည်။ သူ၏ဂီတနှင့် ပတ်သက်၍ ပရိသတ်ကို သူ၏ငယ်ဘဝအိပ်မက်တွေ အကောင်အထည်ဖော်ဖို့ အောက်တိုဘာ ၁၄ ရက် ည ၆ နာရီ ခွဲတွင် ရန်ကုန်မြို့ ပန်းတျာလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် "ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း" ဟု အမည်ပေးထားသော ဂီတဖျော်ဖြေပွဲကြီးကို ကျင်းပသွားမည်ဟု သိရသည်။

"သီချင်းအပုဒ်ရေအနေနဲ့ ကျွန်တော် သေချာမသတ်မှတ်ရသေးဘူး။ ၁၇ ပုဒ်၊ အပုဒ် ၃၀ ကျော် တစ်ခုခုဖြစ်မယ်။ ကျွန်တော့်တစ်ကိုယ်တော်ပွဲ ဖြစ်တာမို့ ကျွန်တော့်သီချင်းတွေကြီး သီးသန့်နားဆင်နိုင်အောင်လို့ပါ၊ နောက် ဧည့်သည်အဆိုတော်တွေ တော့ ပါမှာပါ၊ ဒါပေမယ့် သူတို့က ကျွန်တော်နဲ့ တွဲဆိုခဲ့ဖူးတာတွေပဲ ဆိုမှာပါ၊ သူတို့ကိုယ်ပိုင်သီချင်းတွေ ဆိုမှာမဟုတ်ပါဘူး၊ ဒါကြောင့်မို့ ခေါင်းစဉ်ပေးထားတဲ့အတိုင်း စိုင်းစိုင်း ရှိုးဆိုတဲ့အတိုင်း ကျွန်တော့်ပွဲသီးသန့်ဆိုလည်း မမှားပါဘူး။

လက်မှတ်ဈေးနှုန်းများအနေဖြင့် အမျိုးသားကဇာတ်ရုံဖြစ်ခြင်းကြောင့် သူ့အနေဖြင့် မွေးနေ့ပွဲကျင်းပတုန်းကပုံစံမျိုး၊ အများသူငါလွယ်ကူစွာ ဝင်ရောက်ကြည့်ရှုနိုင်သလိုမျိုး ဖြစ်နိုင်မည်မဟုတ်ကြောင်း၊ နေရာအခက်အခဲရှိသောကြောင့် ကန့်သတ်ချက်နှင့် ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

"အမျိုးသားကဇာတ်ရုံမှာ ဖျော်ဖြေမယ်ဆိုတော့ ကျွန်တော်ပျော်တာပေါ့၊ ကျွန်တော် ငယ်ငယ်ကတည်းကမက်ခဲ့တဲ့ အိပ်မက်တစ်ခုဆိုလည်း မမှားပါဘူး၊ ကျွန်တော်အဆိုတော် ပေါက်စဘဝတုန်းက နောက်ခံသီချင်းလေးတွေ လိုက်ဆိုခဲ့ဖူးတယ်၊ အဲ့ဒီတုန်းက မှတ်မှတ်ရရ မသီရိဂျေမောင်မောင်ပွဲမှာ ဆိုဖူးတာ၊ အဲ့တုန်းက စိတ်ကူးတစ်ခုရှိဖူးတယ်။ တစ်ချိန်ကျရင် ငါလည်းဒီနေရာလေးမှာ ပွဲလေးလုပ်ချင်တယ်ဆိုတဲ့ စိတ်ကူးလေး ရှိခဲ့ဖူးပါတယ်။ သံစုံတီးဝိုင်းလေးလည်းပါတယ်ဆိုတော့ ကျွန်တော် ဒီနှစ်မှာတော့ အမျိုးသားကဇာတ်ရုံမှာပဲ လုပ်မယ်ဆိုပြီး ဖြစ်လာတာပါ။ ပရိသတ်နဲ့ အကြိုက်တူမယ်ထင်တဲ့ သီချင်းလေးကို ခေါင်းတည်ပြီး ပြုလုပ်မှာပါ။ ၂၀၁၁/၂၀၁၃ ခုနှစ်ကတည်းက သံစုံတီးဝိုင်းနဲ့ကဆိုခဲ့တာဆိုတော့ တစ်ပွဲလုံးကို သံစုံနဲ့သီဆိုမှာပါ။ ဆရာဓိရာမိုရ်ရဲ့အဖွဲ့နဲ့ သီဆိုမှာပါ။ မြူးဆစ်ကိုပဲ အဓိကထားပြီး ဖျော်ဖြေမှာပါ" ဟု ပြောဆိုသည်။

အဆိုပါ ပွဲလက်မှတ်များကို စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမရှိ Junction City တွင် စိုင်းစိုင်းကိုယ်တိုင် ပရိသတ်များနှင့် အတူ တွေ့ဆုံပြီး ရောင်းချခဲ့ကြောင်း၊ လက်မှတ်များကို ပရိသတ်တစ်ဦးလျှင် လက်မှတ်နှစ်စောင်နှုန်းဖြင့် သတ်မှတ်ရောင်းချခဲ့ကြောင်း တစ်စောင်လျှင် ငွေကျပ် ၅၀၀၀၀၊ ၃၀၀၀၀၊ ၂၀၀၀၀၊ ၁၀၀၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။



ကိုလင်း

## မြန်မာ့ဂန္ထဝင် တေးများပါဝင်သည့် "နန်းတွင်းရတနာ ဂီတမဟာ" တေးစီးရီး ဂန္ထဝင်အဆိုရှင်များ ပါဝင်ဖန်တီး

မြန်မာ့ဂန္ထဝင်တေးများစုစည်းကာ အကောင်းဆုံး ပြန်လည်ဖော်ကျူးထားသည့် "နန်းတွင်းရတနာ ဂီတမဟာ" သီချင်းခွေကို စက်တင်ဘာ ၂၀ ရက်တွင် Pro Recording မှ ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုက ဘယ်လိုခေတ်စနစ်တွေ ပြောင်းလာပေမယ့် တိမ်ကောသွားမှာ မဟုတ်ပါဘူး။ လူတိုင်းကတော့ ကိုယ့်ရဲ့ မိရိုးဖလာ အမွေအနှစ်တွေကို ထိန်းသိမ်းရမှာပါပဲ။ ဒါကြောင့် မဟာဂီတ တစ်ခေတ်ပြန်ဆန်းလာသလား ထင်ရအောင် ဖန်တီးထားပါတယ်"ဟု တေးသံရှင် ရီရီသင်းက ပြောသည်။

အဆိုပါ သီချင်းခွေတွင် နာမည်ကြီးအဆိုပညာရှင်များဖြစ်သော စန္ဒရားသက်ဆွေ၊ ရီရီသင်း၊ သန်းသန်းငြိမ်း၊ ဒါရိုက်တာရိုးရိုးတို့က သီဆိုထားကြပြီး တေးရေးဆရာအနေဖြင့် ဦးပြုံးချို ၊ မြဝတီမင်းကြီးဦးစနှင့် ရှေးစာဆိုများက ရေးထားကာ တေးသီချင်း ၁၈ ပုဒ်ပါဝင်ကြောင်း သိရသည်။

ကိုလင်း

## အိပ်မက်ဆုံရာ ရာသက်ပန် Season (4) Winner ဆုရှင် ပိုင်မင်းဟိန်း၏ "မမ"စီးရီးထွက်ရှိ

Bo Bo Music တေးထုတ်လုပ်ရေးကနေ ယခုလ ၂၂ ရက်တွင် အိပ်မက်ဆုံရာ ရာသက်ပန် Season (4) Winner ဆုရှင် ပိုင်မင်းဟိန်း၏ "မမ"စီးရီးကို စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ကိုယ်တိုင်ရေးသားထားတဲ့ သီချင်းလေးတွေပါ ပါတယ်။ ဒီအခွေလေးထဲမှာ ပါဝင်တဲ့ သီချင်းလေးတွေဆိုလည်း စိတ်ကြိုက်ဖန်တီးထားပါတယ်။ သီချင်းရွေးချယ်တဲ့အခါ မှာလည်း ပရိသတ်နဲ့ ကျွန်တော်အကြိုက်ချင်းထပ်တူကျမယ့် သီချင်းလေးတွေကို အဓိကထားပြီး ရွေးချယ်ဖန်တီးထားပါတယ်၊ သီချင်းတွေကို ကျွန်တော်ကိုယ်တိုင် ရေးဖွဲ့ထားတာမို့ အချို့လည်း နားထောင်ရတာ လိုအပ်ချက်တွေ ရှိကောင်းရှိနိုင်တာမို့ နားလည်ပေးပါလို့ ပြောချင်ပါတယ်"ဟု အဆိုတော် ပိုင်မင်းဟိန်းက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၀ ပုဒ်ပါဝင်ပြီး တေးရေးအဖြစ် စောခူဆဲ၊ ပိုင်မင်းဟိန်းတို့က ရေးသားထားကြပြီး အဆိုတော် အောင်ထက်၊ အိုင်းရင်းဇင်မာမြင့်တို့က ပါဝင်ကူညီသီဆိုထားကြသည်။

ကိုလင်း

## ဂျပန်နိုင်ငံ anello မှ မြန်မာနိုင်ငံ၏ အောင်မြင်ကျော်ကြားသော Project -k အကအဖွဲ့အား အထူးသံတမန်အဖြစ် ခန့်အပ်

၂၀၁၆ ခုနှစ်က ကိုရီးယားနိုင်ငံတွင် ပြုလုပ်ခဲ့သည့် Seoul Kpop International Cover Dance ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ သည့် မြန်မာနိုင်ငံကိုယ်စားပြု Project-k အကအဖွဲ့ ကို ဂျပန်နိုင်ငံမှ ထုတ်လုပ်သော anello အမှတ်တံဆိပ်က ambassadorship အဖြစ် ခန့်အပ်ခဲ့ပြီး အနုပညာအလုပ်များ ပူးပေါင်းလုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့ကို anello ကနေ အခုလို ambassadorship အဖြစ် ခန့်အပ်ခဲ့တာကို အများကြီး ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့လို လူငယ်တွေကို သံတမန်အဖြစ် ခန့်အပ်တယ်ဆိုတော့ သူတို့ရဲ့လုပ်ရှားမှု တိုင်းမှာရော ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတိုင်းမှာပါ အနုပညာဆန်တဲ့ ရင်းနှီးမှုတွေ အများကြီး ရမှာပါ။ ကျွန်တော်တို့လို လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အကအဖွဲ့အနေနဲ့လည်း ရှေ့ဆက်ပြီး အကပညာတွေကို ဆန်းသစ်တီထွင်ရင်း anello နဲ့ လက်တွဲပြီး အနုပညာအလုပ်တွေ လုပ်ဖို့ရှိပါ တယ်။

"ကျွန်တော်တို့ အဖွဲ့သီချင်းသစ်တွေကို ပရိသတ်တွေအနေနဲ့ ခံစားရတော့မှာပါ။ စက်တင်ဘာလကုန်မှာ ထွက်ဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ အနေနဲ့ အကချည်းပဲမဟုတ်ဘဲ အဆိုပိုင်းကိုပါ အဓိကထားပြီး လုပ်သွားမှာပါ။ သီချင်းကိုတော့ ကိုမိုးထက်က ရေးပေးထားပါတယ်။ "ပုံပြောကောင်းတဲ့ ချစ်သူ" လို့ နာမည်ပေးထားတယ်။ ဒီသီချင်းလေးအတွက် အကတွေ တိုက်နေတာ ၁၀ ရက်လောက်ရှိပြီ။ မကြိုက်လိုက် ပြန်တိုက်လိုက်နဲ့ပေါ့။ တစ်ရက်ကို ကျွန်တော်တို့ ရှစ်နာရီလောက် အကတိုက်ဖြစ်ခဲ့တယ်။ အဲ့ဒီလိုပြင်ဆင်ပြီးမှ Music Video ကို ရိုက်လိုက်တာပါ" ဟု Project-k မှ ဖိုးချမ်းက ဆိုသည်။

၎င်းတို့ ဖန်တီးထားသော တေးသီချင်းတစ်ပုဒ်ကိုလည်း စက်တင်ဘာ ၁၆ ရက်ကစပြီး ပရိသတ်တွေ ခံစားကြည့်ရှုနိုင်ရန် အတွက် အွန်လိုင်းတွင် တင်ထားကြောင်း သိရသည်။

ကိုလင်း





## ပရဟိတကျောင်းတွင် တစ်နေ့တာ အာဟာရနှင့် မုန့်များ ကျွေးမွေးလှူဒါန်းခဲ့သည့် ခင်အင်ကြင်းကျော်၏ မွေးနေ့ဒါန

အလှမယ် ခင်အင်ကြင်းကျော်က စက်တင်ဘာ ၂၅ ရက်တွင် ကျရောက်သည့် ၂၃ နှစ်ပြည့်မွေးနေ့ကို ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ မှန်ကင်း၂ ပရဟိတကျောင်းမှ ကလေးငယ်များနှင့် ဖြတ်သန်း ရသည့်အတွက် ဝမ်းသာကြည်နူးရကြောင်း ပြောကြားသည်။

"ကလေးတွေက အရွယ်စုံပဲ။ မွေးစကနေ ငါးနှစ်အောက်က အယောက် ၅၀ နဲ့ ငါးနှစ်ကနေ ၁၂ နှစ်အောက် အယောက် ၆၀ ရှိတယ်။ ကိုရင်လေးတွေလည်း ၃၀ ကျော်နဲ့ နဝမတန်းနဲ့ တက္ကသိုလ်ဝင်တန်း ၁၅ ယောက်ရှိတယ်။ မွေးနေ့မဟုတ်လည်း မိဘမဲ့ကျောင်းတွေကို မကြာခဏတော့ လှူဖြစ်ပါတယ်။ ဒီနေ့ တော့ မွေးနေ့အဖြစ် တစ်နေ့တာအာဟာရနဲ့ မုန့်တွေလှူဖြစ်သွားတာ။ ကလေးအသေးလေးတွေအတွက်ကတော့ နို့မှုန့်လှူတယ်။ ကလေးတွေက အလှူရှင်တွေရဲ့လှူဒါန်းမှုကြောင့် အဆင်ပြေနေတာကို တွေ့ရတော့ စိတ်မကောင်းတဲ့ကြားကပဲ ကြည်နူးမိ တယ်။ အလှူရှင်တွေလည်း ထပ်လှူပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ခင်အင်ကြင်းကျော်က ပြောသည်။

Miss Tourism Queen of the year Myanmar ဆု ရှင် ခင်အင်ကြင်းကျော်က သူ၏ ၂၃နှစ်ပြည့်မွေးနေ့ကိုမိသားစု၊ သူငယ်ချင်းများနှင့်အတူ အလှူကျင်းပခဲ့ခြင်းဖြစ်သည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

## Game of Thrones ရိုက်ကွင်းနေရာကို ပြည်သူများအတွက် ဖွင့်လှစ်ပြသပေးမည်

မြောက်အိုင်ယာလန်ရှိ Game of Thrones ဇာတ်လမ်းတွဲရိုက်ကူးခဲ့ရာ နေရာများကို ခရီးသွားများအား ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် ပြသပေးသွားမည်ဖြစ်သည်။ အအောင်မြင်ဆုံး ရုပ်သံစီးရီးတစ်ခုဟုပြောရမည့် Game of Thrones ရုပ်သံစီးရီးကို မြောက်အိုင်ယာလန်တွင် ရိုက်ကူးခဲ့ပြီးနောက် ခရီးသွားများအတွက် အခွင့်အရေးတစ်ခုအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ Bganbridge ရှိ Linen Mill စတူဒီယိုသည် ခရီးသွားများအတွက် ဆွဲဆောင်ရာနေရာတစ်ခုဖြစ်လာမည် ဖြစ်သည်။

ဇာတ်လမ်းတွဲရိုက်ကူးခဲ့ရာနေရာများတွင် ဇာတ်ဝင်ခန်းအသုံးအဆောင်ပစ္စည်းများကိုလည်း ပြသပေးသွားမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်အတွင်းဖွင့်လှစ်ပြသပေးသွားနိုင်မည်ဟု မျှော်လင့်ထားသည်။ HBO ကုမ္ပဏီအနေဖြင့်လည်း Game of Thrones အဖွဲ့သားများဖြင့် ရိုက်ကွင်းနေရာများကို ပြင်ဆင်ပြသရန် စိတ်အားထက်သန်လျက်ရှိပြီး မြောက်အိုင်ယာလန်သို့ အလည်အပတ်လာရောက်ရန် ပရိသတ်များကို ဖိတ်ခေါ်ကြောင်းလည်း HBO မှ အကြီးအကဲ ဂျက်ဖ်ပီတာက ပြောသည်။ ကမ္ဘာတစ်ဝန်းမှ Game of Thrones ပရိသတ်များလာရောက်ရန် ဖိတ်ခေါ်ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။ **ဘီဘီစီ**



## ဂျနီဖာအင်နစ္စတန်နှင့် လမ်းခွဲရသည်မှာ ကြေကွဲဖွယ်ဖြစ်ကြောင်း ဂျက်စတင်ပြော

ဂျက်စတင်သရူးနဲ့ ဂျနီဖာအင်နစ္စတန်တို့ လမ်းခွဲခဲ့ကြတာ ဖေဖော်ဝါရီလကတည်းကပါ။ အဲဒီအချိန်ကစလို့ ဂျနီဖာအင်နစ္စတန်နဲ့ လမ်းခွဲရတဲ့အကြောင်း ဘာမှမဟခဲ့တဲ့ ဂျက်စတင်ဟာ အခုအချိန်မှာတော့ သူ့ရဲ့စိတ်ခံစားမှုကို ပြောပြခဲ့ပါပြီ။ ဟောလိဝုဒ်ရဲ့ နာမည်ကြီးစုံတွဲဖြစ်တဲ့ ဂျနီဖာနဲ့ဂျက်စတင်တို့ဟာ နှစ်နှစ်ကြာပေါင်းသင်းပြီးနောက် လမ်းခွဲခဲ့တာပဲဖြစ်ပါတယ်။ လမ်းခွဲရတဲ့အတွက် တစ်ယောက်အပေါ်တစ်ယောက် မုန်းတီးမှုမရှိဘူးလို့လည်း ဂျက်စတင်က ပြောပါတယ်။ ရန်လိုမှုမရှိဘဲ ကြည်ကြည်သာသာနဲ့လမ်းခွဲခဲ့ကြတာပါလို့ သူက နယူးယောက်တိုင်းမ်နဲ့အင်တာဗျူးမှာ ဖြေခဲ့ပါတယ်။ ဒါပေမယ့်လည်း သူတို့ရဲ့လက်ထပ်မှုဟာ ကြေကွဲခြင်းနဲ့သာ အဆုံးသတ်ခဲ့ရတယ်လို့ ဂျက်စတင်က ဖြေပါတယ်။

လမ်းခွဲပြီးနောက်ပိုင်းလည်း သူငယ်ချင်းတွေလိုသာ ဆက်နေမယ်လို့ နှစ်ဦးသားဆိုခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ စတင်တွေ့ခဲ့ကြပြီး ၂၀၁၅ ခုနှစ်မှာတော့ နှစ်ဦးသားလက်ထပ်ခဲ့ကြပါတယ်။ ဂျနီဖာအင်နစ္စတန်ဟာ ဘရက်ပစ်နဲ့လည်း ၂၀၀၀ ပြည့်နှစ်မှာ လက်ထပ်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ ကွာရှင်းခဲ့ပါတယ်။ **ဟယ်လို**



ဓါး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၄၀)

# ဗီယက်နမ်ခရီး အမှတ်တရများ



ဦးဟန်ညွန့် (ဥပဒေ)

**ဗီယက်နမ်ခရီး**

ဗီယက်နမ်သို့ တာဝန်ဖြင့် သွားခဲ့ရသော ခရီးက ငါးရက်တာမျှသာ။ သို့သော်ငြား လေ့လာစရာ၊ မှတ်သားစရာ၊ ဂုဏ်ယူစရာတွေက များလှပေသည်။ ဗီယက်နမ်၏ အလှအပများ စုဝေးရာ ပင်လယ်ကမ်းခြေ၊ အုတ်ဂူနံရံများ၊ ရှေးဟောင်းဗိသုကာ အဆောက်အအုံကြီးများ၊ အနုပညာဂီတ ထွန်းကားရာနယ်မြေများ၊ သဘာဝ ထွက်ကုန် အစုံထွက်ရှိရာ ဒေသများ၊ အလုပ်လုပ်ခြင်းကိုသာ ဂုဏ်ယူလေ့ရှိကြသော နိုင်ငံသူ နိုင်ငံသားများ၊ ဖော်ရွေချစ်ခင်ဖွယ် ဗီယက်နမ် ပြည်သူများ၊ စီးပွားရေး အင်အားမှာ အာရှ "ကျား" အဆင့်သို့ ရောက်ရှိနေပုံများ စသည်၊ စသည်...။

**အာရှ "ကျား" ဗီယက်နမ်**

အာရှတိုက်၏ နောက်ဆုံးပေါ် "ကျား" နိုင်ငံမှာ ဗီယက်နမ်ဖြစ်လာပြီ။ ကမ္ဘာမှာ အလျင်မြန်ဆုံးနှုန်းဖြင့် စီးပွားရေး မြင့်မားတိုးတက်လာခြင်း ဖြစ်သည်...တဲ့။ ကာတာ ဗဟိုဘဏ်က မကြာမီက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့ပြီ။

ဘာ့ကြောင့် ဤမျှ တိုးတက်ရပါသလဲ။ ဗီယက်နမ်သည် ကုန်ထုတ်လုပ်မှု တိုးတက်သည်။ သိသိသာသာ မြင့်မားလာသည်။ ပထမနှစ်ဝက် ကာလတွင် ပြည်ပကုန်ပစ္စည်းတင်ပို့မှု ၂၀ ရာခိုင်နှုန်းကျော်သည်။ ၂၀၁၇ စာရင်းချုပ်ကို လေ့လာနိုင်သည်။ များများထုတ်၊ များများပို့ တိုင်းပြည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှု နှုန်းသည် ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၂၂၀ ဘီလီယံခန့်ရှိသည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ထုတ်ပြန်သည်။ **နိုင်ငံတစ်နိုင်ငံ စီးပွားရေးတိုးတက်ခြင်း၏ အခြေခံမှာ ဘာလဲ။ တရားဥပဒေစိုးမိုးမှုကြောင့်ပါပဲဟု မုချမသွေ ဖြေရပေမည်။**

**တရားဥပဒေစိုးမိုးမှု**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။ တရားဥပဒေစိုးမိုးရေး အဓိကကျသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လိုအပ်သည်။ ပွင့်လင်းရမည်။ မြင်သာရမည်။ အာမခံချက် အပြည့်အဝရှိရမည်။ သို့မှ စီးပွားရေး မြင့်တက်မည်။

လွန်ခဲ့သော ငါးနှစ်အတွင်း အဂတိလိုက်စားမှု တိုင်ကြားချက် ၁၂၅ ခုရှိသည်။ အမှုတွဲ ၄၀ ရှိသည်။ လူပေါင်း ၅၀၀ ကျော် တရားစွဲခံရသည်။ ပြစ်ဒဏ် အချခံရသည်။ ဗဟိုအဆင့် အစိုးရအဖွဲ့ဝင်အဆင့် ၅၆ ဦးအား စည်းကမ်းထိန်းသိမ်း၊ အပြစ်ပေးခဲ့သည်။ ဒုတိယဝန်ကြီးအဆင့်များ ပါဝင်သည်။ စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးများလည်း အရေးယူခံရသည်။ နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုအပါအဝင် အဂတိလိုက်စားမှုများ ဖြစ်ပါသည်။

ဝန်ကြီးတစ်ဦးကို ရာထူးကဖယ်သည်။ ရဲတပ်ဖွဲ့အကြီး အကဲတစ်ဦးကိုလည်း အာဏာအလွဲသုံးမှုဖြင့် ဖမ်းဆီးသည်။ ...စသည်၊ စသည် ဖြစ်ပါသည်။

**ပါတီခေါင်းဆောင်**

ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီခေါင်းဆောင် ဒင်လာသန်းကိုလည်း အရေးယူခဲ့သည်။ သန်းသည် ပက်ထရိုဗီယက်နမ် ရေနံလုပ်ငန်းကော်မတီတွင် တာဝန်ယူစဉ် အဂတိလိုက်စားမှု ဖြစ်ပေါ်သည်။

**ပွင့်လင်းမြင်သာမှု**

အဂတိတိုက်ဖျက်ရေး အစီရင်ခံစာကို ပြည်သူသိအောင် ထုတ်ပြန်သည်။ နိုင်ငံတစ်နိုင်ငံလုံး၏ အခြေအနေ၊ တာဝန်ရှိဝန်ထမ်းများအခြေအနေ၊ ပါတီခေါင်းဆောင်များအခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ အလွဲသုံးစားမှု ကိစ္စရပ်များ၊ စစ်ဆေးရေးဌာန၏ ဆောင်ရွက်ချက်၊ ဥပဒေမူဘောင်၊ အုပ်ချုပ်ရေးစနစ်များ အကြောင်း ရှင်းပြသည်။ အသိပေးသည်။ အစီရင်ခံသည်။ ပြည်သူသိစေ။ မြင်စေ။ ဝေဖန်စေ။ ထောက်ပြစေ။ ပြုပြင်စေ။

**သတင်းဌာန**

စစ်ဆေးရေးရုံး (GIV)တွင် သတင်းဌာန (Information Dept:)ရှိသည်။ စုံစမ်းရေးမဂ္ဂဇင်းစာစောင်ထုတ်ဝေသည်။ စုံစမ်းရေးသတင်းစာရှိသည်။ သုတေသနဌာနရှိသည်။ အားရစရာ ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာအဖွဲ့က လေ့လာမှတ်သား အားကျခဲ့ပါသည်။



ဟလောင်းကမ်းခြေမှ kissing chicken တောင်နှစ်လုံး။

**ပြည်သူပါသည်**

အဂတိတိုက်ဖျက်ရေးမှာ ပါတီခေါင်းဆောင်သည်။ GIV တစ်ဖွဲ့တည်း လုပ်၍မရ။ ပြည်သူပါသည်။ ပြည်သူသတင်းပေးသည်။ ပြည်သူထောက်ပြသည်။ ရပ်ကွက်သတင်းကို အသိဆုံးမှာ ရပ်ကွက်ပြည်သူ။ မြို့သတင်းကို သိသူမှာ မြို့လူထု။ အဆင့်ဆင့်သိရှိ၊ သတင်းပေး။ ပြစ်မှုကျူးလွန်သူ ဘယ်ပြေးမလဲ။ ဤမှုသဘောကို ဗီယက်နမ်စစ်ဆေးရေးရုံးမှ တာဝန်ရှိသူများက လိုတိုရှင်း ရှင်းလင်းတင်ပြကြပါသည်။ ဗီယက်နမ် စစ်ဆေးရေးမှူးချုပ် H.E. Mr. Le Minh Khai ဝန်ကြီးနှင့် ဒုတိယဝန်ကြီး H.E. Mr. Nguyen Van Thanh ခေါင်းဆောင်သော တာဝန်ရှိ လူကြီးမင်းများ၊ ဗီယက်နမ်မိတ်ဆွေများအား သတိရ ကျေးဇူးတင်နေပါသည်။ ဗီယက်နမ် အတွေ့အကြုံများသည် မြန်မာတို့အတွက် များစွာအထောက်အကူပြုပါကြောင်းလည်း ဖော်ပြအပ်ပါသည်။

**အမှတ်တရများ**

အလုပ်သဘော လေ့လာရေးတွင် ရုံးများ၊ ဌာနများ၊ ပါတီခေါင်းဆောင်များ၊ စစ်ဆေးရေးမှူးများ၊ ဝန်ထမ်းများနှင့် မြန်မာအဖွဲ့တို့ နေ့စဉ်ရက်ဆက် ဆွေးနွေးမှု ပြုခဲ့ကြပါသည်။ အလုပ်သဘော အပြန်အလှန်ဆွေးနွေးပွဲများ၊ ညှိနှိုင်းပွဲများ၊ စကားဝိုင်းများ ကျင်းပပေးခဲ့ပါသည်။ ထို့အတူ ဗီယက်နမ်၏ မမေ့ရက်နိုင်သော ဒေသန္တရသဘာဝ အလှအပများ၊ ကမ်းခြေအလှအပများ၊ ဂီတ အနုပညာများ၊ သဘာဝရှုခင်းများကိုလည်း လိုက်လံပို့ဆောင်ပေးခဲ့ကြပါသည်။ သို့အတွက် ဗီယက်နမ်အတွက် ဂုဏ်တက်ပါသည်။ ချစ်ခင်ဖွယ်၊ လေးစားဖွယ်ဖြစ်ပါသည်။ မမေ့ရက်နိုင်၊ တသသ၊ လွမ်းဆွတ်၊ သတိရဖွယ် ဖြစ်ပါသည်။ ကျွန်တော်၏ ရင်ထဲက အတွေးဖြစ်ပါသည်။

**ဗီယက်နမ်-မြန်မာ**

ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေး အတွေးကို ဖြန့်ကြက်တွေးမိသောအခါ မြန်မာမှာ ငပလီကမ်းခြေရှိသည်။ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေရှိသည်။ ထို့အတူ ဗီယက်နမ်တွင် ကွမ်နင်းပြည်နယ်ရှိသည်။ ဟလောင်းကမ်းခြေ (Halong Bay)ရှိသည်။ မြန်မာမှာ ရှမ်းပြည်နယ်၊ အင်းလေးရှိသည်။ ဗီယက်နမ်မှာ နင့်ဘင်းပြည်နယ်ရှိသည်။ သဘာဝလိုဏ်ဂူ (Trang An) ရှိသည်။ သဘာဝအလှအပတွေက ကမ္ဘာလှည့်ခရီးသည်တွေကို ဖမ်းစားသည်။ ဆွဲဆောင်သည်။ တစ်ခေါက်ရောက်ပြီး နောက်တစ်ခေါက် မလာဘဲ မနေနိုင်။ စွဲမက်ဖွယ်။ ဗီယက်နမ်-မြန်မာ ချစ်ကြည်စွာနှင့် ခိုင်မြဲစွာ ရှေ့ဆက်ရမည့်ခရီး ကြည်နူးရွှင်ပျော်ဟု ကျွန်တော် တွေးခေါ်မိပါသည်။

**စေတနာ**

ဥပဒေအတွေး ရေးခဲ့သမျှတွေက များလှပြီ။ ဒီတစ်ခါအတွေးကတော့ ဗီယက်နမ်ခရီး အမှတ်တရများ အတွေးဖြစ်ပါသည်။ အဂတိအကြောင်းလည်းပါ၊ ဥပဒေအကြောင်းလည်းပါ၊ တရားရုံးအကြောင်းလည်းပါ၊ ချစ်စရာမမေ့နိုင်သော အကြင်နာကြက်စုံတွဲ တောင်ကလေးနှင့် ဗီယက်နမ် သဘာဝ စောင်းတေးသံသာများလည်း ပါဝင်သော ကျွန်တော်၏ စေတနာ ဥပဒေ အတွေးမျှသာပါ။ ။

> **"ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၂၂၀ ဘီလီယံခန့်ရှိသည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ထုတ်ပြန်သည်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးတိုးတက်ခြင်း၏ အခြေခံမှာ ဘာလဲ။ တရားဥပဒေစိုးမိုးမှုကြောင့်ပါပဲဟု မုချမသွေ ဖြေရပေမည်"**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြေညာချက်တွေ ထုတ်ထားပြီး လောလောဆယ်မှာတော့ ပြည်ပက လာရောက်လျှောက်ထားသူ မရှိသေးပါဘူး

ဒေါ်နယ်လီစန်း

## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်သူရစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နယ်လီစန်းနှင့် ဦးစီးအရာရှိ ဒေါ်ဆုရတနာကျော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

*ယမန်နေ့မှ အဆက်*

**ဦးမြင့်နိုင်။** ။ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေရဲ့တာဝန်တွေကိုလည်း ပြောပြပေးပါဦး။

**ဒေါ်ဆုရတနာကျော်။** ။ပြည်တွင်းပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမယ့်သူတွေအနေနဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာတဲ့အခါ ဘယ်လိုတာဝန်တွေရှိလဲဆိုတော့ ပထမအချက်အနေနဲ့ မြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရပါမယ်။ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်နဲ့ အမိန့်ကြော်ငြာစာတွေ၊ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ကျင့်ဝတ်တွေကို လိုက်နာရပါမယ်။ ဒုတိယအချက်အနေနဲ့ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအသီးသီးထံ စောင့်ကြည့်လေ့လာမယ့် နယ်မြေအလိုက် သတင်းပို့ရပါမယ်။ တတိယအချက်အနေနဲ့ စောင့်ကြည့်လေ့လာနေစဉ် ကာလတစ်လျှောက်လုံးမှာ သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရပါမယ်။ စတုတ္ထအချက်အနေနဲ့ကတော့ စီမံခန့်ခွဲသူတွေရဲ့အခန်းကဏ္ဍနဲ့ ရာထူး၊ တာဝန်နဲ့ အခွင့်အာဏာတွေကို လေးစားလိုက်နာရပါမယ်။ ပဉ္စမအချက်အနေနဲ့ကတော့ ဒေသဓလေ့နဲ့ ယဉ်ကျေးမှုကို လေးစားလိုက်နာရပါမယ်။ ဆဋ္ဌမအချက်အနေနဲ့ကတော့ စောင့်ကြည့်လေ့လာတဲ့အခါ ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာရပါမယ်။ သတ္တမအချက်အနေနဲ့ကတော့ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ကိုယ်နဲ့သက်ဆိုင်ရာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ထံ ပေးပို့တဲ့ သတင်းအချက်အလက်တွေက တိကျသေချာမှုရှိဖို့ လိုအပ်ပါတယ်။ သို့သော်လည်း ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ကိုယ့်ရဲ့စောင့်ကြည့်လေ့လာမှု ကုန်ကျစရိတ်အားလုံးကို ကျခံရမှာဖြစ်ပါတယ်ရှင်။

**ဦးမြင့်နိုင်။** ။ပြည်တွင်းနဲ့ ပြည်ပ တာဝန်တွေကတော့ တူတာပေါ့နော်။ တစ်ချက်ပဲ မတူတာပါ။ ပြည်ပကတော့ ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီး စရိတ်တွေကိုတော့ ကုန်ကျခံရတာပေါ့။ စောင့်ကြည့်လေ့လာသူတွေဟာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ဘယ်လို အတိုင်းအတာထိ လေ့လာနိုင်သလဲ။ လေ့လာခွင့်ရှိသလဲဆိုတာလည်း ဆွေးနွေးပေးပါဦး။

**ဦးနိုင်သူရစိုး။** ။ပြည်တွင်း ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ အနေနဲ့ကတော့ (၁) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များ၊ (၂) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ (၃) မဲဆန္ဒရှင်သတင်းအချက်အလက်နှင့် မဲစာရင်းပြုစုခြင်း၊ (၄) ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊ (၅) ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းအတည်ပြု ကြေညာခြင်း၊ (၆) မဲလက်မှတ်များရိုက်နှိပ်ခြင်း၊ (၇) မဲဆွယ်စည်းရုံးသည့် ကာလနှင့် မဲဆွယ်စည်းရုံးခြင်းရပ်နားထားသည့်ကာလ၊ (၈) ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်း၊ (၉) ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ သုံးစွဲသော ရွေးကောက်ပွဲအသုံးစရိတ်များ၊ (၁၀) ရွေးကောက်ပွဲရလဒ်ကြေညာခြင်းနှင့် ရွေးကောက်ခံရတဲ့ ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း၊ (၁၁) ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်းစတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ အားလုံးကို စောင့်ကြည့်လေ့လာနိုင်ပါတယ်။

**ဦးမြင့်နိုင်။** ။ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေကအစ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းတာကအစ နောက်ဆုံးရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းတာ စစ်ဆေးတာတွေအထိ စောင့်ကြည့်လေ့လာခွင့် ပေးထားတာပါ။ လေ့လာပြီးရင် တွေ့ရှိချက်ကို အစီရင်ခံရမှာပေါ့။ အစီရင်ခံတင်ပြတဲ့အပိုင်းကလည်း ဘယ်လိုတင်ပြမလဲ။ ဘယ်လိုလိုက်နာပြီးတော့ အစီရင်ခံစာကို ပြုစုမလဲ။

**ဒေါ်နယ်လီစန်း။** ။ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ အစီရင်ခံစာကို စောင်ကြည့်လေ့လာခွင့် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့တဲ့ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ တင်ပြရမှာဖြစ်ပါတယ်။ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေရဲ့အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ တင်ပြရမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အစီရင်ခံစာတင်သွင်းခဲ့တဲ့ ပြည်တွင်းအဖွဲ့အစည်း လေးဖွဲ့ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းကတော့ လေးဖွဲ့ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ အစီရင်ခံစာ တင်သွင်းခဲ့တဲ့ ပြည်တွင်းအဖွဲ့အစည်း တစ်ဖွဲ့ရှိပြီး ကာလရှည်လေ့လာတဲ့ နိုင်ငံတကာ အဖွဲ့အစည်းကတော့ တစ်ဖွဲ့ပဲရှိခဲ့ပါတယ်။


ဦးမြင့်နိုင်


ဦးနိုင်သူရစိုး


ဒေါ်ဆုရတနာကျော်


ဒေါ်နယ်လီစန်း

**ဦးမြင့်နိုင်။** ။ ရွေးကောက်ပွဲလုပ်ငန်းစဉ်လေ့လာရေးအစီရင်ခံစာ တင်သွင်းတာကအစ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ဆောင်ရမယ့်၊ ရှောင်ရမယ့် အချက်တွေလည်း ရှိပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရမယ်၊ ရှောင်ရမယ် ပြောပြပေးပါဦး။

**ဦးနိုင်သူရစိုး။** ။ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေ ဆောင်ရွက်သင့်တဲ့ အချက်တွေဆိုတာ (၁)လူပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကင်းရှင်းရန်၊ (၂) စောင့်ကြည့်လေ့လာသည့် အဆင့်တိုင်းတွင် နိုင်ငံရေးအရ သမာသမတ်ကျမှုကို တိကျစွာလိုက်နာရန်၊ (၃) အဝတ်အစား၊ သင်္ကေတအမှတ်အသားများ ဝတ်ဆင်ရာတွင် နိုင်ငံရေးပါတီ (သို့မဟုတ်) ရွေးကောက်ပွဲ ဝင်ရောက်သည့် ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း (သို့မဟုတ်) ဆန့်ကျင်ကန့်ကွက်တဲ့ ပုံစံမျိုးမပြုမိဖို့ လိုအပ်ပါတယ်။ (၄) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမယ့် ကျင့်ဝတ်တွေ။ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေ လုပ်ထုံးလုပ်နည်းများအပြင် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ၊ လုံခြုံစွာ မဲပေးနိုင်ရေးများကို သိရှိနားလည်ရန်အတွက် လေ့လာသင်ယူထားရန် လိုအပ်ပါတယ်။ (၅) တာဝန်များကို မှန်ကန်ရိုးသားစွာနှင့် တာဝန်ယူမှုရှိစွာဆောင်ရွက်ရန်၊ (၆) တိကျပြီးမှန်ကန်ရိုးသားမှုရှိသည့် အစီရင်ခံစာများတင်သွင်းရန်၊ (၇) အခြားသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ (၈) လျှို့ဝှက်မဲပေးခြင်းစနစ်ကို ကာကွယ်ရန်၊ မဲရုံမှူး၏ ဥပဒေနှင့်ညီသော ညွှန်ကြားချက်များကို လိုက်နာရန် စသည်တို့ ဖြစ်ပါတယ်။

**ဦးမြင့်နိုင်။** ။တော်တော်ကောင်းပါတယ်၊ စောင့်ကြည့်လေ့လာသူတွေက တရားမျှတရမှာပါ။ ဆောင်ရမယ့် အချက်တွေအတိုင်း လိုက်နာဖို့လိုပါတယ်။ နောက်တစ်ခါ ရှောင်ရမယ့် အချက်တွေလည်း ပြောပြပေးပါ။

**ဒေါ်ဆုရတနာကျော်။** ။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ဆန္ဒမဲပေးပြီးတဲ့ မဲဆန္ဒရှင်တွေကို မဲရုံနဲ့ ၁၅ ကိုက်အတွင်းမှာ ဘယ်သူ့ကို မဲပေးခဲ့တယ်ဆိုတာကို မမေးရပါဘူး။ လက်နက်တွေ၊ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို မသယ်ဆောင်ရပါဘူး။ ရွေးကောက်ပွဲအရာရှိတွေနဲ့ မဲဆန္ဒရှင်တွေရဲ့ တာဝန်နဲ့ အခွင့်အရေးကို လွှမ်းမိုးသက်ရောက်စေမယ့် လှုံ့ဆော်မှုတွေ မပြုလုပ်ရပါဘူး။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းတွေ မလုပ်ရသလို ကိုယ့်ရဲ့အဖွဲ့အစည်းအတွက် တရားဝင်ပြောရေးဆိုခွင့်ရှိသူ မဟုတ်ဘဲ မီဒီယာတွေကို မှတ်ချက်၊ တရားဝင်ကြေညာချက်တွေ မပြောရပါဘူး။

**ဦးမြင့်နိုင်။** ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပမှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲအတွက် စောင့်ကြည့်လေ့လာသူတွေ လာရောက်လျှောက်ထားကြရန် ကြေညာပြီးပြီ ဖြစ်ပါတယ်။ ဒီနေ့အထိ လျှောက်ထားပြီး အခြေအနေနဲ့ အသိအမှတ်ပြုပြီးတဲ့ အဖွဲ့အစည်းတွေရဲ့ဆောင်ရွက်မှုလေးတွေ ပြောပြပေးပါဦး။

**ဒေါ်နယ်လီစန်း။** ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြေညာချက်တွေ ထုတ်ထားပြီး လောလောဆယ်မှာတော့ ပြည်ပက လာရောက်လျှောက်ထားသူ မရှိသေးပါဘူး။ အထူးသဖြင့် သံတမန်အဖွဲ့တွေက ကာလတိုအနေနဲ့ လျှောက်ထားခွင့်ရှိတဲ့အတွက်ကြောင့် ရွေးကောက်ပွဲနီးမှပဲ လာရောက်လျှောက်မယ့်သဘောရှိပါတယ်။ ပြည်တွင်းအနေနဲ့ လောလောဆယ်စောင့်ကြည့်လေ့လာဖို့ ကာလရှည်အတွက် Pace အဖွဲ့ကနေ လျှောက်ထားပြီး ခွင့်ပြုထားတာလည်း ၁၅၈ ဦး ရှိပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲလုပ်ဖို့ ရည်ရွယ်ထားတဲ့ ဒေသတွေမှာ စောင့်ကြည့်လေ့လာမှုတွေ စတင်ပြီး ပြုလုပ်နေပါပြီ။

**ဦးမြင့်နိုင်။** ။ မဲဆန္ဒနယ် ၁၃နယ်မှာ ၁၅၈ ဦးက သွားရောက်လေ့လာနေကြပြီး အခုဆို မဲစာရင်းတွေကပ်ပြီး၊ လာရောက်ကြည့်ရှုပြီးတော့ လုပ်ငန်းတွေကို လာရောက်လေ့လာနေကြပြီ။ ရက်လိုသေးတော့ နောက်ထပ်လည်း လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ စောင့်ကြည့်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာစောင့်ကြည့်လေ့လာခဲ့မှု အခြေအနေကိုလည်း ဆွေးနွေးပေးပါဦး။

**ဒေါ်နယ်လီစန်း။** ။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ စောင့်ကြည့်လေ့လာခဲ့မှုကို ပြန်ပြောရမယ်ဆိုရင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကိုစပြီး တရားဝင်ဖိတ်ခေါ်ခဲ့တာဆိုရင် ၂၀၁၅ မှ စခဲ့တာပါ။ ၂၀၁၇ မှာလည်း ထပ်ပြီးဖိတ်ခေါ်ခဲ့တယ်။ အရင်တုန်းက မရှိခဲ့ဘူးလားဆိုတော့ ရှိတော့ရှိခဲ့ပါတယ်။ တရားဝင်ဖိတ်ခေါ်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ၂၀၁၀၊ ၂၀၁၂ မှာဆိုရင် သံရုံးတချို့ကသူတွေက နိုင်ငံအနှံ့သွားပြီး နည်းနည်းပါးပါး လိုက်ကြည့်ကြတာမျိုးတော့ရှိတယ်။ တရားဝင်လေ့လာသူတွေမရှိဘူး။ ၂၀၁၅ ခုနှစ်မှ တရားဝင်ကြေညာချက်တွေထုတ်ပြီး စတင်ဖိတ်ခေါ်ခဲ့တာပါ။ အဲဒီအချိန်မှာဆိုရင် အင်တိုက်အားတိုက် လာရောက်လေ့လာခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲလေ့လာဖို့ အသိအမှတ်ပြုခံခဲ့ရတဲ့ ပြည်တွင်းအဖွဲ့အစည်း ၁၀၅ ဖွဲ့ရှိပြီး ရွေးကောက်ပွဲလေ့လာသူ ၁၂၅၂၆ ဦးရှိခဲ့ပါတယ်။ အသိအမှတ်ပြုခံခဲ့ရတဲ့ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူ ၁၁၅၃ ဦးရှိခဲ့ပြီး နိုင်ငံတကာသံရုံး ၃၂ ရုံးက ၄၇၅ ဦး၊ နိုင်ငံတကာအဖွဲ့အစည်း ခြောက်ဖွဲ့က ၄၆၈ ဦးနဲ့ ရွေးကောက်ပွဲဆိုင်ရာ ကူညီထောက်ပံ့ပေးနေတဲ့ နိုင်ငံတကာအဖွဲ့အစည်း ကိုးဖွဲ့က ၁၈၃ ဦး ရှိခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ASEAN Election Visitor Program အစီအစဉ်ကို International IDEA အဖွဲ့နဲ့ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ရွေးကောက်ပွဲကော်မရှင် ငါးခုက ၁၉ ဦးနဲ့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ သုံးဦးအပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြားခဲ့တဲ့ လေ့လာသူ ရှစ်ဦး ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ရွေးကောက်ပွဲလေ့လာဖို့ အသိအမှတ်ပြုခံခဲ့ရတဲ့ ပြည်တွင်းအဖွဲ့အစည်း ၁၄ ဖွဲ့ရှိပြီး ရွေးကောက်ပွဲလေ့လာသူ ၂၀၆၂ ဦးရှိခဲ့ပါတယ်။

အသိအမှတ်ပြုခံခဲ့ရတဲ့ နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူ ၃၁၂ ဦးရှိခဲ့ပြီး နိုင်ငံတကာသံရုံး ၂၃ ရုံးက ၁၇၇ ဦး၊ နိုင်ငံတကာအဖွဲ့အစည်း နှစ်ခုက ၃၅ ဦးနဲ့ ရွေးကောက်ပွဲဆိုင်ရာ ကူညီထောက်ပံ့ပေးနေတဲ့ နိုင်ငံတကာအဖွဲ့အစည်း ရှစ်ဖွဲ့က ၁၀၀ ရှိခဲ့ပါတယ်။

**ဦးမြင့်နိုင်။** ။ ၂၀၁၈ ခုနှစ်ကြားဖြတ်မှာ ပြည်တွင်းလေ့လာသူကတော့ ၁၅၈ ဦး နောက်ထပ်လည်း လေ့လာစောင့်ကြည့်ကြဖို့ ရှိဦးမယ်။ ၂၀၁၅ တုန်းကလည်း လေ့လာစောင့်ကြည့်ရာမှာ လွတ်လပ်ပြီး တရားမျှတစွာ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်ခဲ့ပါတယ်ဆိုတာ သူတို့လက်ခံသွားကြတယ်။ သူတို့ရဲ့ အစီရင်ခံစာတွေထဲမှာ ထည့်ရေးသွားပါတယ်။ ကျွန်တော်တို့လည်း ပြည်ပကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီလိုမသွားခင် ဒီကနေ ဝန်ခံချက်တွေ လက်မှတ်ရေးထိုးပေးရတယ်။ ကျွန်တော်တို့က ဘက်မလိုက်ပါဘူး။ ဓမ္မဓိဋ္ဌာန်ကျကျ စောင့်ကြည့်လေ့လာပါမယ်။ ပါတီစွဲကင်းပါမယ်။ ပုဂ္ဂိုလ်စွဲကင်းပါတယ် စသည်ဖြင့် ဝန်ခံချက်လက်မှတ်ရေးထိုးပြီး တင်လိုက်မှ သူတို့ကလည်း လက်ခံတယ်။ စောင့်ကြည့်လေ့လာပြီး တွေ့တဲ့အတိုင်း အစီရင်ခံစာတွေ၊ အကြံဉာဏ်တွေ ပေးခဲ့တယ်။ အဲဒီလိုလေ့လာစောင့်ကြည့်ကြတော့ အကျိုးကျေးဇူးတွေ များလာပါတယ်။

တချို့နိုင်ငံတွေဆိုရင် အမှန်ခြစ်ကို လက်နဲ့မရေးဘဲ သံချွန်နဲ့ ကိုယ်ကြိုက်တဲ့ မဲဆန္ဒရှင်ပေါ်မှာ ဆန္ဒပြုတာတွေ ရှိတာပေါ့။ တံဆိပ်တုံးနဲ့ လုပ်တာလည်းရှိတယ်၊ ကောင်းတဲ့အတွေ့အကြုံတွေ ယူခဲ့တာပေါ့။ ခုနကပြောသလို ပြည်တွင်းစောင့်ကြည့်လေ့လာသူတွေက စောင့်ကြည့်ပြီးတော့ အကြံပြုချက်တွေ၊ ဘယ်အချက်တွေကို ပြုပြင်သင့်တယ်။ ဥပမာ ခုနကပြောတဲ့ စောင့်ကြည့်လေ့လာသူတွေ မဲရုံအတွင်း ဝင်ခွင့်မရှိခဲ့ဘူး၊ အခုတော့ လျှို့ဝှက်ဆန္ဒမဲကို မထိခိုက်စေဘဲ မဲရုံထဲဝင်ခွင့်ရှိတယ်။

*စာမျက်နှာ ၂၁ သို့*

**“ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ဆန္ဒမဲပေးပြီးတဲ့ မဲဆန္ဒရှင်တွေကို မဲရုံနဲ့ ၁၅ ကိုက်အတွင်းမှာ ဘယ်သူ့ကို မဲပေးခဲ့တယ်ဆိုတာကို မမေးရပါဘူး။ လက်နက်တွေ၊ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို မသယ်ဆောင်ရပါဘူး။ ရွေးကောက်ပွဲအရာရှိတွေနဲ့ မဲဆန္ဒရှင်တွေရဲ့ တာဝန်နဲ့အခွင့်အရေးကို လွှမ်းမိုးသက်ရောက်စေမယ့် လှုံ့ဆော်မှုတွေ မပြုလုပ်ရပါဘူး။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းတွေ မလုပ်ရသလို ကိုယ့်ရဲ့အဖွဲ့အစည်းအတွက် တရားဝင်ပြောရေးဆိုခွင့်ရှိသူ မဟုတ်ဘဲ မီဒီယာတွေကို မှတ်ချက်၊ တရားဝင်ကြေညာချက်တွေ မပြောရပါဘူး”**

# တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၅**

ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး(ပထမနေ့)ကို တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက်က စတင်ကျင်းပသည်။



လွှတ်တော်အစည်းအဝေးသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ငါးဦးနှင့် လေ့လာသူသတင်းမီဒီယာများ တက်ရောက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းငါးခုကို မေးမြန်းခဲ့ကာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုတင်သွင်းမှုအဖြစ် ပုလောမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကျော်မင်း(ခ)ဦးဖိုးမင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့အသီးသီးရှိ မြို့ရိုးရပ်ကွက်များမှ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိမြေ၊ စားကျက်မြေများနှင့် ဌာနအမည်ပေါက်မြေများတွင် ဆောက်လုပ်ထားသည့် အိမ်ရာ၊ အဆောက်အအုံများ၏ မြေကွက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် ပြောင်းလဲပြီး မြေကွက်မြေပုံများ ရေးဆွဲသတ်မှတ်၍ မြေပေးမိန့်များ ထုတ်ပေးကာ မြေငှားဂရန်များ ချထားပေးနိုင်ရေး တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရက ထီးခီးဒေသ ခန့်မှန်းမြေဧရိယာ ၆၆၇၆ ဧကတွင် စက်မှုလက်မှုလုပ်ငန်းနယ်မြေ (Htee Khee Industrial Estate) တည်ထောင်ဆောင်ရွက်မည့် ကိစ္စ၊ ပုလောမြို့ အဆိုပြု မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ထားဝယ်ခရိုင် မောင်းမကန်မြို့သစ်နှင့် ဟိုတယ်ဇုန်ဖွံ့ဖြိုးရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရရှိရန် လွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သံကူကွန်ကရစ်ရေတံလျှောက် မင်းတပ်မြို့နယ်တွင် တည်ဆောက်ပြီးစီး

**မင်းတပ် စက်တင်ဘာ ၂၅**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာတွင် အရှည် ၁၃၅ ပေ၊ အကျယ် လေးပေရှိ သံကူကွန်ကရစ်ရေတံလျှောက်အသစ် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။

ဆည်မြောင်းဆိုင်ရာလုပ်ငန်းတစ်ခုဖြစ်သော အဆိုပါသံကူကွန်ကရစ်ရေတံလျှောက်ကို မင်းတပ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)ရုံးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမ(၆)လပတ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ရေတံလျှောက်အသစ်တည်ဆောက်ပြီးစီးသွားသဖြင့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းမှ လယ်မြေဧက ၁၃၀ နှင့် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်အတွင်းမှ လယ်မြေဧက ၁၄၀ စုစုပေါင်း လယ်မြေဧက ၂၇၀ ခန့်ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။ တည်ဆောက်ပြီးစီးသွားသည့် အဆိုပါရေတံလျှောက်အား မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ဒေသခံတောင်သူများက စက်တင်ဘာ ၂၁ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းတပ်ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

နောက်ပြီး ကြိုတင်မဲတွေ ပေးတာက မရှင်းမလင်း ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ဒါတွေ အကြံပြုပေးကြတော့ ပုံစံ (၁-၁)၊ ပုံစံ (၁-၃) ပြန်ပြီး ပြင်ပေးခဲ့ပါတယ်။ ပုံစံ (၁-၁) ဆိုရင် ပြည်တွင်းမှာပဲ မဲဆန္ဒနယ် ပြင်ပရောက်နေတဲ့ ကြိုတင်မဲဆန္ဒပေးခွင့်ရှိသူတွေ စာရင်း ပုံစံ (၁-၁)မှာ လုပ်ရမယ်။ ပုံစံ (၁-၂) မှာကြတော့ ကြိုတင်မဲပေးခွင့် ရှိတယ်၊ တပ်မတော်သားတွေနဲ့အတူ မိသားစုတွေဖြစ်ပြီး ပုံစံ (၁-၃) ကြတော့ မဲဆန္ဒနယ် ပြင်ပကိုရောက်နေတဲ့ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူ စာရင်းတွေကိုဆိုရင် သူတို့အကြံပေးချက်အရ ပြင်ခဲ့ပါတယ်။

စောင့်ကြည့်လေ့လာသူတွေက ရွေးကောက်ပွဲကို လာရောက်စောင့်ကြည့်ပြီး တွေ့ရှိချက်တွေကို အားသာချက်၊ အားနည်းချက်ထောက်ပြတဲ့အခါမှာ ရွေးကောက်ပွဲ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေက ပိုမိုကောင်းမွန်တဲ့ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့တာပေ့ါ။ အခုအချက်လေးတွေကို ဒီလိုအတောအတွင်းတွေမှာ သူတို့က ဘာအခွင့်အရေးတွေ ရှိသလဲ၊ သူတို့ဘာတွေဆောင်ရမလဲ၊ ရှောင်ရမလဲ၊ ဘယ်အတိုင်းအတာအထိ လေ့လာခွင့်ရှိမလဲ။ ဘာတာဝန်တွေရှိသလဲ လျှောက်ထားရင် စနစ်တကျနဲ့ခွင့်ပြုပြီး အသိအမှတ်ပြုလွှာတွေကို စနစ်တကျပေးတယ်။ ဒါတွေကို တော်တော်များများ မသိကြဘူးပေ့ါနော်။ အခုလို သိခွင့်ရ၊ ဆွေးနွေးခွင့်၊ မျှဝေခွင့်ရတာ ကောင်းပါတယ်။ စောင့်ကြည့်လေ့လာသူတွေပဲ သိဖို့မဟုတ်ဘဲ ဘယ်အတိုင်းအတာထိ လေ့လာခွင့်ရှိတယ်။ အခုလိုပြောတဲ့ အချက်တွေ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကလည်း သိသင့်တာပဲ။ မဲရုံမှူးလည်း သိရမှာပဲ။ ကျန်တဲ့အဆင့်ဆင့်လည်း သိရမှာပဲ။ သူတို့က တံဆိပ်ကပ်ပြီး ရွေးကောက်ပွဲကို လေ့လာမယ်ဆိုလျှင် ပြည်တွင်းပြည်ပလေ့လာသူတွေ ဘာအခွင့်အရေးတွေရှိတယ်။ ဘာတာဝန်တွေရှိတယ်ဆိုတာ ဒီဟာလေးတွေကို ပြောခွင့်ရတာ၊ မျှဝေခွင့်ရတာ အင်မတန် ကောင်းပါတယ်။ ရွေးကောက်ပွဲဆိုတာ ပွင့်လင်းမြင်သာရမယ်။ အများယုံကြည် လက်ခံရမယ်။ ပွင့်ပွင့်လင်းလင်း လာရောက်လေ့လာကြပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဥပဒေနဲ့အတူ တရားမျှတရမယ်၊ အများယုံကြည် လက်ခံရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ မဲဆန္ဒရှင် ဖော်ထုတ်တဲ့ ရလဒ်ကို အမှန်အတိုင်း ထုတ်ပေးပြီး ကြေညာမယ်၊ အမှန်ဖြစ်အောင်လုပ်မယ်။ ဦးတည်ချက်နဲ့လုပ်မယ်၊ လာလည်းစောင့်ကြည့်ကြပါ။ ထောက်ပြကြပါ၊ အားသာချက်၊ အားနည်းချက်တွေကို ပွင့်ပွင့်လင်းလင်း အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေ အရင်ကလည်း များတယ်။ အခုတော့ ၁၅၈ ဦးပဲ ရှိသေးတယ်။ လာကြဦးမှာပါ။ ပြီးခဲ့တုန်းက ၂၀၀၀ ကျော်လာတယ်။ အားသာချက်၊ အားနည်းချက်တွေ ထောက်ပြပါ။ ပိုမိုကောင်းမွန်တဲ့ရွေးကောက်ပွဲတွေဖြစ်အောင် ဒီမိုကရေစီစနစ်က ရွေးကောက်ပွဲမကြာမကြာ ရှိနေမှာ။ ဒီမိုကရေစီရဲ့အလေ့အထ ပြည်သူတွေရော အားလုံး တာဝန်ရှိတဲ့သူတွေရော၊ ဒီမိုကရေစီဆိုတဲ့ ကျင့်စဉ်နည်းလမ်းရွေးကောက်ပွဲလမ်းစဉ် ကျင့်စဉ်တွေကို ရင်းနှီးကျွမ်းဝင်နေရမယ်။ အဲဒါကြောင့် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူတွေ လေ့လာကြပါ။ လေ့လာတဲ့အခါမှာလည်း ပုဂ္ဂိုလ်စွဲကင်းပါ။ ပါတီစွဲကင်းပါ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာပါ။ အားသာချက်၊ အားနည်းချက်တွေကို အရှိကို အရှိတိုင်း ဝေဖန်ကြပါ။ ဒါလေးတွေကို ပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ရှင်မင်း**




**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား နိုင်ငံတကာအဆင့်မီအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် Master Plan ရေးဆွဲခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စိတ်ပါဝင်စားသည့် ကုမ္ပဏီများအား အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပြုလွှာကို အောက်ပါအစီအစဉ်အတိုင်း ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းရန်ဖြစ်ပါသည်-

(က) **အဆိုပြုလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၈ ရက်
(ခ) **အဆိုပြုလွှာပုံစံ အရောင်းပိတ်သိမ်းမည့်ရက်** - ၂၆-၁၀-၂၀၁၈ ရက်
(ဂ) **အဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၈-၁၂-၂၀၁၈ ရက်
(ဃ) **အဆိုပြုလွှာရောင်းချ/ တင်သွင်းရမည့်နေရာ** - အမှတ် ၂၄၅၊သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်

၃။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၁-၉၀၁၀၆၅၀ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖုန်း-၀၉-၅၀၄၆၀၄၃၊ ၀၉-၉၆၅၁၄၈၉၅၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လုပ်ငန်းတင်ဒါခေါ်ယူခြင်း(ပထမအကြိမ်)

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါ ခေါ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၈/နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၈/ညနေ ၄း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၁၁-၂၀၁၈/နံနက် ၉း၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၉-၄၂၂၁၉၀၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## တာဝန်ဝတ္တရားများနှင့်စာရင်းဇယားများ လာရောက်ရှင်းလင်းပါရန်အကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအုပ်စုနေ ဦးညို၏သား ဦးအောင်ဇော် ၉/မထလ(နိုင်)၂၄၃၃၃၂သည် Automan Company ၏ Head Office(Laydaungkan) ရုံးချုပ်တွင် (Store In-charge) ရာထူးဖြင့် ၁၆-၂-၂၀၁၅မှစတင်တာ ဝန်ထမ်းဆောင်ခဲ့ပြီး ၂-၉-၁၈ရက်မှစ၍ ယနေ့အထိ သက်ဆိုင်ရာတာဝန်ခံများအား အကြောင်းကြားမှုမရှိ၊ ခွင့်ပြုချက်ရယူခြင်းများမရှိဘဲ မိမိသဘောဖြင့် လုပ်ငန်းခွင်သို့လာရောက်ခြင်းမရှိပါသဖြင့် ၎င်းတာဝန်ယူထားသည့် လုပ်ငန်းတာဝန်များ၊ Store Department နှင့်ပတ်သက်သော စာရင်းကိစ္စရပ်များအား Automan Company သို့ အမြန်ဆုံးလာရောက်ဖြေရှင်းပေးပါရန် အကြောင်းကြားအပ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရေစကြိုမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

ဒေါ်သန်းပြေ
စည်သာကျေးရွာ၊ စည်သာကျေးရွာအုပ်စု၊
ရေစကြိုမြို့နယ်
**တရားလို**

နှင့်

၁။ ဒေါ်ဝင်းမြင့်လှိုင်(ခ)ဒေါ်ဝင်းဝင်း
၂။ ဒေါ်သန်းရွှေ
၃။ ဒေါ်သန်းငွေ
၄။ ကိုအောင်ဆန်းဦး
၅။ မမြို့မြို့ကြည်
၆။ ကိုရဲမင်းထွန်း
၇။ ကိုသက်မျိုးဆွေ
စည်သာကျေးရွာ၊ စည်သာကျေးရွာအုပ်စု၊ရေစကြိုမြို့နယ်
**တရားပြိုင်များ**

အထက်ပါအမှုမှ (၆)တရားပြိုင် ကိုရဲမင်းထွန်း၊ စည်သာကျေးရွာ၊ စည်သာကျေးရွာအုပ်စု၊ ရေစကြိုမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သန်းပြေက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် အောက်တိုဘာ ၈ ရက် (၁၃၈၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်) နံနက် ၁၀နာရီတွင် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**မြို့နယ်တရားသူကြီး**
**ရေစကြိုမြို့နယ်တရားရုံး**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ကြေညာချက်

**(ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊စက်တင်ဘာ လ ၂၆ ရက်)**

၁။ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က" အက္ခရာမှ အစဉ်လိုက် "အ" အက္ခရာထိ** အက္ခရာ(၃၃)လုံးနှင့် **"ကက"အက္ခရာမှ အစဉ်လိုက် "ကဃ" အက္ခရာထိ** အက္ခရာ(၁၄)လုံး၊ စုစုပေါင်း အက္ခရာ(၄၇)လုံး ရောင်းချခဲ့ပါသည်။

၂။ (၁၉)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၄၇)လုံးဖြစ်၍ ၊ ထီစာအုပ် (၁၈၄၅၄၄၆)အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေမှာ (၄၂၂၈၉၈၀၆)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ် ရောင်းရငွေမှာ ကျပ်သန်းပေါင်း( ၁၉၂၂၇.၂၃၀) ဖြစ်သဖြင့် ၆၀% ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်းပေါင်း (၁၁၅၃၆.၃၃၈) ဖြစ်ပါသည်။

၄။ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) <u>အထူးဆုကြီးစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |

(ခ) <u>ဆုတစ်ဆုချင်းစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၀) ဆု |
| (၂) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၅) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆုစနစ်</u>

| | | | |
|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | (၁၂၄၂၀၅) ဆု |

၅။ (၁၉)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၁၀.၂၀၁၈)ရက်နေ့ (တနင်္လာနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**Salon & Entertainment တွင်**
* စားဖိုမှူး ကျား(၂)ဦး
* စားဖိုးမှူးအကူ ကျား(၂)ဦး
**အမြန်အလိုရှိသည်။**
ပင်လယ်တစ်မြေခြမ်းမြို့တွင်ထားတန်တစ်ထောင်ရှိရမည်။
(အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။)
**09 952225350**

## မိဘအမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ အထက(ခွဲ)ဈေးတန်း ပဥ္စမတန်းမှ မောင်ကျော်မျိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးစောမင်းသန်း ၁၁/မအန(နိုင်)၀၅၁၄၂၄နှင့် မိခင်အမည်မှန်မှာ ဒေါ်မိုးဥမ္မာ ၁၁/မအန(နိုင်)၀၅၀၄၂၅ဖြစ်ပါကြောင်း။

**ဦးစောမင်းသန်း-ဒေါ်မိုးဥမ္မာ**

## ကန့်ကွက်ရန်ရှိ၊ မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၆)၊ မြေကွက်အမှတ် (၄၅၃-က)၊ အလျားပေ၂၀×အနံပေ၆၀အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၆)ရပ်ကွက်၊ ရွှေဘုံသာ(၂)လမ်း၊အမှတ်(၄၅၃-က)ဟုခေါ်တွင်သော မြေအိမ်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန့်ဇော်ဦး အမည်ပေါက်ကြောင်း၊ မိမိမှ တရားဝင်ပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်တို့မှ အပြီးအပိုင်အဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေနှင့် အိမ်အရောင်းအဝယ်ပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဟန်(ခ)ကျော်ဝင်းနိုင်** **ဒေါ်ကျင်ကျင်ဌေး**
**အမှတ်(၉၃)၊ သီပွဲလမ်း (သုံးလွှာ-အေ)၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၄၀၁၆၁၆၃၊ ၀၉-၄၃၁၅၈၆၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် ၃၄၅တွင် သောက်ရေသန့်ထုတ်လုပ်ရောင်းချမည့် သောက်ရေသန့်လုပ်ငန်း၏အမည်ကို Wings RO အမည်ဖြင့် အသုံးပြုထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါအမည်ဖြင့် အသုံးပြုထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထက်ပါအမည်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်သွင်း၍ သောက်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းအောင်လတ်**
**၉/မထလ(နိုင်)၀၁၆၁၀၂**
**ဖုန်း-၀၉-၇၆၅၁၀၀၄၈၄၊ ၀၁-၆၈၇၄၉၃**
**တိုက်(၁၄)၊ အခန်း(၁၅)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6143 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6597 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ နဝရတ်(၁၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၈/က+ခ)၊ မြေဧရိယာ (၄၀'×၆၀') အနက် ခေါင်းရင်းခြမ်း (၁၀'×၆၀') ကို အမည်ပေါက် ဒေါ်ညွန့်(ခ) ဒေါ်တင်ညွန့်ထံမှ ဦးနိုင်ဝင်း၊ ဒေါ်စန်းစန်းမြင့်တို့သည် အရပ်စာချုပ်ဖြင့် (၁၉-၁၁-၁၉၉၆)ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမြင့်**
**၁၂/သကတ(နိုင်)၁၈၈၃၀၆**
**ဖုန်း-၀၉-၇၉၅၄၁၀၇၈၂**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးအောက်ရှိ အောက်ဖော်ပြပါမြို့နယ်များတွင် ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-၏

(က) သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၇၆) မြေကွက်ပေါ်တွင် (၅၈.၅ပေ×၅၅ပေ) ၄ ခန်းတွဲ ၇ ထပ် (မြေညီထပ် ကားပါကင် အပါအဝင်) ဝန်ထမ်းအိမ်ရာ (၂)လုံး ဆောက်လုပ်ခြင်း

(ခ) သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ (၁၆)လုပ်သားလမ်း၊ မြေကွက်အမှတ် (၃၃/က+၃၃/ခ)ပေါ်တွင် (၈၇ ပေ×၅၅ ပေ) ၆ ခန်းတွဲ ၇ ထပ်(မြေညီထပ် ကားပါကင် အပါအဝင်)ဝန်ထမ်းအိမ်ရာ(၂)လုံးဆောက်လုပ်ခြင်း

(ဂ) လှိုင်သာယာမြို့နယ်၊ သောင်ကြီးမြောက်၊ (၈)ရပ်ကွက်၊ အမှတ် (၄၆)ရှိ မြေအကျယ်အဝန်း ပေ ၁၃၀ × ပေ ၁၇၀ ပေါ်တွင် ပေ ၉၀× ပေ ၃၀ (တစ်ထပ် သံကူကွန်ကရစ်အမျိုးအစား) ရုံးအဆောက်အအုံ(၁)လုံး ဆောက်လုပ်ခြင်း

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်း ရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁၅-၁၀-၂၀၁၈ ရက်မှစတင်ဝယ်ယူနိုင်ပြီး ၁၄-၁၁-၂၀၁၈ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များနှင့် တင်ဒါပုံစံ(Form)များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန် ဦးစီးဌာနမှူးရုံး၊ အမှတ် ၁၆၃/၁၆၇၊ ပန်းဆိုးတန်း အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီ Profile နှင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံ ချက်များကိုပါ တစ်ပါတည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**ဖုန်း-၀၁-၂၅၂၄၂၈/၀၁-၂၅၂၅၄၃/၀၁-၃၇၂၃၀၉**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များ လစဉ်ကျသင့်ခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

- တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။
- တည်ဆဲ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ၂၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော အချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀%နှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ရမည်ဖြစ်ပါသည်။
- တည်ဆဲအထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၈ အရ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ် ခြင်းအတွက် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။
- တည်ဆဲအထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)အရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်လျှင် စည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀% ကိုဒဏ်ငွေအဖြစ်ပေးဆောင်ရမည်ဖြစ်ပါသည်။
- အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် လစဉ်ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် (သို့မဟုတ်) အထူးကုန်စည်ခွန်တို့ကို သတ်မှတ်ရက်အတွင်း ပေးသွင်းကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်) ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ (၄၆)ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ်၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5507 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## နယ်စပ်ရေးရာဝန်ကြီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့်လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်ဒေသများရှိ လုပ်ငန်းများ

(ခ) ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့ရှိ လုပ်ငန်းများ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၉-၂၀၁၈ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၆-၁၀-၂၀၁၈ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ဖုန်း-၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၁၈၆) နှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်း-၀၆၇-၄၀၉၅၇၈၊ ၀၆၇-၄၀၉၃၆၄၊ ၀၆၇-၄၀၉၄၁၇) နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန WebSite (www.mba.gov.mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ထူပါရုံ၊ မြေကွက်အမှတ် ၁၀၂၀/ခ၊ ဧရိယာ ၂၀'×၆၀'မြေကွက်တည်နေရာအမှတ် ၁၀၂၀/က၊ ထူပါရုံ(၆)လမ်း အနောက်၊ ၁ အနော်မာ၊ သာကေတမြို့နယ်၊ ဒေါ်ရှိန် (CF-၀၀၆၂၅၅) အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ရှိန်(CF-၀၀၆၂၅၅) ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ အဆိုပါဂရန်မူရင်းသည် အထားအသိုမှားကာ ပျောက်ဆုံးသွားပါကြောင်း အခြားသူတစ်ပါးတို့ထံမှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံထားခြင်း မရှိပါကြောင်း၊ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မမှန်မကန်ပြုလုပ်မှု ဆောင်ရွက်မှုများ ရှိပါက မိမိအပေါ်တွင် တာဝန်ရှိပါကြောင်း ၂၁-၂-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မူလကဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် ၁ထူ-၀၉၄၃/၂၁-၉-၁၉၉၃ ဖြင့် ဒေါ်ရှိန်(CF-၀၀၆၂၅၅) အမည်ပေါက် မြေငှားစာချုပ်(ဂရန်)စာအုပ်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၆၂(B) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀စီ၊ မြေကွက်အမှတ် ၄၅၆ဒီ/၂အေ၊ မြေအမျိုးအစား ဂရန်ရှိမြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ရှုထိန် ၆/မအရ(နိုင်)၀၃၂၃၃၇၊ ဒေါ်သင်းသင်းစိုး ၁၂/စခန(နိုင်)၀၀၇၁၃၁ မြေဖြစ်ပါသည်။ အမည်ပေါက်နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်ရှုထိန်သည် ၅-၁-၂၀၁၈ရက်နှင့် ခင်ပွန်းဦးစိုးတင်သည် ၂၈-၈-၉၇ရက်တွင် ကွယ်လွန်ခဲ့၍ မိခင်ဒေါ်ရှုထိန်၏အစုအား ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ(သမီး) ဒေါ်သင်းသင်းစိုး ၁၂/စခန(နိုင်)၀၀၇၁၃၁မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်းနှင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၄င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ၂၃-၇-၂၀၁၈ရက် မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းသစ္စာပေးသူ အရာရှိရှေ့ကျိန်ဆိုသည့် ကျမ်းကျိန်အမှတ်စဉ် ၇/၁၈၀၄ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်နှစ်စောင်၊ မိခင်ဖခင်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးချောက်ချက်(ခ)တန်လျှောင်ဘင် (မြိတ်)
### အသက်(၉၃)နှစ်

ဦးအုံးတုံး(ခ)ဦးစိုးမြင့်-ဒေါ်အေးအေးစီ(ဆန်းသစ်လွင် ကုန်မာဆိုင်၊ မြိတ်)တို့၏ဖခင်၊ ကိုစိုးလင်းအောင်-မအေးမွန်မြတ်ဦးတို့၏ အဘိုး၊ ချောစုဝတီ၊ သဲဆုဝတီတို့၏ဘိုးဘိုးကြီး ဦးချောက်ချက်(ခ) တန်လျှောင်ဘင်(မြိတ်)သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆန်းသစ်လွင် ကုန်မာဆိုင်(မြိတ်)**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းရွှေ(ခ)အွန်တီဝမ်း (သုံးခွမြို့)
### အသက်(၉၀)

Three Swallows Construction Co., Ltd ၏ ဒါရိုက်တာ ဦးမိုးကိုဇော်-ဒေါ်တင်တင်ဝင်းတို့၏ဖခင် ဦးသိန်းရွှေ(ခ)အွန်တီဝမ်း အသက်(၉၀)သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်၊ မန္တလေး**
**Three Swallows Construction Co.,Ltd**
**ဝန်ထမ်းများ**

## ဒေါ်ဆွေဇင်မွန် (မုဒုံ)
### ဘဏ္ဍာရေး၊ ရေနံသယ်ပို့၊ စွမ်းအင်ဝန်ကြီးဌာန
### အသက်(၆၄)နှစ်

မုဒုံမြို့နေ (ဆရာဦးကံထွန်း)၊ တိုက် ၄၂၊ အခန်း ၈၊ မင်းဒင် ၅ လမ်း၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏနေ (ဒေါ်စောကြည်)တို့၏သမီး၊ မုဒုံမြို့နေ(ဦးမောင်အေး-ဒေါ်သင်းမေ) တို့၏သမီးချွေးမ၊ တိုက် ၃၅၊ အခန်း ၆၊ မင်းဒင်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးဝင်းဆွေ(လက်ထောက်စက်ရုံမှူး၊ ငြိမ်း၊ ရပသ၊ M.P.E၊ စွမ်းအင်ဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခိုင်စုစုမွန်-ဦးလှမိုးအောင်(E/E, Belships(Myanmar) Shipmanagement Ltd.)၊ ဒေါ်ဆုမြတ်မွန်(MPT-KSGM)-ဗိုလ်မှူးရဲမြင့်နိုင်၊ ဒေါက်တာဇင်လှဲမွန်(လက်ထောက်ဆရာဝန်၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်မင်းခန့်မိုး[Third Year, Electrical Power, Mandalay Technological University(COE)]၊ မောင်ဘုန်းမြတ်ခိုင် (Grade-6, H၊ အထက-၁၊ သဃ်န်းကျွန်း)တို့၏အဘွားသည် ၂၄-၉-၂၀၁၈ ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ အနုပညာလက်ရာများ ဓလေ့စရိုက်များနှင့် ယဉ်ကျေးမှုအပေါ် အင်္ဂလိပ်လူမျိုး ပန်းချီဆရာတစ်ဦး၏ ရှုမြင်မှုများကို ဖော်ပြထားသည်...
**နှစ်တစ်ရာက ခရီးသည်**
**မောင်ရဲခိုင်**
[မြန်မာပြန်သည်]
Myanmar by
R.Talbot Kelley ဒုတိယအကြိမ်
**အလင်းသစ်စာပေတိုက်** ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းရွှေ(ခ)အွန်တီဝမ်း (သုံးခွမြို့)
### ကျန့်တိတ်ဘုရားကျောင်း(ဗဟို)ဥက္ကဋ္ဌ
### အသက်(၉၀)

ဦးမိုးကိုဇော်(Director), Three Swallows Construction Co.,Ltd -ဒေါ်တင်တင်ဝင်း(Lady Rose Floral Service)တို့၏ဖခင် ဦးသိန်းရွှေသည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပျံလွှား-ရေပိုက်**
**အိမ်ဆောက်ပစ္စည်းနှင့်လျှပ်စစ်ပစ္စည်း**
**ရောင်းဝယ်ရေးမိသားစု**
**WAA Ice Cream မိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း
## ဗိုလ်မှူးတင်ဖေ(ငြိမ်း)
### လေ-၁၂၀၆
### မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ
### လူထု၊လူတန်းစားရေးရာဗဟိုကော်မတီဝင်အတွင်းရေးမှူး(ငြိမ်း)
### ဇီးကုန်းမြို့နယ်အသင်းနာယက
### MCBA နာယက

၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးတင်ဖေ(ငြိမ်း)အား နောက်ဆုံးအချိန်အထိ အစွမ်းကုန်ကြိုးစားကုသပေးခဲ့ကြသော အဆုတ်နှင့် ရင်ခေါင်းရောဂါ အထူးကုသမားတော်ကြီး ဒေါက်တာဦးဝင်းနိုင်၊ ဆရာဝန်/ဆရာမများ၊ သူနာပြုများ၊ ရန်ကုန်ဆေးရုံကြီး(ခုတင်-၅၀၀)မှ ဆရာဝန်/ဆရာမများ၊ သူနာပြုများ၊ နာမကျန်းစဉ်ကာလ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ဆက်သွယ်မေးမြန်း အားပေးကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူမှုကူညီရေးအသင်း(ရန်ကုန်)နှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အသင်းအဖွဲ့များ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ကြသူများ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ခဲ့ကြသော MCBA အမှုဆောင်သစ်/ဟောင်းများ၊ ဇီးကုန်းမြို့နယ်အသင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား မမေ့မလျော့ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ဇနီး ဒေါ်ယဉ်ယဉ်မေနှင့်**
**သားသမီးမြေးများ**

## ဒေါ်သန်းသန်းယဉ် (အထက်မင်းလှ)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ် ၄၄/၁နေ (ဦးဘထွန်း-ဒေါ်ငွေစီ)တို့၏သမီး၊ (ဦးဘအုန်း-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ ပါမောက္ခ ဒေါက်တာမင်းဇော်ထွန်း(ခွဲစိတ်ကုဆရာဝန်ကြီး)-ဒေါက်တာနန်းလဲ့ယဉ်ဝင်း၊ ဒေါက်တာခင်မောင်ဦး(အရှေ့ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာန)-ဒေါ်စိမ်းစိမ်းထွန်း၊ (ဒေါ်ညိမ်းညိမ်းထွန်း)တို့၏မိခင်၊ ဒေါက်တာသီဂီသက်ပိုင်ထွန်း၊ မောင်အောင်ဟိန်းခန့်၊ မောင်ကောင်းဇော်ဇော်(Grade 6, TTC)တို့၏အဘွားသည် ၂၄-၉-၂၀၁၈ရက် နံနက် ၀၀း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးသိန်းမြင့် (အသက်-၇၂နှစ်) (ကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ လားရှိုးတက္ကသိုလ်)သည် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ-

**ဓာတုဗေဒမိသားစု၊ လားရှိုးတက္ကသိုလ်**

## လှိုက်လှဲစွာကျေးဇူးတင်ပါသည်

၁၈-၉-၂၀၁၈ရက်က ကွယ်လွန်ခဲ့သည့် ဒေါက်တာကြည်ဆန်းထက်၏ နောက်ဆုံးခရီးအတွက် ရုပ်ဝတ္ထုအရလည်းကောင်း၊ စိတ်ဓာတ်အရလည်းကောင်း တစ်ခဲနက် ကူညီထောက်ပံ့ခဲ့ကြသည့် ရပ်နီးရပ်ဝေးမှ လေးစားရပါသော မိတ်ကလျာတို့၏ ကျေးဇူးကို ရင်၌အစဉ် ကမ္ပည်းတင်လျက်…

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/3742 , TOYOTA Probox NCP 50,S/W(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူမိုး ၁၂/ဥကတ(နိုင်)၁၄၇၅၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဦးအောင်သောင်း
### (ကုန်တိုက်-၁၊ ငြိမ်း၊ မြန်မာ့ကုန်တိုက်)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၃လမ်း၊အမှတ် ၁၁၅နေ (ဦးဘိုးရင်-ဒေါ်ဖွားမေ)တို့၏သား၊(ဦးခင်မောင်-ဒေါ်ကျင်အိမ်)တို့၏သားသမက်၊(ဦးအောင်မောင်း-ဒေါ်စောရွှေ)တို့၏ညီ၊ (ဦးထွန်းရွှေ)-ဒေါ်သန်းညွန့်တို့၏အစ်ကို၊ ဒေါ်ငွေမြ၏ခင်ပွန်း၊ ဦးအောင်အောင် - ဒေါ်နန်းစပယ်သက်၊ ဦး ကျော်လင်း၊ ဦးထွန်းလွင်-ဒေါ်သီသီထွန်းတို့၏ဖခင်၊ မောင်သီဟ၏အဘိုးသည် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
## ဦးသိန်းမြင့်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊မာတလိလမ်း၊လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် ၁၈၊ အခန်း ၂၁နေ အသင်းဝင် ဒေါ်ခင်နှင်းဝေ၏ခင်ပွန်း ဦးသိန်းမြင့်သည် ၂၄-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဒေါ်မြတ်မွန်(ခ)မွန်ကြီး
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊တိုက် ၆၈၊ အခန်း ၇နေ (ဦးမောင်မောင်-ဒေါ်ကျင်မွေး)တို့၏သမီး၊ (ဦးအောင်ဇော်)-ဒေါ်မြမြငွေး၊ ဒေါက်တာနေဝင်း - ဒေါက်တာခင်မကြီးတို့၏ညီမ၊ မအေးမွန်၏အစ်မ၊ ဒေါက်တာနှင်းအေးယဉ်၊ မောင်အောင်ခန့်သူ-မစုလှိုင်ထွန်း(ခ)မတော်ဝင်နန်းတို့၏အဒေါ်သည် ၂၄-၉-၂၀၁၈ရက် ည ၁၁း၅၃နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ မွန်းတည့် ၁၂နာရီတွင်နှင့် မြောက်ဥက္ကလာမြို့နယ်၊ မေဓာဝီလမ်း၊ အမှတ် ဆ-၃၁၅ နေအိမ်တို့မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ဆုမြတ်လွင်(ခ)မီမီ
### (သန်လျင်)
### အသက်(၃၇)နှစ်

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် ၄၄နေ (ဦးအောင်သိန်း-ဒေါ်အေးရွှေ)၊ (ဦးလှမြင့် - ဒေါ်တင်တင်အေး)တို့၏မြေး၊ ဦးငွေညွန့်-ဒေါ်သန်းသန်းမြင့်၊ ဦးညွန့်လွင် - ဒေါ်ကြည်ကြည်ခိုင်၊ ဦးမြတ်တိုး-ဒေါ်မြင့်မြင့်သိန်း၊ (ဦးသက်လွင်-ဒေါ်ခင်ချစ်)တို့၏တူမ၊ ဦးစန်းလွင်-ဒေါ်ခိုင်မာမြင့်တို့၏သမီး၊ မဝင့်ရည်လွင်၊ မငုဝါလွင်တို့၏အစ်မသည် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်တို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးချောက်ချက်(ခ)တန်လျှောင်ဘင် (မြိတ်)
### အသက်(၉၃)နှစ်

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်နိုင်(ခ)ဦးကြံ့ရှင်(MD-Ei Pyho Yadanar Manufacturing)-ဒေါ်မြင့်မြင့်သန်းတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးချောက်ချက်(ခ)တန်လျှောင်ဘင် အသက်(၉၃)နှစ်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်စိုး(ဥက္ကဋ္ဌ-မြန်မာနိုင်ငံ**
**ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း)-ဒေါ်မြင့်မြင့်နွယ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးချောက်ချက်(ခ)တန်လျှောင်ဘင် (မြိတ်)
### အသက်(၉၃)နှစ်

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်နိုင်(ခ)ဦးကြံ့ရှင် (MD-Ei Pyho Yadanar Manufacturing)-ဒေါ်မြင့်မြင့်သန်းတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးချောက်ချက်(ခ)တန်လျှောင်ဘင် အသက်(၉၃)နှစ်သည် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**
**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်ကြည်(ခ)ဒေါ်ရင်ကြည်
### အသက်(၈၃)နှစ်

ဦးထွန်းမင်း-ဒေါက်တာလဲ့လဲ့မော်(တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်)တို့၏မိခင် ဒေါ်ယဉ်ကြည်(ခ)ဒေါ်ရင်ကြည်သည် ၁၉-၉-၂၀၁၈ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်နှင့်**
**ဥပဒေအရာရှိများ၊ ဝန်ထမ်းများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမ စာရာဒေါ်လေးကြိုင် အသက်(၈၀)

သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် ၇နေ(ဦးဖြူ-ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးအေးသော-ဒေါ်အေးဝ)တို့၏သမီးချွေးမ၊ သာသနာပိုင် ဦးဂျေ-သန်းဖေ၏ချစ်လှစွာသောဇနီး၊ ဒေါ်မာဂရက်မြင့်မြင့်သန်း၊ ဦးခရစ္စတိုဖာကျော်မြင့်သန်း၊ ဒေါ်ဟေ(လ်)ဒါမြမြသန်း-ဦးပြုံးမြင့်၊ ဦးဖရန်စစ်ကျော်မြသန်း၊ ဒေါ်အယ်နီအေးအေးသန်း-ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း၊ ဦးစတီဗင်တင်မောင်သန်း-ဒေါ်အင်ဂျလာတင်တင်၊ ဦးမိုက်ကယ်တင်အောင်သန်း-ဒေါ်ခင်စန္ဒာမြင့်၊ (ဒေါ်စီစီလျာနီနီသန်း-ဦးသူရ)၊ ဒေါ်အဲလ်စ်ဇဘက်ကြည်ကြည်သန်း-(ဦးဝဏ္ဏထွန်း)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ဘွားဘွားသည် ၂၅-၉-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၅း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၉-၂၀၁၈ရက်(စနေနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ဝတ်ပြုဆုတောင်းပြီး နံနက် ၁၁နာရီတွင် အမိုးနီ ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## လ-၁၂၉၇၁၇ ရဲအုပ်မောင်ဝင်း(ငြိမ်း)
### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မြို့မအနောက်ရပ်ကွက်၊ အမှတ် ၉နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း ရဲအုပ်မောင်ဝင်း(ငြိမ်း) အသက်(၇၁)နှစ်သည် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းအထူး(၂/၈၇)**
**သင်တန်းဆင်းရဲအရာရှိများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမော်(ခ)ဒေါ်ပွင့်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၉၀နေ (ဦးအောင်ညွန့်-ဒေါ်ခင်မေ)တို့၏သမီး၊ (ဦးဝင်း)၏ဇနီး၊ ဦးဝင်းခိုင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးအောင်ဇော်ဝင်း-မတင်သူဇာထွန်း၊ မထိုက်ထိုက်ဝင်း၊ ဦးသူရအောင်-မသဲစုဝင်း၊ မအေးကြည်ကြည်မြတ်တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းညို
### အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ(ဦးညွန့်တင်-ဒေါ်တင်လှ)တို့၏သမီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၆လမ်း(B)၊ တိုက် ၂၄၊ အခန်း ၂၀၃နေ ဦးတင်ထွန်း(ရဲမှူး၊ ငြိမ်း)၏ဇနီး၊ ဒုရဲမှူး ရဲထွန်းဦး-ရဲအုပ်အေးအေးအောင်၊ တပ်ကြပ်ကြီးဘုန်းမြင့်အောင်-တပ်ကြပ်ကြီးသီတာထွန်း၊ (ကိုသန်းကျော်ထွန်း)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၉-၂၀၁၈ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၈ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်ဦး (အောင်ပန်းမြို့)
### အသက်(၉၂)နှစ်

အောင်ပန်းမြို့၊ မိုးကောင်းရပ်ကွက်၊ နယ်မြေ(၂)နေ (ဒေါ်စိမ်းလှ)၏ခင်ပွန်း၊ (ဦးတင်ငွေ)-ဒေါ်မြင့်မြင့်ဦး၊ ဦးမောင်မောင်-(ဒေါ်မြင့်မြင့်ကြည်)၊ နေပြည်တော်နေ ဦးအောင်ဖုန်း (ဒုတိယအမြဲတမ်းအတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီ(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ် ၁၁ယောက်တို့၏အဘိုးသည် ၂၅-၉-၂၀၁၈ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် အောင်ပန်းမြို့ မင်းဂူသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်စောကြည်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊သဃ်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊(၂၅)ရပ်ကွက်၊ပျဉ်းမမြိုင်လမ်း၊ အမှတ် ၂၉၉/၁နေ (ဦးသံချောင်း-ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးကျော်ညွန့်)၏ဇနီး၊ ဦးသာရင်-(ဒေါ်သိန်းအိ)တို့၏ညီမ၊ ဦးသန်းထွန်း-(ဒေါ်မေစီဟန်)တို့၏အစ်မ၊ ဦးအေးမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးသိန်းဝင်း၊ ဒေါ်စန်းစန်းအေး၊ ဦးဖုန်းကျော်-ဒေါ်သန္တာခိုင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့) ည ၉း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးညဏ်မြင့်(ရွှေပန်းထိမ်) အသက်(၈၀)
### စမ်းချောင်း

ဟသ်ာတခရိုင်၊ ဓနုဖြူမြို့နေ (ဦးဘိုးထိုက်-ဒေါ်လေးတိမ်)တို့၏သား၊ ရွှေပန်းထိမ်ဆရာကြီး (ဦးကျော်တင့်-ဒေါ်မြစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၂၁နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ ဦးကိုကိုမောင်-ဒေါ်မြင့်ပြုံးဦး၊ (ကိုလင်းလင်းထွဋ်)တို့၏ဖခင်၊ ဦးသိန်းဟန်-(ဒေါ်ခင်အုန်းမြင့်)၊ ဦးမြင့်ဆွေ-ဒေါ်ငွေး၊ ဦးညိုမောင်-ဒေါ်တင်အေး၊ ဦးဝင်းကြည်-ဒေါ်အေးသန်း၊ ဦးမောင်မောင်-ဒေါ်သန်းထွေး၊ ဦးပက်ထရစ်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးမြင့်သိန်း-(ဒေါ်ဝင်းဝင်းသန်း)တို့၏အစ်ကို၊ တူ၊ တူမ ၂၁ယောက်တို့၏ဦးလေးသည် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိန်ထွေး
### (စာရေးဆရာ မောင်စိန်ထွေး)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ် ၂၁နေ(ဦးထွန်းတင်-ဒေါ်သန်းကြည်)တို့၏သား၊ ဒေါ်ထားထားအိ(မြန်မာစာပါမောက္ခ၊ ငြိမ်း)၏မောင်၊ ဦးသိန်းဇံ(ညွှန်မှူး-ငြိမ်း၊ အဆင့်မြင့်ဦးစီးဌာန၊ အောက်မြန်မာပြည်)-ဒေါ်စန်းစန်းမြင့်(နည်းပြ-ငြိမ်း၊ စာပေဌာန၊ စက်မှုသိပ္ပံ၊ အင်းစိန်)၏ညီ၊ ဦးထင်စိုး-ဒေါ်ချိုချိုလွင်၊ (ဦးအေးသိုက်)-ဒေါ်စန်းစန်းသွင်၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်သိုက်၊ ဦးတင့်မွန်အောင်-ဒေါ်ဝင်းဝင်းအေးတင်တို့၏အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီးသည် ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## ဦးလှမြင့် (ကံမမြို့)
### အသက်(၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ကံမမြို့၊ (၂)ရပ်ကွက်၊ ခန်းမရုံလမ်းနေ (ဦးကျောက်ခဲ-ဒေါ်တင်)တို့၏သား၊ (ဦးသန်းရွှေ-ဒေါ်ရီခင်)တို့၏သားသမက်၊ (ဒေါ်တင်တင်ဝမ်း)၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျော်ခိုင်-ဒေါ်ရီရီသန်း၊ ဦးကျော်ဇေထက်-ဒေါ်ဝင့်ဝင့်ခိုင်၊ ဦးထွဋ်ခိုင်-ဒေါ်အေးအေးမြတ်၊ ဦးကျော်ဝင်းလှိုင်-ဒေါ်နွယ်နီ၊ ဦးထွဋ်ခိုင်၊ ကိုဇင်ဟိန်း-မချိုဇင်ဦးတို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၂၅-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းဆင့် (စောင်းကောက်)
### အသက်(၇၁)နှစ်

ဦးအောင်နိုင်စိုး-ဒေါ်ဖြိုးဖြိုးသွယ် (အထွေထွေမန်နေဂျာ၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်)တို့၏ ဖခင်ဖြစ်သူ ဦးဝင်းဆင့် အသက်(၇၁)နှစ်သည် ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စည်ပင်ဘဏ်လီမိတက်ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေးသွင်
### အသက်(၆၅)နှစ်

ဦးလှသိန်း(Chairman & CEO Myanmar Data Center Corporation Ltd)-သုခမ္မသီဂီ ဒေါ်တင်လေးကြည်တို့၏ညီ/မောင်သည် ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄-၇၈ ဓာတုဗေဒ/ကုန်ထုတ်ဓာတု**
**သူငယ်ချင်းများ**



# မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် တူးဖော်ခဲ့သည့် တွင်းအမှတ် ရွှေရည်ထွန်း-၂ မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှု သတင်းထုတ်ပြန် စီးပွားဖြစ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့ စီမံကိန်းကြီးတစ်ခုအဖြစ် အကောင်အထည်ပေါ်လာရေး ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၅**
မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် တူးဖော်ခဲ့သည့်တွင်းအမှတ် ရွှေရည်ထွန်း-၂ မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှု သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများမှဉက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ PSC Operator အစုရှယ်ယာဝင်များဖြစ်သည့် MPRL E&P Pte., Ltd.၊Woodside Energy (Myanmar) Pte., Ltd. နှင့် Total E & P Myanmar Co., Ltd. တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများ တက်ရောက်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❖

## သထုံမြို့၌ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၂၅၄၅ ရွက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**
သထုံမြို့၌ စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတုများနှင့် ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ သုံးဦးအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက် ည ၇ နာရီခွဲခန့်တွင် သထုံခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ် အောင်သူဦးစီးပူးပေါင်းအဖွဲ့သည် သထုံမြို့ လိပ်အင်းရပ်ကွက်နေ ဒေါ်ဌေးဌေး (အသက် ၅၀)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ယင်းနေအိမ်တွင် တည်းခိုနေထိုင်နေသည့် ဇော်မင်းနိုင် (ခ) ကိုဇော် (၄၆ နှစ်) မိုးညှင်းမြို့နယ် ထိန်တောကျေးရွာနေထိုင်သူ၏ အခန်းအတွင်းမှ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၁၂၅၄၅ ရွက်၊ တစ်သောင်းတန်ငွေစက္ကူကို မိတ္တူ တစ်ခြမ်းကူးထားသည့် A4 စာရွက် ၂၂၀၊ မိတ္တူ နှစ်ဖက်ကူးထားသည့် A4 စာရွက် ကိုးရွက်၊ ကာလာပရင်တာ တစ်လုံး၊ MYANMAR စာတန်းပါ မိုလောင်းထားသည့် ခဲပြားကပ်ထားသော ဖိစက် တစ်ခု၊ စက္ကူဖြတ်စက် တစ်ခု၊ ပရင်တာဆေးရည် လေးဘူး၊ *စာမျက်နှာ ၁၃ ကော်လံ ၃* ◆

**ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးပါ ခြောက်ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ တရားစွဲအရေးယူ**
စာမျက်နှာ-၁၃

**အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အောင် မြန်မာအမျိုးသမီးအသင်း ပြန်လည်ရောက်ရှိ**
စာမျက်နှာ-၁၇



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပတ်ရထားစီး ပြည်သူတွေအတွက် အဆင့်မြှင့်တင်မှု



● ဝေယံဦး



**ရန်ကုန်မြို့** မှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် နေ့စဉ် အချိန်ကြာမြင့်စွာ ဘတ်စ်ကားစီးပြီးသွားလာနေကြတဲ့ ခရီးသွားပြည်သူတွေအတွက် မြို့ပတ်ရထားနဲ့ အဆင်ပြေပြေသွားလာနိုင်အောင် စီစဉ်ပေးနေပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုတွေနဲ့အတူ မြို့ပတ်ဘူတာရုံတွေလည်း အဆင့်မြှင့်မှုပြုလုပ်နေတယ်လို့ ဆိုပါတယ်။

မြန်မာ့မီးရထားအနေနဲ့ ရန်ကုန်မြို့ပတ်ရထားစီး ပြည်သူတွေအတွက် မြို့ပတ်ရထားလမ်းကို အဆင့်မြှင့်တင်ရာမှာ ရန်ကုန်မြို့ အရှေ့ခြမ်းနဲ့ ရန်ကုန်မြို့ အနောက်ခြမ်းဆိုပြီး နှစ်ပိုင်းခွဲပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ရန်ကုန်မြို့ အနောက်ခြမ်းမှာ ပါဝင်တဲ့ မြို့ပတ်ရထားလမ်းပိုင်းကို အပိုင်းသုံးပိုင်းခွဲပြီး လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်း အနောက်ခြမ်းနဲ့ အပိုင်း သုံးပိုင်းကို ကြည့်ရင် တညင်းကုန်း-အင်းစိန်အပိုင်း၊ အင်းစိန်-ကြည့်မြင်တိုင် အပိုင်း၊ ကြည့်မြင်တိုင်-ဘုရားလမ်းအပိုင်းဆိုပြီး သတ်မှတ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းရဲ့ အနောက်ဘက်ခြမ်း အဆင့်မြှင့်တင်မှုကိုတော့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှာ စတင်ဆောင်ရွက်ခဲ့တာမို့ ယခုပွင့်လင်းရာသီမှာ အရှိန်အဟုန်မြှင့် ဆက်လက်လုပ်ကိုင်တော့မှာ ဖြစ်ပါတယ်။

> “ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရဲ့စုစုပေါင်းအရှည်က ၂၉ မိုင်ခန့်ရှိပြီး မြို့ပတ်ရထားတစ်ပတ်မောင်းတဲ့ စုစုပေါင်း အချိန်ဟာ ၂ နာရီ မိနစ် ၅၀ ခန့် ကြာမြင့်တာဖြစ်တာမို့ အခုလို ရထားလမ်း အဆင့်မြှင့်တင်မှု ပြီးစီးသွားရင် မြို့ပတ်ရထားခရီးတစ်ပတ် ကြာမြင့်ချိန်ဟာ ၁ နာရီ မိနစ် ၅၀ ခန့်သာ ကြာတော့မှာဖြစ် ”

ရန်ကုန်အရှေ့ဘက်ခြမ်းအပိုင်းမှာတော့ တညင်းကုန်း-ပုရွက်ဆိတ်ကုန်းအပိုင်း၊ ပုရွက်ဆိတ်ကုန်း-ပုဇွန်တောင်လမ်းအပိုင်းဆိုပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကို နှစ်ပိုင်းခွဲထားပြီး ဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒီလို ရထားလမ်းအပိုင်းလိုက် အဆင့်မြှင့်တင်မှုမှာ ဂျပန်နည်းပညာအတိုင်း ပြုလုပ်နေတာဖြစ်လို့ အချိန်ပေးပြီး အရည်အသွေးမီ စံချိန်မီ ကြံ့ခိုင်မှုရှိအောင် စနစ်တကျလုပ်ဆောင်နေတာ ဖြစ်တယ်လို့ ဆိုပါတယ်။ အင်းစိန်-တညင်းကုန်း ရထားလမ်းပိုင်းရဲ့လက်ဝဲရစ်လမ်းပိုင်းကို ပြုပြင်မှု အဆင့်မြှင့်တင်မှုဟာ ဒီလကုန်ပိုင်းပြီးစီးဖို့ ရှိနေပြီး လာမယ့် အောက်တိုဘာလမှ စတင်ကာ လက်ယာရစ် လမ်းပိုင်းကို စတင်ပြုပြင်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ် အနောက်ခြမ်းရထားလမ်း အဆင့်မြှင့်တင်မှု အားလုံးကို သတ်မှတ်ကာလအတွင်းမှာ အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်အဖြစ် အသိအမှတ်ပြုထားသလို ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်လုပ်ကိုင်ရာ မြို့လည်းဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းတွေ၊ စက်မှုဇုန်တွေ၊ လူငယ်တွေအတွက် ပညာဖြည့်ဆည်းရာ သင်တန်းတွေ၊ တက္ကသိုလ်တွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများရာ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။

**အချပ်ပို (ခ) သို့**



## အောင်ဘာလေထီဥပဒေ အမြန်ဆုံးပေါ်ပေါက်ရေး စောင့်မျှော်နေကြပြီ

အချပ်ပို(ခ)



## ရန်ကုန်ဘူတာကြီး သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်စို့

အချပ်ပို(ဂ)

# အောင်ဘာလေထီဥပဒေ အမြန်ဆုံးပေါ်ပေါက်ရေး စောင့်မျှော်နေကြပြီ

**တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဓာတ်ပုံ- ဘော်ဂါသွေး**

ယနေ့ အောင်ဘာလေထီစျေးနှုန်းများ မြင့်တက်နေမှုအပေါ် ပြည်သူများက ဝေဖန်မှုများ ရှိနေသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက မြန်မာနိုင်ငံအနှံ့ အပြားသို့ လစဉ် ထုတ်ရောင်းချလျက်ရှိသော ထီလက်မှတ်များ၏ ထက်ဝက်ခန့်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထီဆိုင်ကြီး၊ ထီဆိုင်လေးများက ရယူရောင်းချပေးနေခြင်း ဖြစ်သည်။ နယ်အနှံ့သို့ ထီအုပ်ရေ ၄၀၀၀၀ ခန့်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာပင် အုပ်ရေ ၄၀၀၀၀ ဝန်းကျင် ရောင်းချပေးနေရကြောင်း သိရသည်။

အောင်ဘာလေထီလုပ်ငန်းကို ၁၉၃၈ ခုနှစ်ကပင် စတင်ခဲ့ပြီး စတင်စဉ်က ထီတစ်စောင်လျှင် ငွေကျပ် ၂၀၀ ဖြစ်သည်။ ထိုငွေကျပ် ၂၀၀ ခေတ်က ထီကြော်ငြာကာတွန်းတစ်ခုကို ပြန်မှတ်မိနေသည်။ ကာတွန်းဆရာကြီး (ဦး) ဘဂျမ်း လက်ရာဖြစ်သည်။ "မင်းသူ့ကို အပြတ်မပြောလိုက်နဲ့ဦး . . . သူ့အိတ်ကပ်ထဲမှာ အောင်ဆုပန်ထီလက်မှတ်တွေ့တယ်" (စကားလုံးအသုံးများ လွဲကောင်းလွဲပါမည်) ဆိုသည့် ထီကြော်ငြာလေးအပြင် ရုပ်ရှင်မင်းသား ကျော်ဟိန်း၏ "ငွေနှစ်ကျပ်ဖိုးနဲ့ သိန်းထီထိုး ပျော်စရာဆုကြီးတစ်ခုမှမတိုး" ဟူသည့် သီချင်းစာသားလေးကို အလွန်သဘောကျမိခဲ့သည်။ ခေတ်တစ်ခေတ်၏ ကြေးမုံပြင်များ ဖြစ်ခဲ့သည်။ ပြယုဂ်များ ဖြစ်ခဲ့သည်။

ယနေ့နောက်ဆုံး ထီတစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် တရားဝင်ရောင်းချမှုသည် ယခု ၂၀၁၈ ခုနှစ်အတွင်းက စတင်ခဲ့သည့် အမြင့်ဆုံးဆုကြေးမှာ ကျပ်သိန်းတစ်သောင်းဖြစ်သည်။ စထွက်စဉ်က ကျပ် ၅၀၀ ထက် ပိုရောင်းပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဟုလည်း ကြေညာခဲ့သည်။ သို့သော် ကျပ် ၅၀၀ တန်ထီများ စဖွင့်သည့်လများက ရောင်းအားမကောင်းခဲ့ပေ။ သုံးလလောက်ရောက်မှ ရောင်းအားများ တစ်စတစ်စ တက်လာခဲ့သည်။ သွေးတိုးစမ်းသည့်အနေဖြင့် တစ်စောင်လျှင် ကျပ် ၅၅၀မှ ခြေလှမ်းစခဲ့သည်။ နောက်ကျပ် ၆၀၀၊ ကျပ် ၆၅၀၊ ယနေ့ ကျပ် ၇၀၀ အထိ ခြေလှမ်းများကဲ့လာကြသည်။ အရဲကိုးလာကြသည်။ ဒါကလည်း တိကျစွာ အရေးယူမှုမရှိခြင်းကြောင့်ပင်ဟု ဆိုကြသည်။ တိုင်ကြားလျှင် ထိရောက်စွာအရေးယူမည်ဟု ဆိုသော်လည်း တစ်ဦးတစ်ယောက်မျှ တိုင်ကြားခြင်း မရှိ၍လား မသိပေ။ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း မြင့်လာခဲ့သည်။ စက်တင်ဘာ ၁၉ ရက်က ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက " ရန်ကုန်တိုင်းဒေသကြီးအတွင်း ထီဆိုင်များက ထီလက်မှတ်များအား အစိုးရသတ်မှတ်ရောင်းဈေး ကျပ် ၅၀၀ ထက် ပိုမိုအမြတ်တင်ကာ လက်လီလက်ကားရောင်းချနေခြင်းသည် အောင်ဘာလေသိန်းဆုဌာနက ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှုရှိပါသလား၊ မရှိပါက အရေးယူဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း"။

တစ်ဖန် "ရန်ကုန်တိုင်းဒေသကြီးအတွင်း မည်သူများက အောင်ဘာလေထီလက်မှတ်များကို တန်ဖိုးငွေကြေးပမာဏ မည်မျှအထိ ဝယ်ယူဖြန့်ဖြူးလျက်ရှိသည်ကို သိရှိလိုပါကြောင်း"၊ ထပ်မံ၍ "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသည့် အဓိက အောင်ဘာလေသိန်းထီလက်မှတ် လက်လီလက်ကားဖြန့်ဖြူးရောင်းချသည့် ဆိုင်ကြီးများထံမှ အမြတ်ခွန်အပါအဝင် အခွန်ငွေများ မည်သို့ စည်းကြပ်ကောက်ခံနေကြောင်း၊ အဆိုပါ ဆိုင်ကြီးများထဲမှ နှစ်စဉ် အခွန်ငွေမည်မျှရရှိကြောင်းကို သိလိုကြောင်း" မေးမြန်းမှုများ ရှိခဲ့သည်။

ထိုအမေးများကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြန်လည်ရှင်းပြရာတွင် ထီဆိုင်ခွဲများအနေဖြင့် ထီဈေးနှုန်းပိုမိုရောင်းချသည်ဟု တိုင်ကြားခံရပါက ယင်းဆိုင်ကြီးများ၏ ကြီးကြပ်မှု အားနည်းသည်ဟု မှတ်ယူကာ ထီအစောင်ရေလျှော့ချခြင်း နည်းလမ်းဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ရှင်းလင်းမှု ရှိခဲ့သည်။



◆ ထီဆိုင်ခွဲများအနေဖြင့် ထီဈေးနှုန်းပိုမိုရောင်းချသည်ဟု တိုင်ကြားခံရပါက ယင်းဆိုင်ကြီးများ၏ ကြီးကြပ်မှု အားနည်းသည်ဟု မှတ်ယူကာ ထီအစောင်ရေလျှော့ချခြင်းနည်းလမ်းဖြင့် အရေးယူဆောင်ရွက်လျက်ရှိ

◆ အောင်ဘာလေထီဥပဒေပြဋ္ဌာန်းပြီးပါက ထီဆိုင်အဆင့်ဆင့်များကို ကြီးကြပ်ထိန်းကျောင်းနိုင်မည့်အပြင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းဝယ်နိုင်

အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် အောင်ဘာလေထီနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိသေးခြင်းကပင် အရေးယူရန် နည်းလမ်းအားဖြင့် အခက်အခဲတစ်ခုဖြစ်နေခဲ့သည်။ ထို့အတွက် အဆင့်ဆင့်ရောင်းချနေသော ထီဆိုင်များ၊ ဆိုင်ခွဲများအပေါ် ထိန်းကျောင်းမှု အားနည်းခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် ဝန်ကြီးက "အောင်ဘာလေထီဥပဒေ ပြဋ္ဌာန်းရေးအတွက် ပြင်ဆင်ဆောင်ရွက်နေပါကြောင်း၊ အောင်ဘာလေထီဥပဒေပြဋ္ဌာန်းပြီးပါက ထီဆိုင်အဆင့်ဆင့်များကို ကြီးကြပ်ထိန်းကျောင်းနိုင်မည့်အပြင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းဝယ်နိုင်လာတော့မှာပါ" ဟု ဆိုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အဓိက ပင်ရင်းဆိုင်ကြီး လေးငါးဆိုင်မျှသာရှိသည်ကို လေ့လာတွေ့ရှိရသည်။ အောင်ဘာလေသိန်းဆုဌာနခွဲက ထီစာအုပ်များ ဖြန့်ဖြူးရောင်းချရာတွင် ဆိုင်အမည်ဖြင့် ရောင်းချခြင်းမဟုတ်ပေ။ လျှောက်ထားသူ ပုဂ္ဂိုလ်တစ်ဦးချင်းဖြင့်သာ ရောင်းချခြင်းဖြစ်သည်။ ဆိုင်အမည်ဖြင့် ရောင်းချပေးပါက ငွေကြေးအင်အားတောင့်တင်းသည့် ဆိုင်ကြီးများက ထီဈေးကွက်အပေါ် အုပ်စီးသွားနိုင်သည်ကိုလည်း စိုးရိမ်မှုရှိနေကြသည်။

အောင်ဘာလေထီစာအုပ်များ ဝယ်ယူရာတွင် ဝယ်ယူခွင့်ရရှိသူအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် အရေအတွက်ပေါ် မူတည်၍ ထီစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် သုံးလစာ အာမခံငွေကို စာချုပ်ချုပ်ဆို ပေးသွင်းထားကြရသည်။ ထီစာအုပ်တစ်အုပ်လျှင် စောင်ရေ ၁၁၀ စောင်ပါရှိပြီး ထီတစ်အုပ်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြစ်သည်။

ထီစာအုပ်များဝယ်ယူရာတွင် ထီဆိုင်ငယ်များအနေဖြင့် အဆင့်ဆင့်လက်ပြောင်းသူထံမှ ဝယ်ယူကြရခြင်းဖြစ်သည်။ အောင်ဘာလေသိန်းဆုဌာနခွဲမှ တိုက်ရိုက်ဝယ်ယူခွင့်ရသူဆိုင်များ၊ ၎င်းမှတစ်ဆင့် ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်များမှတစ်ဆင့် ရောင်းချသူ နောက်ဆုံး လက်ပွေ့သည်၊ လှည်းသည်များအထိ ဖြစ်သည်။

ဤကြားတွင် ရောင်းပြီးမှ ပြန်ငွေသွင်းရသည့် အကြွေးစနစ်ကလည်း ထီလောကအတွင်း ပြဿနာများရှိနေသည်။ ယင်းအကြွေးစနစ်ကြောင့်ပင် ထီဆိုင်အဆင့်ဆင့်ကြားတွင် ဈေးအမြတ်တင်ခြင်းနှင့် ထီဈေးနှုန်းအမြတ်ကြီးမြင့်နေခြင်းလည်း ဖြစ်သည်ဟု ဆိုသည်။

ယခုနောက်ပိုင်း ထီတစ်စောင်ချင်း ရောင်းချမှု လုံးဝမတွေ့ရတော့ပေ။ အနည်းဆုံး နှစ်စောင်တွဲ၊ သုံးစောင်တွဲ၊ ငါးစောင်တွဲ၊ ၁၀ စောင်တွဲ စသည်ဖြင့် အတွဲလိုက်ရောင်းချမှုများက ပိုမိုတွင်ကျယ်လာသည်။ ရောင်းအားကောင်းလာခဲ့သည်။ ထို့အပြင် ဂဏန်းအလှ၊ အပူး၊ အခွ၊ သီးခြားတွဲ၍ ရောင်းချမှုများကလည်း ခေတ်စားလာခဲ့သည်။

ထို့အတွက် လှပသော ထုပ်ပိုးမှု၊ စရိတ်များရှိလာသည်။ ဆိုင်ကြီးလျှင် ကြီးသလို ဝန်ထမ်းစရိတ်၊ ဆိုင်ငှားခစရိတ်၊ ပြင်ဆင်မှုစရိတ်များ ပိုလာသည်။ ထိုစရိတ်များ ကာမိစေရန်နှင့် အမြတ်ရှိစေရေးတို့ကြောင့်လည်း ထီဈေးနှုန်းများတက်လာခြင်းက တစ်ကြောင်း ဖြစ်သည်။

ယနေ့ ရန်ကုန်ထီလက်တွန်းလှည်းလောကတွင် အမျိုးသားများထက် အမျိုးသမီးများက ပိုမိုများပြားလာသည်ကို တွေ့ရသည်။ အဓိက ရန်ကုန်တွင် များပြားလာသော အညာသူ အညာသားများမှပင် ဖြစ်သည်။စမ်းချောင်းဈေးအနီးတွင် လှည်းကလေးဖြင့် ထီရောင်းနေသော အမျိုးသမီးက "ကျွန်မတို့က တစ်ဆင့်ခံမဟုတ်ဘူး။ ကျွန်မတို့ရှေ့မှာ အနည်းဆုံး နှစ်ဆင့်လောက်က ကြားခံနေသေးတယ်။ အဲဒီမှာကတည်းက မူလသတ်မှတ်ဈေးထက် ပိုသွားပြီ။ နောက် ကျွန်မတို့မှာလည်း စရိတ်တွေရှိသေးတယ်။ ထီလှည်းသမားတိုင်းက ကိုယ်ပိုင်မဟုတ်ဘူး။ လှည်းနဲ့ ဖွင့်တဲ့စက်ကအစ ထီဆိုင်က ငှားရတာ။ နောက်ဘက်ထီက ကိုယ့်ဘာသာ ကိုယ်ငှားရတာ။ အဲဒီစရိတ်တွေက ထီတစ်စောင်ချင်းအပေါ်မှာတော့ ပိုလာမှာပဲ" ဟု သူ့အတွေ့အကြုံကို ရှင်းပြသည်။

မည်သို့ပင်ဆိုစေကာမူ ထီများရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းမှာ အတိတ်ကံကောင်းသူများအတွက် ဆုလာဘ်ကြီးတစ်ခုဖြစ်သကဲ့သို့ ၄၀ ရာခိုင်နှုန်းသည်လည်း တိုင်းပြည်ဘဏ္ဍာငွေအတွက် လစဉ်ရရှိနေခြင်းက အမှန်ပင်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တော်သူ မြို့တော်သားတို့၏ တရားဝင်ကံစမ်းမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရောင်းချနေသော လက်လီလက်ကားထီဆိုင်များမှ နှစ်စဉ်ဝင်ငွေ ခွန်ပျမ်းမျှ ငွေကျပ် သိန်း ၃၀၀ ကျော်ဝင်လျက်ရှိနေသည်ကို ဝမ်းမြောက်ဖွယ် သိလာရသည်။

သို့သော် လက်လုပ်လက်စား ပြည်သူအများက ထီတစ်စောင်ချင်း ကံစမ်းနိုင်ရေးနှင့် သတ်မှတ်နှုန်းအတိုင်း ဝယ်ယူနိုင်ရေးအတွက် အောင်ဘာလေထီဥပဒေ အမြန်ဆုံး ပေါ်ပေါက်လာရန် စောင့်မျှော်လျက်ရှိနေကြပေပြီ။ ။

---

**ရန်ကုန်မြို့ပတ်ရထားမှ ...**

ဒါကြောင့် ရန်ကုန်မြို့ဟာ အခုဆိုရင် လူဦးရေ ခြောက်သန်းခန့် ရှိနေတာမို့ မြို့တွင်းမှာ နေ့စဉ်ခရီးသွားပြည်သူတွေ များပြားနေခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့မှာ နေထိုင်လုပ်ကိုင်ကြတဲ့ ပြည်သူတွေအဖို့ ဘတ်စ်ကားနဲ့ရော မြို့ပတ်ရထားနဲ့ပါ အဆင်ပြေပြေသွားလာနိုင်ဖို့ စီစဉ်ပြင်ဆင်နေခြင်း ဖြစ်ပါတယ်။

ဒီလိုမြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုကိုကြည့်ရင် တညင်းကုန်း-အင်းစိန်လမ်းပိုင်းက အရှည် ၃ ဒသမ ၇၅ မိုင်ရှိပြီး အင်းစိန်-ကြည့်မြင်တိုင် လမ်းပိုင်းက အရှည် ၅ ဒသမ ၅ မိုင်ရှိပါတယ်။ ကြည့်မြင်တိုင်-ဘုရားလမ်း ရထားလမ်းပိုင်းကတော့ အရှည် ၂ ဒသမ ၇၅ မိုင်ရှိတာမို့ အဆင့်မြှင့်တင်မှုတွေဟာ မြို့ပတ်ရထားစီးပြည်သူတွေအတွက် ဖြည့်ဆည်းပေးမှုတွေပဲ ဖြစ်ပါတယ်။ အခုလို မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်မှုဟာ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာ လုပ်ငန်းတွေ ပြီးစီးနိုင်မယ်လို့ မြန်မာ့မီးရထားက တာဝန်ရှိသူတွေက ဆိုပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရဲ့ စုစုပေါင်းအရှည်က ၂၉ မိုင်ခန့်ရှိပြီး မြို့ပတ်ရထားတစ်ပတ်မောင်းတဲ့ စုစုပေါင်း အချိန်ဟာ ၂ နာရီ မိနစ် ၅၀ ခန့် ကြာမြင့်တာဖြစ်တာမို့ အခုလို ရထားလမ်းအဆင့်မြှင့်တင်မှု ပြီးစီးသွားရင် မြို့ပတ်ရထားခရီးတစ်ပတ် ကြာမြင့်ချိန်ဟာ ၁ နာရီ မိနစ် ၅၀ ခန့်သာ ကြာတော့မှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ နေ့စဉ် မြို့ပတ်ရထားစီးတဲ့ ခရီးသည် ဦးရေဟာ တစ်ရက်ကို စုစုပေါင်း ၉၀၀၀၀ ခန့်ရှိနေတာမို့ နောက်ပိုင်း ရထားလမ်းအဆင့်မြှင့်တင်ပြီးရင်တော့ ၂၀၁၉ ခုနှစ်မှာ တစ်ရက်ကို ခရီးသည် ဦးရေ စုစုပေါင်း သုံးသိန်းခန့်အထိ တိုးမြှင့်စီးနင်းနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ မြို့ပတ်ရထားစီးနင်းမှုဟာ ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ အိမ်နီးချင်း နိုင်ငံအချို့မှာ မြို့တွင်း ခရီးသွားလာရေးအတွက် အဓိက အားထားနေရတဲ့ သယ်ယူပို့ဆောင်ရေးပဲ ဖြစ်ပါတယ်။ မြေအောက်ရထားစီးနင်းမှုဟာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် အချိန်ကြာမြင့်တာတွေ၊ ခရီးသည်တွေနဲ့ စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှု ဖြစ်စေရတာတွေ၊ ဝန်ဆောင်မှုနဲ့ အချိန်တိကျမှုတွေကြောင့် ရထားစီးနင်းမှုကို ပြည်သူတွေ ပိုပြီး ရွေးချယ်လာကြတာပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့လို လူဦးရေများပြားတဲ့ မြို့ကြီးတွေအတွက်တော့ မြို့ပတ်ရထားနဲ့ သွားလာမှုဟာ တန်ဖိုးရှိတဲ့ အချိန်ကုန်သက်သာမှု၊ စိတ်ဖိစီးမှုကို အများကြီး အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ YBS ဘတ်စ်ကားလိုင်းပေါင်း ၁၀၀ ခန့်နဲ့ ဘတ်စ်ကားအစီးပေါင်း ၆၀၀၀ ခန့် နေ့စဉ်ပြေးဆွဲပေးနေပေမယ့် ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် ဘတ်စ်ကားစီးပြည်သူတွေအတွက် အခက်အခဲအချို့ရှိနေဆဲပါပဲ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကတော့ တတ်နိုင်သမျှ ဝန်ဆောင်မှုကောင်းအောင် ဖြည့်ဆည်းပေးနေသလို ရေယာဉ်တွေ၊ မြို့ပတ်ရထားခရီးစဉ်တွေလည်း ကောင်းမွန်အောင် ဆောင်ရွက်ပေးနေပါတယ်။

အခုလည်း ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုလုပ်နေသလို မြို့ပတ်ဘူတာ ၃၇ ဘူတာကိုလည်း အဆင့်မြှင့်တင်မှု ပြုလုပ်မှာဖြစ်ပါတယ်။ အခုဆိုရင် သမိုင်းဘူတာကို အဆင့်မြှင့်တင်မှု စတင်ပြုလုပ်နေတာမို့ ဂျပန်နိုင်ငံ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီလိုဘူတာရုံတွေ အဆင့်မြှင့်တင် ဘူတာရုံပလက်ဖောင်းတွေ၊ ဘူတာရုံ၊ လက်မှတ်ရုံ၊ ဝင်ပေါက်တွေ၊ နားခိုနိုင်တဲ့ နေရာတွေ၊ ပြည်သူတွေအတွက် ကော်ဖီဆိုင်၊ စတိုးဆိုင်၊ ကြော်ငြာရေိယာ စတာတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ရန်ကုန်မြို့ပတ်ရထားလမ်းနဲ့ မြို့ပတ်ဘူတာရုံတွေဟာ ခရီးသွားပြည်သူတွေအတွက် အားထားစရာ၊ ဝန်ဆောင်မှုပေးရာအဖြစ် ထွက်ပေါ်လာမှာဖြစ်ပါတယ်။

၁၉၅၈ ခုနှစ်က စတင်ဖောက်လုပ်ခဲ့တဲ့ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းဟာ နှစ်ပေါင်း ၆၀ ခန့်သက်တမ်းရှိနေပြီ ဖြစ်ပါတယ်။ ရထားလမ်းပြင်ဆင်မှုတွေ၊ ဘူတာရုံအဆင့်မြှင့်တင်မှုတွေကို ဂျပန်ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၆ သန်းကျော်နဲ့ နိုင်ငံတော်ဘတ်ဂျက်မှလည်း အကုန်အကျခံတည်ဆောက်မှာမို့ ရန်ကုန်မြို့နေ ပြည်သူတွေရဲ့ အားထားစရာ အဆင့်မီမြို့ပတ်ရထားစီးနင်းသွားလာမှု ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ။

# ရန်ကုန်ဘူတာကြီးသန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်စို့

သော်တာနမ့်စန်၊ ဓာတ်ပုံ-သစ္စာ



**ရန်ကုန်** မြို့ပြ၏ အမွေအနှစ်တစ်ခုဖြစ်သော ရန်ကုန်ဘူတာကြီးသည် လွန်ခဲ့သောနှစ် ၅၀ ကျော်ကပုံစံကဲ့သို့ လွင့်ပြယ်စပြုနေသည့် ဖြူလွလွဆေးရောင်အောက်တွင် ရင့်ကျက်တည်ငြိမ်လျက်ရှိသည်။ ဘဝသံသရာရထားကြီးနှင့်အတူ လိုက်ပါမည့် ခရီးသွားတို့မှာလည်း ဝင်လာလိုက်၊ ထွက်ခွာလိုက်ဖြင့် မတည်မြဲသော လောကဓံကိုပြသနေဟန်ရှိသည်။ မိုးလေကင်းသောနေ့ဖြစ်၍ ရန်ကုန်မြို့လယ်သည် သွားသွားလာလာ ပြည်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ ရန်ကုန်ဘူတာကြီးရှေ့တွင် လွန်ခဲ့သောတစ်ချိန်က ဘောလုံးပွဲများဖြင့် ရန်ကုန်မြို့လယ် တုန်ဟည်းသွားသည့်အထိ အားပေးသံတို့ မိုးထိညံခဲ့သော အောင်ဆန်းအားကစားကွင်းကြီးမှာလည်း အရောင်များ လွင့်ပြယ်လျက် ဘောလုံးကွင်းကို ဆိုင်ခန်းများက ဝန်းရံထားလျက်ရှိသည်။ အောင်ဆန်းကွင်းအနီးရှိ သမ္မတရုပ်ရှင်ရုံမှာ သစ်လွင်တောက်ပလျက် ခေတ်အဆက်ဆက်၏ ပြောင်းလဲလာမှုပုံရိပ်တို့ကို သိရှိ၍ ယနေ့တိုင်ခံ့ထည်စွာတည်ရှိလျက်ရှိသည်။

**ရထားစီးခရီးသွားများအတွက် ဝန်ဆောင်မှု**

ရန်ကုန်ဘူတာကြီးရှေ့တွင် အများပြည်သူခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် ကွန်ပျူတာတက္ကသိုလ်၊ တညင်းကုန်း၊ အင်းစိန်၊ သမိုင်း၊ လှည်းတန်း၊ မြေနီကုန်း၊ စံပြနှင့် ဆူးလေ (ဘူတာကြီး) သို့ ပြေးဆွဲပေးသော YBS(78) မှန်လုံယာဉ်လိုင်းဂိတ်ထိုးပြေးဆွဲခြင်းကြောင့် ဘူတာကြီးမှ ခရီးသည်များနှင့် ရန်ကုန်မြို့တွင်းသို့ လာရောက်မည့်ခရီးသွားများအတွက် အဆင်ပြေစေလျက်ရှိသည်။ ရန်ကုန်ဘူတာကြီး၏ ရိုးရိုးတန်းဝင်ပေါက်နှင့် အထက်တန်းဝင်ပေါက်ဝအနီးတွင် တစ်ပိုင်တစ်နိုင်ပစ္စည်းများ အခမဲ့သယ်ဆောင်နိုင်ရန် မြန်မာ့မီးရထားအင်ဂျင်နီယာဌာနမှ တွန်းလှည်းလေးများကို တပ်ဆင်၍ ထားရှိပေးထားသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ တွန်းလှည်း ၃၅ စီးမှအစီး ၅၀ အထိ ထားရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ ထိုဝင်ပေါက်နှစ်ခုတွင် လက်မှတ်စစ်များနှင့် မီးရထားရဲတပ်ဖွဲ့တို့စောင့်ကြပ်လျက်ရှိပြီး ခရီးသွားတို့၏ လိုအပ်ချက်နှင့် လုံခြုံရေးကိုဆောင်ရွက်ပေးလျက်ရှိသည်။ ဘူတာကြီးအတွင်း ခရီးသည်နားနေဆောင်ခုံတန်းများတွင် ခရီးသည်များ နားခိုလျက်ရှိပြီး မိုဘိုင်းဖုန်းအသုံးပြုမှုများလာသော ပြည်သူတို့အတွက် အားသွင်းနိုင်ရန် ပလပ်ပေါက်များကို စားပွဲခုံဖြင့် တင်၍ ရန်ကုန်ဘူတာကြီးမှ ဝန်ဆောင်မှုပေးထားသည်မှာ ခရီးသွားတို့အတွက် များစွာအဆင်ပြေသောကြောင့် ဘူတာကြီးအနီးရှိလက်ဖက်ရည်ဆိုင်တို့တွင် အခကြေးငွေပေး၍ အားသွင်းစရာ မလိုတော့ပေ။ ခရီးသွားတို့အတွက် ဝန်ဆောင်မှုကောင်းတစ်ခုပင် ဖြစ်သည်။ အဝေးပြေးကားဝင်းများတွင်လည်း ထိုသို့ ဝန်ဆောင်မှုပေးနိုင်လျှင် ခရီးသွားများအတွက် အဆင်ပြေစေမည် ဖြစ်သည်။

ပြည်တွင်းခရီးသွားများ သာမက ပြည်ပခရီးသွားများ နားနေခန်းကိုလည်း ရန်ကုန်ဘူတာကြီးတွင် ထားရှိပေးထားပြီး ရထားစောင့်ဆိုင်းနေချိန်တွင် ဖတ်ရှုရန်စာအုပ်များနှင့် သန့်စင်ခန်းထားရှိသည်ကို တွေ့ရသည်။ ရုပ်သံကြည့်ရှုခြင်း၊ စာပေဖတ်ခြင်းဖြင့် ရထားချိန်ကို စောင့်ဆိုင်းစဉ် ဝန်ဆောင်မှုပေးထားပြီး ကော်ဖီ၊ အအေးဘားတစ်ခု ထားရှိပေးနိုင်ပါက နိုင်ငံခြားသားခရီးသွားတို့အတွက် ပို၍အဆင်ပြေစေလျက် ဘူတာကြီးအတွက် ဝင်ငွေတစ်ခု ရရှိစေမည်ဖြစ်သည်။ မြန်မာပြည်၏ ဘူတာကြီးနှစ်ခုဖြစ်သော ရန်ကုန်ဘူတာကြီးနှင့် မန္တလေးဘူတာကြီးတွင် အများပြည်သူအတွက် သန့်စင်ခန်းကို အခမဲ့ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်သင့်ပြီဖြစ်သည်။ သန့်ရှင်းသပ်ရပ်သော သောက်ရေစင်နှင့် အခမဲ့သန့်စင်ခန်းဝန်ဆောင်မှုတို့သည် ထိုဘူတာကြီးကို ပြည်သူတို့ ပို၍အလေးထား တန်ဖိုးထားစေမည်မှာ အမှန်ပင်ဖြစ်သည်။

**ဘူတာအင်္ဂါရပ်နှင့်အညီ ပြုပြင်နိုင်ရေး**

ယနေ့ ရန်ကုန်ဘူတာကြီး သန့်ရှင်းသာယာလှပခံ့ညားလာစေရန်အဘက်ဘက်မှ တာဝန်ရှိသူများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အခက်အခဲတစ်ခုအဖြစ် ရင်ဆိုင်နေရသောအရာမှာ ဘူတာအတွင်းမှ နေထိုင်သူများ၊ ဘူတာစကြံဈေးသည်များနှင့် အဝေးပြေးရထား၊ မြို့ပတ်ရထားများပေါ်မှ ဈေးသည်များပင်ဖြစ်သည်။ ခေတ်အဆက်ဆက် ထိုပြဿနာရှင်းလင်းစွာဖြေရှင်းနိုင်မှု မရှိသောကြောင့် ပြည်သူ့အစိုးရလက်ထက်တွင် မြို့ပြအင်္ဂါရပ်၊ ဘူတာအင်္ဂါရပ်နှင့်အညီ ပြုပြင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။ ရန်ကုန်ဘူတာကြီးအတွင်း သာမက မြို့ပတ်ဘူတာများပေါ်တွင်လည်း ဈေးသည်များနှင့် သံလမ်းဘေးကျူးကျော်နေထိုင်သူများကို ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်နေရလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြသာယာလှပမှုကို အကျဉ်းတန်စေသောအရာမှာ ဘူတာကြီးအဝင်၊ အထွက်နှင့် သံလမ်းဘေးတစ်လျှောက်ကျူးကျော်နေထိုင်ခြင်းတို့သည် ထိုနိုင်ငံ၏ လူမှုစီးပွားဖြစ်စဉ်များကို ပြသနေခြင်းဖြစ်ပြီး နိုင်ငံ၏ပုံရိပ် ထိခိုက်စေသည်ကို အဆိုပါကျူးကျော်နေထိုင်သူများ၊ ဈေးသည်များ သိရှိရန်လိုအပ်သည်။ နိုင်ငံခြားသားခရီးသွားများနှင့် အခြားနိုင်ငံမှ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍဖြင့် ရောက်ရှိလာသော ပြည်ပဧည့်သည်များ မန္တလေးကျုံးအလှ၊ နန်းတွင်းအလှ၊ မဟာမြတ်မုနိ၊ ရွှေတိဂုံ၊ ရန်ကုန်မြို့ပြအလှတို့ကို ဂုဏ်ယူစွာပြသနိုင်ခြင်းထက် ရထားလမ်းတစ်လျှောက်၌ ကျူးကျော်နေထိုင်၍ လွတ်လပ်ရေး မရမီက ဘူတာများကဲ့သို့ ဈေးဆိုင်များ ထားရှိခြင်းသည် ယနေ့ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ တင့်တယ်မှုမရှိသည်မှာ အမှန်ပင်ဖြစ်သည်။

“ရထားက ပြည်သူပိုင်ရထားဆိုတာပြည်သူတွေ မသိကြဘူး။ ဆိုဖာတွေကို ဓားနဲ့ ခွဲသွားတာ၊ မီးသီးတွေ ခွဲတာ၊ ဖြုတ်သွားတာဟာ ရည်ရွယ်ချက်နဲ့လုပ်ဆောင်တာရှိသလို ရည်ရွယ်ချက်မဲ့လုပ်ဆောင်သွားတာလည်း ရှိတယ်။ ဒီပစ္စည်းတွေဟာ ဘယ်သူ့ငွေနဲ့ ဝယ်တယ်ဆိုတာ မသိကြဘူး၊ တန်ကြေးကို မသိတာလည်း ရှိတယ်။ မြို့ပတ်လမ်းဘူတာတွေမှာ အမှိုက်ပုံးချပေးထားလည်း အပြင်မှ ပစ်တဲ့သူတွေရှိတယ်။ အသိပညာပေးတွေ ဆက်လက်လုပ်ဆောင်ရဦးမှာပါ။ မြို့ပတ်ရထားတွေထဲမှာ အသန့်ရှင်းဆုံးဘူတာဟာ ကြည့်မြင်တိုင်ဘူတာနဲ့ အင်းစိန်ဘူတာပဲ။ စီးနင်းတဲ့သူတွေလည်း သန့်ရှင်းမှုကို မြတ်နိုးပြီး ဂုဏ်ယူမှုလည်း ရှိတယ်။ အခြားဘူတာတွေလည်း လုပ်ဆောင်နေပါတယ်။ သဃ်န်းကျွန်းဘူတာဆို ဘယ်လောက်လုပ်လုပ် အဆင်မပြေဘူး။ သံလမ်းဟာ အမှိုက်ပစ်တဲ့နေရာလို့ ယူဆထားဆဲပဲ။ အဲ့ဒီနေရာက အမှိုက်ကားဝင်လို့ မရတဲ့အတွက် ဘူတာက တစ်ပတ်တစ်ခါ အမှိုက်သယ်ပေးနေရတယ်။ စိတ်ပိုင်းဆိုင်ရာတွေ ပြုပြင်လာဖို့လိုမယ်။ အသိရှိအောင်သတိပေးဖို့လည်းလိုမယ်။

**ရန်ကုန်ဘူတာကြီး သန့်ရှင်းသာယာရေး**

လူနေအိမ်ခြေနဲ့ ဘူတာဟာ ယာဒ့်ဝင်း ပေ ၁၅၀ အကွာမှာ ရှိနေရမယ်။ ဘူတာနဲ့ လွတ်တဲ့ သံလမ်းဘေးဆိုရင် တစ်ဖက်ကို ပေ ၅၀ အကွာမှာ ရှိနေရမယ်။ အခု ရထားလမ်းလောက်ပဲ ကျန်တော့တယ်။ ရထားသံလမ်းမှာ ကျူးနေတာကို လုံးဝလက်မခံပါဘူး။ အရင်အမြစ်တွယ် နေတဲ့ဟာကိုတော့ လုပ်ကိုင်ရတာ ခဲယဉ်းသွားပြီ။ နိုင်ငံတော်အဆင့်ပါလာမှ လုပ်ကိုင်လို့ရမှာပါ။ မြို့တစ်ပတ်လုံးကို စောင့်ကြည့်နေရတယ်။ ဈေးသည်တွေကို မီးရထားရဲ့ လုပ်ပိုင်ခွင့်အတိုင်း လုပ်ဆောင်တာတောင် ပြဿနာတွေအများကြီး ဖြေရှင်းနေရတယ်။ ဟိုးယခင်က နည်းဥပဒေတွေနဲ့ လုပ်ဆောင် လို့ မရတော့ဘူး။ ဈေးသည်ကို ဒဏ်ရိုက်ရင် မကြောက်တော့ဘူး၊ ဒီနေ့ဖမ်း မနက်ဖြန်ပြန်ရောက်လာတာပဲ။ ဒီလိုမရောင်းနိုင် အောင် နည်းဥပဒေတွေ လိုလာပြီ။ ဒါကြောင့် ဘူတာကြီး သန့်ရှင်းသာယာလှပအောင် ပထမ ရုပ်ပိုင်းဆိုင်ရာတွေ ဖွံ့ဖြိုးဖို့လိုမယ်။ ဘူတာတွေ သပ်ရပ်လှပပြီး ပလက်ဖောင်းတွေ ကောင်းဖို့လိုတယ်။ ရထားတွဲဆိုင်းတွေ၊ လမ်းပိုင်းတွေ အဆင့်မြှင့်ဖို့လို မယ်။ အကောင်အထည်ဖော်နေပြီဖြစ်တဲ့အတွက် လာမယ့် ငါးနှစ်မှာ တွေ့မြင်လာရမှာပါ။ တစ်ခုက ဘူတာဈေးသည်တွေ ကိစ္စပဲ။ ခရီးသွားပြည်သူတွေအတွက်လည်း အဆင်မပြေသလို ဘူတာသန့်ရှင်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုလည်း ထိခိုက်တယ်။ ဘူတာဈေးသည်တွေကို ဖမ်းဆီးရင်မကြိုက်တဲ့သူတွေ ရှိသလို ဈေးသည်တွေကို ရှင်းလင်းဆောင်ရွက်မှုမရှိလို့ မြန်မာ့မီးရထားကို အပြစ်တင်တဲ့သူတွေလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် တာဝန်အရ လုပ်ဆောင်တာနဲ့ ဝမ်းရေးအရ ရောင်းချတာဟာ အားပြိုင်နေမှာပဲ။ ရန်ကုန်ဘူတာကြီး သန့်ရှင်းသာယာလှပတာဟာ ရန်ကုန်မြို့ကြီး ခေတ်မီဖွံ့ဖြိုးလှပမှုကို ပံ့ပိုးအထောက် အကူဖြစ်စေတယ်ဆိုတာ သိရှိစေပြီး ဝိုင်းဝန်းလက်တွဲလုပ်ဆောင် ဖို့လိုပါတယ်” ဟု ရန်ကုန်ဘူတာကြီး လက်ထောက်တိုင်း မန်နေဂျာဖြစ်သူ ဦးအောင်နိုင်မြင့် က ပြောသည်။

နံနက် ၅ နာရီမှစ၍ ရန်ကုန်ဘူတာကြီးသို့ မန္တလေးရထားနှင့် မော်လမြိုင်ရထား၊ နံနက် ၁၀ နာရီတွင် ပုဂံရထား၊ ရွှေညောင်ရထားနှင့် စာပို့ရထားများမွန်းလွဲ ၁ နာရီ၊ ၂ နာရီ၊ ညနေ ၄ နာရီ၊ ၅ နာရီတွင် မော်လမြိုင်ရထား၊ ည ၉ နာရီတွင် မန္တလေးရထားများဖြင့် တစ်နေ့ကုန်နီးပါး ဝင်ရောက်လျက်ရှိပြီး ရန်ကုန်ဘူတာကြီးမှ နံနက် ၄ နာရီတွင် မန္တလေးသို့ စာပို့ရထား၊ ၆ နာရီ၊ ၇ နာရီ၊ ၈ နာရီ၊ ၁၁ နာရီ၊ မွန်းလွဲ ၃ နာရီ၊ ညနေ ၄ နာရီ၊ ၅ နာရီ၊ ၆ နာရီ ၁၅ မိနစ်၊ ၈ နာရီနှင့် ည ၉ နာရီ နောက်ဆုံးခရီးစဉ်အဖြစ် ခရီးသွားပြည်သူတို့အတွက် ဝန်ဆောင်မှု ပေးလျက်ရှိနေသည်။ ရန်ကုန်ဘူတာကြီးမှ တစ်နေ့လျှင်ရထား ၁၄ စင်း ထွက်ခွာပေးလျက်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်မြို့၏ ကျက်သရေဆောင် ရန်ကုန်ဘူတာကြီးဝင်းအတွင်း ဈေးသည်များ၊ အဝေးပြေးရထားနှင့် မြို့ပတ်ရထားပေါ်မှ ဈေးသည်များ၊ ဘူတာစင်္ကြံနှင့် ဘူတာရေိယာအတွင်း ညအိပ်နေထိုင်သူများ ကင်းရှင်းစေလျက် မြို့ပြအလှနှင့် လိုက်ဖက်ညီစေသည့် ရန်ကုန်ဘူတာကြီး သန့်ရှင်းသာယာလှပစေရန် ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> ❒ ရန်ကုန်ဘူတာကြီးအတွင်း သာမက မြို့ပတ်ဘူတာများပေါ်တွင်လည်း ဈေးသည်များနှင့် သံလမ်းဘေး ကျူးကျော်နေထိုင်သူများကို ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်နေရလျက်ရှိ
>
> ❒ ဘူတာတွေ သပ်ရပ်လှပပြီး ပလက်ဖောင်းတွေ ကောင်းဖို့လိုတယ်၊ ရထားတွဲဆိုင်းတွေ၊ လမ်းပိုင်းတွေ အဆင့်မြှင့်ဖို့လိုမယ်၊ အကောင်အထည်ဖော်နေပြီဖြစ်တဲ့အတွက် လာမယ့် ငါးနှစ်မှာ တွေ့မြင်လာရမှာပါ

# မူဝါဒကြောင့် စလစ်ဈေးများ ပြန်တက်၊ ကားဈေးလည်း တက်ရိပ်ပြလာသည့် ရန်ကုန်ကားဈေးကွက်

**မင်းသော်**




ရန်ကုန်လိုင်စင်ချထားပေးရန်ကိစ္စရပ်များ ဆက်လက်ကြန့်ကြာနိုင်သေးသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းက ယခု သီတင်းပတ်အတွင်း ကားဈေးကွက်ကို လှုပ်ခတ်လိုက်ခြင်းပင်ဖြစ်ကြောင်း ကားလောကသားများထံမှ သိရှိရသည်။

အောက်တိုဘာလဆန်းတွင် ရန်ကုန်လိုင်စင်များကို YVQC စနစ်ဖြင့် ချထားပေးမည်ဟု ဇူလိုင်လကုန်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ သို့သော် ယခုအချိန်တွင် ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်နေရဆဲဟု သိရှိရသည့်အတွက် ကားဈေးကွက်က ယခုကဲ့သို့ အနည်းငယ် ဂယက်ရိုက်နေခြင်းဖြစ်သည်။ ရန်ကုန်လိုင်စင်ဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်ကို ပိတ်ထားခဲ့သည်မှာ နှစ်နှစ်ကျော်ခန့် ကြာနေပြီဖြစ်သည်။ ထို့ကြောင့် ရန်ကုန်လိုင်စင်ကို ရယူလိုကြသူများသည် မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနေကြချိန်တွင် ရန်ကုန်လိုင်စင်ချထားပေးရန် ကြာမြင့်ဦးမည်ဟု သိရှိရသည့်အတွက် စလစ်ဈေးများလည်း ပြန်လည်မြင့်တက်လာခဲ့သည်။

"သေချာတာကတော့ ဒီနှစ်လ၊ သုံးလအတွင်း ဘယ်လိုနည်းနဲ့မှ ရန်ကုန်လိုင်စင်ချထားပေးမယ် မထင်တော့ဘူး။ ဒါကြောင့် ကားဈေးကွက်က လှုပ်ခတ်လာတယ်။ စလစ်ဈေးကလည်း ငြိမ်နေတာ အတော်လေးကြာပြီ အခုတော့ ပြန်တက်လာခဲ့ပြီ။ ငွေကြေးဈေးနှုန်းတွေကလည်း မြင့်နေတော့ ကားဈေးက အလိုလိုတက်နေတယ်လို့ ပြောရမယ်။ အများစုကတော့ ငွေဈေးမြင့်နေတုန်းမို့ ဝယ်ဖို့ စိတ်ကူးမရှိကြဘူး။ ခေါ်ဈေးသာရှိပြီး အရောင်းအဝယ်ကတော့ အားရကျေနပ်စရာ နည်းနည်းမှမရှိပါဘူး"ဟု ကားဝယ်ရောင်းကိုကျော်ဇေယျာဝင်းက ပြောကြားသည်။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Probox | 2012 | ရန်ကုန် | 1300cc | ရှိုးရွမ်း | ၂၂၀ |
| Surf | 2004 | မန္တလေး | 2700cc | အပြင်ဈေး | ၄၆၀ |
| Wish | 2010 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၅၅ |
| RAV | 2011 | စတိ | 1800cc | အပြင်ဈေး | ၄၀၀ |
| Belta | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Insight | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၇၀ |
| MarkX | 2004 | ရန်ကုန် | 2500cc | အပြင်ဈေး | ၂၅၀ |
| Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၀ |
| HI Ace | 2009 | နယ် | 2700cc | အပြင်ဈေး | ၃၅၀ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ရန်ကုန်လိုင်စင်မျှော်ကြသည့် လူတန်းစားများ အရောင်းအဝယ်အားနည်းသော်လည်း တက်ဈေး၊ ကျဈေးထက် လိုချင်သည့်ကားကိုသာ စိတ်ဝင်စားတတ်သည့် နယ်ဝယ်လက်အချို့မှာ ဈေးကွက်အတွင်း ရောက်ရှိလာနေပြီး ပွင့်လင်းရာသီအစတွင် နယ်ကားများ အရောင်းအဝယ်စတင်နေပြီဖြစ်သည်။ လာမည့်နှစ်လအတွင်း နယ်လိုင်စင်ကားဈေးကွက် ပိုမိုအရောင်းအဝယ်ဖြစ်လာလိမ့်မည်ဟု ကားဝယ်ရောင်းများက ခန့်မှန်းကြပြီး နယ်ဝယ်လက်အများစုသည်လည်း ယာဉ်ဝယ်ယူသည့်အခါ ယာဉ်စစ်ဆေးခံရသည့် အခက်အခဲကို အချိန်ပေးဖြတ်ကျော်နေကြရသည်ကိုလည်း မြင်တွေ့ရသည်။

"နယ်လိုင်စင်ဈေးကွက်မှာ မိုးတွင်းဆိုရင် ဒေသတွင်းဈေးကွက်အတွင်းမှာပဲ အရောင်းအဝယ်များတယ်။ မိုးကုန်ပြီဆိုတာနဲ့ နယ်လိုင်စင်တွေက အရောင်းအဝယ်ကို ရန်ကုန်မှာလာပြီး အကောင်အထည်ဖော်နေကြတာ ထုံးစံပါပဲ။ အများစုကတော့ အကြမ်းခံတဲ့ အင်ဂျင်ပါဝါ ၁၅၀၀ ကနေ ၂၀၀၀ အကြား ကားတွေ အများဆုံးအရောင်းအဝယ်ဖြစ်တယ်။ ရန်ကုန်ဝယ်ရောင်းအချို့လည်း အရောင်းအဝယ် တက်ရိပ်မြင်တာကြောင့် နယ်လိုင်စင်မော်တော်ကားတွေကို ဝယ်စုနေတာလည်း မြင်တွေ့ရတယ်"ဟု မော်တော်ကားဝယ်ရောင်း ကိုသစ္စာ(ထိပ်တန်း)က ပြောသည်။

ယခုအခါ စလစ်ဈေးသည် ပြီးခဲ့သည့် သီတင်းပတ်ထက် ငွေကျပ် ငါးသိန်းမှ ခုနစ်သိန်းအထိ မြင့်တက်လာခဲ့ပြီး လက်ရှိတွင် သက်တမ်း နှစ် ၂၀ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု စလစ်တစ်စောင်၏ ဈေးနှုန်းသည် ငွေကျပ် ၁၃၂ သိန်းခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

"မေးသူ၊ စုံစမ်းသူတောင်မရှိသလောက် ဖြစ်နေတယ်။ အဓိကကတော့ ရန်ကုန်လိုင်စင်မရတာကြောင့်လည်း ပါတယ်။အရောင်းမြှင့်တင်မှုတွေကိုလည်း ဆက်တိုက်ပြုလုပ်နေတာပါပဲ။ တစ်ဖက်မှာလည်း ငွေကြေးဈေးက မြင့်နေတော့ ဈေးကို ပေါက်ဈေးအတိုင်း တွက်ချက်ရောင်းရတာဖြစ်လို့ အများကြီး ဈေးလျှော့လို့မရဘူး။ ဝယ်သူကလည်း ကားဆိုရင် ကားရဲ့ဈေးကိုပဲ ပြောနေကြတယ်။ စီးပွားရေးမှာက ငွေကြေးနဲ့ ရွှေက အဓိကဆိုတော့ သူတို့တွေ ဈေးတက်နေတော့ ကားဈေးကလည်း အလိုလိုမြင့်နေရတာ ဖြစ်ပါတယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။

လက်ရှိရန်ကုန်ကားဈေးကွက်အတွင်း အရောင်းရအများဆုံးမှာ အင်ဂျင်ပါဝါနိမ့်ကားငယ်များနှင့် အင်ဂျင်ပါဝါ ၁၈၀၀ ဝန်းကျင်ကားများဖြစ်ပြီး နယ်လိုင်စင်မှာ ရန်ကုန်လိုင်စင်ကားများထက် အရောင်းအဝယ်ပိုမိုဖြစ်နေကြောင်း ကားလောကအတွင်းမှ သိရှိရသည်။

# ရန်ကုန်နှင့် ရုပ်ရှင်

**ထင်ပေါ်ဝင်း**



မိုးရာသီ ရုံးပိတ်၊ အလုပ်ပိတ်အားလပ်ရက်များတွင် ရန်ကုန်လူထုအတွက် အပန်းဖြေ အနားယူစရာနေရာက ရှားပါးလှသည်။ တစ်ပတ်တာကာလလုံး မိုးထဲရေထဲသွားလာရင်း ဘဝကို ရုန်းကန်နေရသူများအတွက် ရုံးပိတ်ရက်တွင် အပန်းဖြေ အနားယူချင်ကြသည်။ မိသားစု လည်ချင်ပတ်ချင်ကြသည်။ အင်းလျားကန်၊ ကန်တော်ကြီး၊ ကမ်းနားလမ်းညဈေး၊ လှည်းတန်းလမ်းဆုံ အစရှိသော နေရာများကို သွားရောက်ရန် စဉ်းစားမိလိုက်တိုင်း မိုးရွာလေမလားဟူသောအတွေးက အပန်းဖြေ အနားယူချင်သူတို့၏ စိတ်ကူးကို လွင့်ပြယ်စေသည်။ ထို့ကြောင့်ပင် အိမ်မကပ်လိုသူတို့က မိုးလုံလေလုံ ရုပ်ရှင်ရုံများဆီသို့။

ရန်ကုန်လူထုသည် ရုပ်ရှင်ကို ကြိုက်နှစ်သက်လှသည်။ ဇာတ်ကားအသစ်တင်လျှင် တင်သည့်နေ့ကြည့်လိုက်ရမှ စိတ်ချမ်းမြေ့သည်။ ဇာတ်လမ်းဇာတ်ကွက်ထက် သရုပ်ဆောင်မင်းသား၊ မင်းသမီးကို ဦးစားပေး ရွေးချယ်ကြည့်ကြလေ့ရှိသည်။ လက်မှတ်အရောင်းကောင်တာများတွင် နိုင်ငံခြားဇာတ်ကားအတွက် ရောင်းချသည့်လက်မှတ်ထက် မြန်မာဇာတ်ကားလက်မှတ်များက အရင်ကုန်လေ့ရှိသည်။ ပြောင်းလဲလာသော ရုပ်ရှင်ရုံပုံစံများက ရုပ်ရှင်ကြည့်ပရိသတ်ကို သက်သောင့်သက်သာရှိစေသည်။ အရုပ်ပိုင်းစနစ် အသံပိုင်းစနစ် အအေးပိုင်းစနစ်နှင့် သန့်ရှင်းမှုပိုင်းကအစ ယခင်ကထက် ပိုမိုကောင်းမွန်လာမှုက ပုဂ္ဂလိကလုပ်ငန်းများ၏ အားသာမှုအစိတ်အပိုင်းများအဖြစ် တွေ့မြင်လာရသည်။

မြို့တော်ရန်ကုန်ရှိ ရုပ်ရှင်ရုံအရေအတွက်က လက်ချိုးရေ၍ရသည့်အနေအထားပင် ရှိနေသေးသည်။ လာရောက်ကြည့်ရှုသည့် ပရိသတ်အတွက် ခုံအလုံအလောက် ရောင်းချနိုင်မှုက မရှိသေးချေ။ ရန်ကုန်မြို့လယ်ကောင်ရှိ ရုပ်ရှင်ရုံကြီး တစ်ရုံ နှစ်ရုံမှလွဲလျှင် ကျန်ရုံများသည် ကုန်တိုက်ကြီးများ၊ ရှော့ပင်းမော များတွင် ထည့်သွင်းတည်ဆောက်ထားသည့် ရုံများသာဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းတွင် ၂၀၁၆ ခုနှစ် မတ်လအထိ ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံ ရှစ်ရုံအထိရှိ၍ အစိုးရသစ်လက်ထက်ကာလဖြစ်သော ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ၂၉ ရုံအထိ ရှိလာခဲ့ရာ ရုပ်ရှင်ရုံ ၂၁ ရုံ တိုးတက်လာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတော်ပိုင်ရုပ်ရှင်ရုံ ၁၄ ရုံရှိပြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ နှစ်ရှည်ငှားရမ်းထားသော ရုပ်ရှင်ရုံ ၁၃ ရုံအနက် ၁၀ ရုံကို ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲပြီးစီး၍ ၅ နှစ်စာချုပ် ချုပ်ဆိုပြသလျက်ရှိသည်။ ကျန်ရုပ်ရှင်ရုံ သုံးရုံတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ မင်းရန်အောင်ရုပ်ရှင်ရုံသည် ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲနိုင်ရန် မူလနှစ်ရှည်ငှားရမ်းထားသူထံမှ ဌာနသို့ ပြန်လည်အပ်နှံစေရေး ဆောင်ရွက်လျက်ရှိသည်။ ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာရုပ်ရှင်ရုံမှာ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲပြီးစီး၍ ၅ နှစ် တစ်ဆက်တစ်စပ်တည်း စာချုပ် ချုပ်ဆိုရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျန်ရှိသည့် သန်လျင်မြို့ရှိ မြဟံသာရုပ်ရှင်ရုံသည် ငှားရမ်းစာချုပ်ပါ စည်းကမ်းဖောက်ဖျက်မှုဖြင့် နှစ်ရှည်ငှားရမ်းခြင်းမှ ရုပ်စဲပြီး ဌာနသို့ ပြန်လည်အပ်နှံစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ကျောက်တံတားမြို့နယ်ရှိ ဝဇီရာ (၁) ရုပ်ရှင်ရုံကို အနုပညာအမွေအနှစ်ပြတိုက်အဖြစ် ပြုပြင်ပြောင်းလဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။


ဓာတ်ပုံ- အာကာစိုး

ယင်းသို့ ဖော်ပြထားချက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံအရေအတွက်က နည်းနေသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် ရုပ်ရှင်ရုံပိုင်ရှင်တို့က မိမိတို့စိတ်ကြိုက် ဝင်ငွေကောင်းမည့်ဇာတ်ကားများကိုသာ ရုံတွင် တင်လိုကြသည်။ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူတို့က မိမိတို့ဇာတ်ကား ရုံတင်ပြသနိုင်ရေးအတွက် ရတတ်မအေးဖြစ်နေရပြီး ရိုက်ကူးပြီးစီးထားသော ဇာတ်ကားများတွင် သိန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားသည့်အတွက် အရင်းအနှီးငွေ ပြန်ရလိုကြသည်။ ရုံတင်ပြသရန် စောင့်ဆိုင်းနေသော ဇာတ်ကားများစွာရှိသည်ဟုလည်း သိရသည်။

ရန်ကုန်သူ ရန်ကုန်သားတို့မှာ အသစ်အသစ်ဖန်တီးလာမည့် အနုပညာလက်ရာမြောက်စွာ တင်ဆက်ထားသည့် ဇာတ်လမ်းများကို မျှော်လင့်နေကြသည်။ ဇာတ်လမ်းကောင်းမှု၊ သရုပ်ဆောင် အင်အားကောင်းမှု၊ ရိုက်ချက်စိတ်ကူးဆန်းသစ်သော ဇာတ်ကားများ ရုံတင်နိုင်ပါက ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည့် ဇာတ်ကားများရှိသော်လည်း တချို့သော ဇာတ်ကားများမှာ ရိုက်ကူးပြီး တစ်နှစ် နှစ်နှစ်ကြာမှ ရုံတင်ပြသခွင့်ရခြင်းကြောင့် ပြောင်းလဲမှုမြန်ဆန်သော ယနေ့ကာလတွင် လက်ရှိအခြေအနေကို မထင်ဟပ်နိုင်သည့် ဇာတ်လမ်း ဇာတ်ကွက်တချို့မှာ ကြည့်ရှုသူကို စိတ်ကျေနပ်မှု မရခြင်းမျိုး ဖြစ်ရသည်။ ရန်ကုန်သူ ရန်ကုန်သားတို့အနေဖြင့် အလုပ်တွင် စိတ်ပင်ပန်းထားသမျှကို ရုပ်ရှင်တွင် စိတ်နှစ်ကာ အပန်း ဖြေလိုကြသည်။ ထို့ကြောင့် ခေတ်ရေစီးကို ထင်ဟပ်ပြသနိုင်သော ဇာတ်ကားများ ကြည့်ရှုလိုသော်လည်း ရုပ်ရှင်ရုံ များများရှိပါမှ ရိုက်ကူးပြီး ဇာတ်ကားများ အချိန်နှင့်တစ်ပြေးညီ ရုံတင်ပြသနိုင်မည်ဖြစ်ရာ လိုအပ်နေသည်မှာ ရုပ်ရှင်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် ရုပ်ရှင်ရုံပိုင်ရှင်များ ပေါ်ထွက်လာရေးပင် ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းလည်း တိုးတက်၊ ရုပ်ရှင်လောကသားများလည်း အဆင်ပြေ၊ ရုပ်ရှင်ချစ်သူများလည်း အားပါးတရ ကြည့်ရှုနိုင်မည့် ဇာတ်ကားကောင်းများ ရိုက်ကူးနိုင်ရေး ရုပ်ရှင်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့်သူများ ပေါ်ထွက်လာပါစေကြောင်း။ ။